# ရှေးဦးသင်အဘိဓမ္မာ

စတုတ္ထတွဲ

ရေးသူ

ဦးအောင်သိမ်း
အငြိမ်းစား လက်ထောက်ကထိက
ဗုဒ္ဓကျမ်းစာ၊ ရန်ကုန်တက္ကသိုလ်

(တတိယအကြိမ်)

အောင်သိပ္ပံစာအုပ်တိုက်

# ရှေးဦးသင် အဘိဓမ္မာ

## စတုတ္ထတွဲ

ရေးသူ

**ဦးအောင်သိမ်း**

အငြိမ်းစား လက်ထောက်ကထိက

ဗုဒ္ဓကျမ်းစာ၊ ရန်ကုန်တက္ကသိုလ်

ဖြန့်ချီရေး

ပညာအလင်းပြ

ပညာအလင်းပြ စာပေတိုက်

၁၃၀၊ ဗိုလ်ချုပ်လမ်း၊ (၄၈) လမ်းထိပ်

ပုဇွန်တောင်စာတိုက်၊ ရန်ကုန်၊

ဖုန်း - ၇၃၄၁၄

တိုက်

ရန်ကုန်

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ခွင့်ပြုချက်အမှတ် (၈၆၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃၅၃)

၁၉၈၆-ခု၊ အောက်တိုဘာလ
အကြိမ် — တတိယအကြိမ်
တန်ဖိုး — ၁၀ ကျပ်
အုပ်ရေ — ၁၀၀၀
အဖုံးရိုက် — ကာလာကြည်သိန်း
စာအုပ်ချုပ် — ကိုတင်အေး (၃၁) လမ်း

**ထုတ်ဝေသူ**

ဦးအောင်ဇေယျ (မြ ၀၆၀၁)
သပြေဦးစာပေ
၁၄၄၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါ်မတုပ်ကေ (မြ ၀၃၆၅၆)
မြရည်စန္ဒာပုံနှိပ်တိုက်
၃၂၊ ၁၀၁ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

ပညာအလင်းပြစာပေတိုက်
၁၃၀၊ မိုလ်ချုပ်လမ်း (၄၈)လမ်းထိပ်၊
ပုဇွန်တောင်စာတိုက်၊ ရန်ကုန်မြို့။

# မာတိကာ

ရေ | အကြောင်းအရာ | စာမျက်နှာ

## သမုစ္စည်းပိုင်း

### ၁။ အကုသလသင်္ဂဟ


၁။ အာသဝ ၄ ပါး .... .... .... ၃
၂။ ဩဃ ၄ ပါး .... .... .... ၄
၃။ ယောဂ ၄ ပါး .... .... .... ၅
၄။ ဂန္ထ ၄ ပါး .... .... .... ၆
၅။ ဥပါဒါန် ၄ ပါး .... .... .... ၉
၆။ နီဝရဏ ၆ ပါး .... .... .... ၁၂
၇။ အနုသယ ၇ ပါး ... .... .... ၁၃
၈။ သံယောဇဉ် ၁၀ ပါး .... .... .... ၁၅
၉။ ကိလေသာ ၁၀ ပါး .... .... .... ၁၈
၁၀။ လင်္ကာအချုပ် .... .... ... ၂၁


### ၂။ မိဿကသင်္ဂဟ


၁၁။ ဟိတ် ၆ ပါး .... .... .... ၂၅
၁၂။ ဈာနင်၇ပါး .... .... ... ၂၆
၁၃။ မဂ္ဂင် ၁၂ ပါး .... .... .... ၂၇
၁၄၊ ဣန္ဒြေ ၂၂ ပါး ... .... .... ၂၈
၁၅။ ဗိုလ် ၉ ပါး .... .... .... ၃၁
၁၆။ အဓိပတိ ၄ ပါး .... .... .... ၃၃
၁၇။ အာဟာရ ၄ ပါး .... .... .... ၃၄
၁၈။ လင်္ကာအချုပ် .... .... .... ၃၆

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|---|
| | **၃။ ဗောဓိပက္ခိယသင်္ဂဟ** | | | | |
| ၁၉။ | သတိပဋ္ဌာန် ၄ ပါး | .... | .... | .... | ၄၀ |
| ၂၀။ | သမ္မပ္ပဓာန် ၄ ပါး | ... | .... | .... | ၄၂ |
| ၂၁။ | ဣဒ္ဓိပါဒ် ၄ ပါ | .... | .... | .... | ၄၃ |
| ၂၂။ | ဣန္ဒြေ ၅ ပါး | .... | .... | .... | ၄၄ |
| ၂၃။ | ဗိုလ် ၅ ပါး | .... | .... | .... | ၄၅ |
| ၂၄။ | ဗောဇ္ဈင် ၇ ပါး | .... | .... | .... | ၄၆ |
| ၂၅။ | မဂ္ဂင် ၈ ပါး | .... | .... | .... | ၄၈ |
| | **၄။ သဗ္ဗသင်္ဂဟ** | | | | |
| ၂၆။ | ခန္ဓာ ၅ ပါး | | .... | .... | ၅၀ |
| ၂၇။ | အာယတန ၁၂ ပါး | .... | .... | .... | ၅၃ |
| ၂၈။ | ဓာတ် ၁၈ ပါး | .... | . .. | .... | ၅၅ |
| ၂၉။ | အရိယသစ္စာ ၄ ပါး | .... | .... | .... | ၅၆ |


# ပစ္စည်းပိုင်း


| ဦးရေ | အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|---|
| | **၅။ ပဋိစ္စသမုပ္ပါဒ်နည်း** | | | | |
| ၃၀။ | အစွန်း ၃ ပါး | .... | .... | .... | ၆၇ |
| ၃၁။ | အင်္ဂါ ၁၂ ပါး | .... | .... | .... | ၆၇ |
| ၃၂။ | အခြင်းအရာ ၂၀ | .... | .... | .... | ၆၇ |
| ၃၃။ | အစပ် ၃ ပါး | .... | .... | .... | ၆၈ |
| ၃၄။ | အလွှာ ၄ လွှာ | .... | .... | .... | ၆၈ |
| ၃၅။ | ဝဋ် ၃ ပါး | .... | .... | .... | ၆၈ |
| ၃၆။ | ဝဋ်မြစ် ၂ ပါး | .... | .... | .... | ၆၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၆။ ပဋ္ဌာန်းနည်း** | |


| | | |
|---|---|---|
| ၃၇။ | ဟေတုပစ္စည်း .... .... .... | ၇၀ |
| ၃၈။ | အာရမ္မဏပစ္စည်း .... .... .... | ၇၁ |
| ၃၉။ | အဓိပတိပစ္စည်း .... .... .... | ၇၂ |
| ၄၀။ | အနန္တရပစ္စည်း .... .... .... | ၇၄ |
| ၄၁။ | သမနန္တရပစ္စည်း .... .... .... | ၇၅ |
| ၄၂။ | သဟဇာတပစ္စည်း .... .... .... | ၇၅ |
| ၄၃။ | အညမညပစ္စည်း .... .... .... | ၇၆ |
| ၄၄။ | နိဿယပစ္စည်း .... .... .... | ၇၈ |
| ၄၅။ | ဥပနိဿယပစ္စည်း .... .... .... | ၈၀ |
| ၄၆။ | ပုရေဇာတပစ္စ း .... .... .... | ၈၂ |
| ၄၇။ | ပစ္ဆာဇာတပစ္စည်း .... .... .... | ၈၃ |
| ၄၈။ | အာသေဝနပစ္စည်း .... .... .... | ၈၄ |
| ၄၉။ | ကမ္မပစ္စည်း .... .... .... | ၈၅ |
| ၅၀။ | ဝိပါကပစ္စည်း .... .... .... | ၈၆ |
| ၅၁။ | အာဟာရပစ္စည်း .. .... .... | ၈၆ |
| ၅၂။ | ဣန္ဒြိယပစ္စည်း .... .... .... | ၈၇ |
| ၅၃။ | ဈာနပစ္စည်း .... .... .... | ၈၈ |
| ၅၄။ | မဂ္ဂပစ္စည်း .... .... .... | ၈၉ |
| ၅၅။ | သမ္ပယုတ္တပစ္စည်း .... .... .... | ၈၉ |
| ၅၆။ | ဝိပ္ပယုတ္တပစ္စည်း .... .... .... | ၉၀ |
| ၅၇။ | အတ္ထိပစ္စည်း .... .... .... | ၉၁ |
| ၅၈။ | နတ္ထိပစ္စည်း .... .... .... | ၉၁ |
| ၅၉။ | ဝိဂတပစ္စည်း .... .... .... | ၉၂ |
| ၆၀။ | အဝိဂတပစ္စည်း .... .... .... | ၉၂ |

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

### ၇။ ပစ္စယနိဒ္ဒေသ


၆၁။ နာမ်သည် နာမ်အား ၆ ပစ္စည်း .... .... ၉၃
၆၂။ နာမ်သည် နာမ်ရုပ်အား ၅ပစ္စည်း .... .... ၉၄
၆၃။ နာမ်သည် ရုပ်အား ၁ ပစ္စည်း .... .... ၆၅
၆၄။ ရုပ်သည် နာမ်အား ၁ ပစ္စည်း .... .... ၉၆
၆၅။ ပညတ်နာမ်ရုပ်တို့သည် နာမ်အား ၂ ပစ္စည်း .... ၉၆
၆၆။ နာမ်ရုပ် ၂ပါးသည် နာမ်ရုပ် ၂ပါးအား ၉ ပစ္စည်း ၉၈
၆၇။ ၂၄ ပစ္စည်းတို့၏ ပစ္စည်း ၄ မျိုး၌ ဝင်ပုံ .... ၁၀၁
၆၈။ ကာလ ၃ ပါးဖြင့် ဝေဖန်ခြင်း .... .... ၁၀၃
၆၉။ သန္တာန်အားဖြင့် ဝေဖန်ခြင်း .... .... ၁၀၃
၇၀။ ပညတ် (အတ္တ ပညတ် ၆ မျိုး) .... .... ၁၀၄
၇၁။ သဒ္ဒပညတ် ၆ပါး .... .... ၁၀၆


### ကမ္မဋ္ဌာန်းပိုင်း


၇၂။ သမထဘာဝနာ .... .... ၁၁၀
၇၃။ သမထကမ္မဋ္ဌာန်း .... .... ၁၁၁
၇၄။ စရိုက် ၆ ပါး .... .... ၁၁၂
၇၅။ ဘာဝနာ ၃ ပါး .... .... ၁၁၆
၇၆။ နိမိတ် ၃ ပါး .... .... ၁၁၆
၇၇။ ကသိုဏ်း ၁၀ ပါး .... .... ၁၁၇
၇၈။ အသုဘ ၁၀ ပါး .... .... ၁၁၇
၇၉။ အနုဿတိ ၁၀ ပါး .... .... ၁၁၈
၈၀။ အပ္ပမညာ ၄ ပါး .... .... ၁၁၉
၈၁။ ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာ .... .... ၁၂၁
၈၂။ အာဟာရ, စတုဓာတု, အာရုပ္ပ .... .... ၁၂၂
၈၃။ အာရုံ, အာရမ္မဏိက ကမ္မဋ္ဌာန်းခွဲ .... .... ၁၂၄

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၄။ | သပ္ပါယဘေဒ .... .... .... | ၁၂၆ |
| ၈၅။ | ဘာဝနာဘေဒ .... .... .... | ၁၂၇ |
| ၈၆။ | ကမ္မဋ္ဌာန်းဖြင့် ရနိုင်သောဈာန်များ.... .... | ၁၂၈ |
| ၈၇။ | ဂေါစရဘေဒ .... .... .... | ၁၂၈ |
| ၈၈။ | သမထ ကမ္မဋ္ဌာန်း ဈာန်တက်လမ်း .... .... | ၁၃၂ |
| ၈၉။ | အရူပဈာန်ခန်း .... .... .... | ၁၃၇ |
| ၉၀။ | ဈာန်အကျိုးတရားငါးပါး .... .... | ၁၄၀ |
| ၉၁။ | အဘိညာဉ်ခန်း .... .... | ၁၄၁ |
| ၉၂။ | ဝိပဿနာကမ္မဋ္ဌာန်းမဂ်,ဖိုလ်လမ်း.... .... | ၁၄၃ |
| ၉၃။ | သီလဝိသုဒ္ဓိ .... .... .... | ၁၄၄ |
| ၉၄။ | စိတ္တဝိသုဒ္ဓိ .... .... .... | ၁၄၆ |
| ၉၅။ | ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိ .... .... | ၁၄၇ |
| ၉၆။ | မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ .... .... | ၁၄၈ |
| ၉၇။ | ဝိပဿနာညစ်ညူးကြောင်းတရား .... .... | ၁၄၈ |
| ၉၈။ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ .... .... | ၁၅၂ |
| ၉၉။ | ဉာဏဒဿန ဝိသုဒ္ဓိ .... .... .... | ၄၅၇ |
| ၁၀၀။ | ဝိမောက္ခဘေဒ .... .... .... | ၁၅၈ |
| ၁၀၁။ | ပုဂ္ဂလဘေဒ .... .... .... | ၁၆၂ |
| ၁၀၂။ | သမာပတ္တိဘေဒ .... .... .... | ၁၆၄ |
| ၁၀၃။ | နိရောဓသမာပတ်ဝင်စားပုံ .... .... | ၁၆၅ |

# သမုစ္စည်းပိုင်း

**စာကိုယ်** ဒွါသတ္တတိဝိဓာ ဝုတ္တာ၊ ဝတ္ထုဓမ္မာ သလက္ခဏာ။
(၁) တေသံ ဒါနိ ယထာယောဂံ၊ ပဝက္ခာမိ သမုစ္စယံ။ ။

လက္ခဏာ အသီးသီးအားဖြင့် ၇၂ ပါးရှိကုန်သောသဘာဝတို့၏ (ဥပ္ပါဒ)ဖြစ်—အထည်ကိုယ် ရှိကုန်သော နာမ် ရုပ် တရားတို့ကို အောက်၌ပြဆို၍ပြီးခဲ့ပြီ။ ယခုအခါ၌ ထို ၇၂ ပါးသောနာမ်ရုပ်တရားတို့ကို အစုအစုအားဖြင့် စုပေါင်း၍ သင့်သည့်အားလျော်စွာ ပြဆိုပေအံ့။

(ကျမ်းတက် ပဋိညာဉ်စကား)

---

**အဓိပ္ပာယ် (၁)** အောက်စိတ်ပိုင်း, စေတသိက်ပိုင်း, ပကိဏ်းပိုင်း ဝီထိပိုင်း, ဝီထိမုတ်ပိုင်း, ရုပ်ပိုင်း, ဤ ၆ ပိုင်းတို့ဖြင့် ၇၂ ပါးသော တရားများကို ပြဆို၍ပြီးခဲ့ပြီ။

မှန်၏။ စိတ်၊ စေတသိက်၊ ပကိဏ်း၊ ဝီထိ၊ ဝီထိမုတ် ၅ ပိုင်း တို့ဖြင့် နာမ်သဘာဝ ၅၃ ပါးကိုပြ၏။ ရုပ်ပိုင်းဖြင့် ရုပ်သဘာဝ ၁၈ ပါးနှင့် နိဗ္ဗာန်တို့ကို ပြခဲ့ပေသည်။ ထိုကြောင့် ၇၂ ပါးသော သဘာဝဓမ္မတို့ကို အောက်ကပြ၍ပြီးခဲ့ပြီဟု ဆိုသည်။

ထိုသလက္ခဏ သဘာဝဓမ္မ ၇၂ ပါးဟူသည်--

| | | | |
|---|---|---|---|
| စိတ် | .... | ၁ ပါး | } |
| **စေတသိက်** | .... | ၅၂ ပါး | } |
| ရုပ် | .... | ၁၈ ပါး | } |
| နိဗ္ဗာန် | .... | ၁ ပါး | } |

အကျယ် ရှင်းလင်းဖော်ပြဦးအံ့။

စိတ်သည်, အာရုံသိလက္ခဏာ အာရုံသိသဘောအားဖြင့် တပါးသာဖြစ်၏။ စေတသိက်သည် * တွေ့ထိခံစား၊ မှတ်သား

စာကိုယ် (၂) ဤသမုစ္စည်းပိုင်း၌ပါဝင်သောအပိုင်းအခန်းများမှာ—

၁။ အကုသလ သင်္ဂဟ (အကုသိုလ်စိတ် ၁၄ ပါး ဝေဖန်ခြင်း)။

၂။ မိဿကသင်္ဂဟ (ကု၊ အကု၊ အဗျာ သုံးမျိုးရော၍ ဝေဖန်ခြင်း)

၃။ ဗောဓိပက္ခိယသင်္ဂ (ဗောဓိဉာဏ်၏ဘက်သား တရားများကို ဝေဖန်ခြင်း)။

၄။ သဗ္ဗသင်္ဂဟ (တရားအားလုံး အစုံဝေဖန်ခြင်း)။

---

စေ့ဆော်၊ ဘည်ကြည် ဖြောင့်မတ်၊ စောင့်ကြပ် အာဘော်၊ နှလုံးထားနှင့် မှတ်သား ၇ ဖော်၊ သီးသီးရ သဗ္ဗစိတ္တခေါ် စသော လက္ခဏာ ၅၂ ပါး အသီးသီးအားဖြင့် တရားကိုယ် ရကောင်းသောတရား ၅၂ ပါးဖြစ်၏။

ရုပ်သည် ဓာတ်မာ၊ နူးညံ့၊ဖွဲ့စည်း၊ ယိုစေး၊ပူအေး၊ ထောက်၊ ကန်စသောနိပ္ဖန္နရုပ်တို့၏ လက္ခဏာ ၁၈ ပါး အသီးသီးအားဖြင့် တရားကိုယ်ထည်ရကောင်းသော တရား ၁၈ ပါးဖြစ်၏။

နိဗ္ဗာန်သည် သန္တိလက္ခဏာအားဖြင့် တပါးသာဖြစ်၏။ ဤသို့ လက္ခဏာအားဖြင့်သဘာဝဓမ္မတို့သည် ၇၂ ပါးသာရှိသည်ဟူလို။

ဤပြခဲ့ပြီးသော သဘာဝဓမ္မ ၇၂-ပါးတို့ကို ထိုက်သင့်သည် အားလျော်စွာ ဤသမုစ္စည်းပိုင်း၌ ဝေဖန်၍ပြမည်ဟု ဆိုလို သည်။

### ၁။ အကုသလသင်္ဂဟ

အဓိပ္ပာယ် (၂) ဤအကုသလသင်္ဂဟ၌ အကုသိုလ် စိတ်သဘာဝ ဓမ္မ ၁၄ ပါးတို့ကို နာမည် ၉ မျိုးဖြင့် ဝေဖန်၍ ပြလိမ့်မည်။ ထို့ကြောင့် အကုသလ သင်္ဂဟဟု ခေါ်ရသည်။

# (၁) အာသဝ ၄ ပါး

| | | | |
|---|---|---|---|
| စာကိုယ် | ၁။ ကာမာသဝ | (ကာမလောဘ) |
| (၃) | ၂။ ဘဝါသဝ | (ရူပအရူပလောဘ) |
| | ၃။ ဒိဋ္ဌာသဝ | (ဒိဋ္ဌိ) |
| | ၄။ အဝိဇ္ဇာသဝ | (မောဟ) |

သရုပ်အားဖြင့် ၄ ပါး၊ တရားကိုယ် ၃ ပါး။

---

နာမည် ၉ မျိုးတို့မှာ—

| | | |
|---|---|---|
| ၁။ | အာသဝတရား | ၄ ပါး။ |
| ၂။ | ဩဃတရား | ၄ ပါး။ |
| ၃။ | ယောဂတရား | ၄ ပါး။ |
| ၄။ | ဂန္ထတရား | ၄ ပါး။ |
| ၅။ | ဥပါဒါနတရား | ၄ ပါး။ |
| ၆။ | နီဝရဏတရား | ၆ ပါး။ |
| ၇။ | အနုသယတရား | ၇ ပါး။ |
| ၈။ | သံယောဇနတရား | ၁၀ ပါး။ |
| ၉။ | ကိလေသာတရား | ၁၀ ပါး။ |

ဤ ၉ မျိုးတို့ပင် ဖြစ်သည်။

ဤလင်္ကာကိုကျက်ပါ

(*) အာ၊ ဩ၊ ယော။ ဂန်၊ ဥ၊ နီမှန်၊ နုသံ၊ ကိ၊ ၉ ပါး။

အဓိပ္ပါယ် **အာသဝ** ဟူသည် ယိုစီးသည် သေရက်နှင့် တူသော
(၃) တရားဖြစ်သည်။ အဘယ်သို့ တူသနည်း။ သေရည်
သေရက်တို့သည် ကြာမြင့်စွာ (ထုံအပ် ဝိမ်အပ်
သည်။ (ဝါ) ကြာကြာ ထုံထား ဝိမ်ထားမှသာ သေရည်

## (၂) ဩဃ ၄ ပါး

| | | | |
|---|---|---|---|
| စာကိုယ် | ၁။ ကာမောဃ | (ကာမ လောဘ | ) |
| (၄) | ၂။ ဘဝေါဃ | (ရူပ အရူပလောဘ | ) |
| | ၃။ ဒိဋ္ဌောဃ | (ဒိဋ္ဌိ | ) |
| | ၄။ အဝိဇ္ဇောဃ | (မောဟ | ) |

သရုပ် ၄ ပါး၊ တရားကိုယ် ၃ ပါး။

---

သေရက်အဖြစ် ရောက်သည်၊) ထို့အတူ ဤလောဘ၊ ဒိဋ္ဌိ၊ မောဟ တရား ၃ ပါးတို့သည် အစမထင်သော သံသရာမှစ၍ ယခုအထိ သတ္တဝါတို့သန္တာန်၌ ကြာမြင့်စွာ (ဖြစ်အပ် အဖြစ်ခံရလျက်) ရှိခဲ့သောကြောင့် အရက်နှင့်တူ၏ ဟူလို။ ထနည်း အရက်သောက်က ယစ်မူး၍ မေ့လျော့လျက် ဘာမဆို လုပ်လေ့ ရှိကြသည်။ ထိုအတူ လောဘ၊ ဒိဋ္ဌိ၊ မောဟ ဤတရား ၃ ပါးရှိသူ လူပုထုဇဉ် တို့သည် ကောင်းမှု ကုသိုလ်ကို သတိမေ့လျက် မကောင်းမှုဒုစရိုက်မှန်သမျှကို ပြုလုပ်ရဲကြသောကြောင့် အရက်နှင့်တူသည်ဟု ဆိုရလေသည်။ ထို့ကြောင့် အရက်တရား ဘိန်းတရား ၄ ပါးဟု ခေါ်ထိုက်ပေသည်။ (သတ္တဝါတို့ကို သံသရာတလျှောက်လုံး ကုသိုလ်ကိုမေ့မူးစေလျက်၊ မကောင်းမှု များကို လုပ်စေလျက်၊ အပါယ်ငရဲသို့ ပို့ဆောင်တတ်သည်။ ထို့ကြောင့် လောဘ၊ ဒိဋ္ဌိ၊ မောဟ အာသဝတရားများကို နည်းအောင် အားထုတ်ရာ၏။)

အဓိပ္ပာယ် (၄) ဩဃ ဟူသည်၊ ရေအလျဉ်,ဝဲဩဃနှင့် တူသော တရားဖြစ်သည်။ အဘယ်သို့တူသနည်း။ ပကတိ ရေအလျဉ် ဝဲသည် မိမိအထဲသို့ ရောက်လာသော လှေ,သင်္ဘော စသည်တို့ကို ချာချာလည်စေလျက် နှစ်မြုပ်၍

# (၃) ယောဂ ၄ ပါး

ကိုယ် ၁။ ကာမယောဂ (ကာမလောဘ)
(၇) ၂။ ဘဝယောဂ (ရူပ အရူပ လောဘ)
၃။ ဒိဋ္ဌိယောဂ (ဒိဋ္ဌိ)
၄။ အဝိဇ္ဇာယောဂ (မောဟ)
သရုပ် ၄ ပါး၊ တရားကိုယ် ၃ ပါး။

---

သတ်တတ်၏။ အသက်ရှူပေါက်မရအောင်နှစ်လျက် သတ်တတ်၏။ ထို့အတူ ဤလောဘ, ဒိဋ္ဌိ, မောဟတရား ၃ ပါးတို့သည် မိမိတို့ကို မပယ်သတ်နိုင်သေးသော ပုထုဇဉ် သတ္တဝါတို့ကို သံသရာ၌ ချာချာလည်စေလျက် သံသရာဝဲသြဃထဲ၌ နှစ်၍ သတ်တတ်သောကြောင့် ဝဲသြဃနှင့် တူလေသည်။ ထိုကြောင့် ရေအလျဉ်နှင့်တူသော တရား, ကတော့နှင့်တူသော တရားဟူ၍ ခေါ်ဆိုအပ်၏။ (သတ္တဝါတို့ကို သံသရာရေလျဉ်ကြော၌ မျောပါစေလျက် သံသရာဝဲဂယက်ထဲ၌ နှစ်မြုပ်၍ သတ်တတ်ခြင်းကြောင့် ဤလောဘ, ဒိဋ္ဌိ, မောဟတရားတို့ကို ရှောင်ရှားနိုင်အောင် ပြုလုပ် သင့်လှ၏။ မဂ္ဂင်ရှစ်ပါး ဆေးတော်ကြီးကို ဖော်စားဖို့ လိုအပ်လှပေသည်။)

အဓိပ္ပာယ် ယောဂ ဟူသည် သတ္တဝါတို့ကို ဝဋ်သုံးပါး၌
(၇) ယှဉ်ကပ်စေတတ်သော တရား (ဝါ) ဘဝစက် ယန္တရားသံသရာရထား၌ ပူးတွဲ၍ကတတ်သော တရားဖြစ်သည်။ အဘယ်သို့ ယှဉ်စေတတ်, ပူးစေတတ်, ကတတ်သနည်း။ တစုံတယောက်သောနေရာ၌ တခုခုသော ဝတ္ထုကို ဆေးဖြင့် ပူးကပ်ထားသကဲ့သို့ ဤလောဘ, ဒိဋ္ဌိ, မောဟတရားသုံးပါး

## (၄) ဂန္ထ ၄ ပါး

စာကိုယ် (၆)

၁။ အဘိဇ္ဈာ ကာယဂန္ထ (လောဘ)
၂။ ဗျာပါဒကာယဂန္ထ (ဒေါသ)
၃။ သီလဗ္ဗတ ပရာမာသ ကာယဂန္ထ } (ဒိဋ္ဌိ)
၄။ ဣဒံ သစ္စာဘိနိဝေသ ကာယဂန္ထ }

သရုပ် ၄ ပါး၊ တရား ကိုယ် ၃ ပါး။

---

တို့သည် သံသရာဝဋ်ဘဝတို့၌ သတ္တဝါတို့ကို ဖြစ်စေသောအားဖြင့် ပူးတွဲ ကပ်တတ်သည်။ တနည်း လှည်း၌ နွားကို ကျ၍ ထားသကဲ့သို့လည်းကောင်း၊ ရထား၌ မြင်းကို ကျ၍ ထားသကဲ့သို့လည်းကောင်း၊ ဆီဆုံ၌ နွားကို ကျ၍ ထားသကဲ့သို့လည်းကောင်း၊ ဤတရား သုံးပါးတို့သည် သံသရာ စက်ယန္တရား၌ သတ္တဝါတို့ကို ကျ၍ ထားတတ်သည်။ ထို့ကြောင့် သတ္တဝါတို့သည် ဆုံကသည့်နွားပမာလို သံသရာ၌ အထက်အောက်ပြောင်းပြန် စုန်ချည်ဆန်ချည်ကျင်လည်၍ နေကြရပေသည်။ ထိုကြောင့် ဤလောဘ, ဒိဋ္ဌိ, မောဟတရား သုံးပါးတို့သည် ဘဝအမျိုးမျိုး ရောက်အောင် လည်းကောင်း, ဆင်းရဲအမျိုးမျိုးနှင့် ကြုံတွေ့အောင်လည်းကောင်း၊ အကျိုးတရားနှင့် အကြောင်းကံတရား ဆက်အောင်လည်းကောင်း ပြုလုပ်တတ်ကုန်၏။ ကြောက်ဖွယ်ကောင်းလေစွ။

အဓိပ္ပာယ် (၆) ဂန္ထဟူသည် နာမ်နှင့်ရုပ်များကိုလည်းကောင်း၊ ယခုဘဝ ကိုယ်နှင့် နောက်ဘဝ ကိုယ်ကိုလည်းကောင်း၊ အဖြေမက်အောင် ရစ်ပတ် ချည်တုပ်တတ်သောတရားဖြစ်သည်။ တနည်း သတ္တဝါတို့ကို စုတိ(ပျက်) ပဋိသန္ဓေ(ဖြစ်) အားဖြင့် ဆက်စပ်၍ ပေးတတ်သော တရား

ဖြစ်သည်။ (ပျက်)ပြီးနောက် အစပျောက်လျက်မနေပဲ (ဖြစ်) အားဖြင့် ဆက်ပေးတတ်သောတရားဟူလို။ ရှေ့ဘဝပြီးလည်း မအေးရသေးပဲ ယခုဘဝ ဆက်၍ဖြစ်ရသည်။ ယခုဘဝပြီးလည်း မအေးရသေးပဲ နောက်ဘဝ ဆက်ဖြစ်ရသည်။ နောက်ဘဝပြီး တော့ကော ဆက်၍ ဖြစ်ရမည်သာ။ ဤသို့ စုတိနှင့် ပဋိသန္ဓေ တို့ကို (အဆုံးနှင့် အစတို့ကို) ဆက်စပ် ထုံးဖွဲ့ ပေးတတ်သော ကြောင့် လောဘ, ဒေါသ, ဒိဋ္ဌိတို့သည် ဂန္ထ မည်ကုန်၏။

ထိုဂန္ထတရား လေးပါးတွင် **အဘိဇ္ဈာကာယဂန္ထ** ဟူသည် (ကာမာသဝ, ဘဝါသဝ ၂ ပါးလုံးဖြစ်သော) အာရုံမှန်သမျှ ကို လိုချင်သော လောဘရှိ ရိုးရင်ဖြစ်၏။ အောက်ဝိထိမုတ်ပိုင်း ၌ ပြခဲ့ပြီးသော ဒုစရိုက် အဘိဇ္ဈာသည်ကား ခိုးရန် ကြံစည်နေ သောလောဘမျိုး, လောင်းကစားနေချိန်ဖြစ်သော လောဘမျိုး စသော လောဘ အရင့်စားမျိုးဘည်း။ ဤ၌ကား ရင့်သည် ဖြစ် စေ၊ နုသည်ဖြစ်စေ၊ လိုချင်မှုမှန်သမျှအားလုံးသည် အဘိဇ္ဈာ ကာယဂန္ထမည်၏။

**ဗျာပါဒကာယဂန္ထ** ဟူသည် ဒေါသအားလုံးပင်ဖြစ်၏။

**သီလဗ္ဗတပရာမာသကာယဂန္ထ** ဟူသည် နွားတို့သည် သွားနေ စဉ် အစာစားခြင်း၊ ခွေးတို့သည် ရပ်လျက် ကျင်ငယ် စွန့်ခြင်း စသော နွားကျင့် ခွေးကျင့်တို့ကို ကိလေသာတို့မှ စင်ကြယ် သော အကျင့်ဟုလည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းအကျင့် ဟူ၍ လည်းကောင်း, အယူမှားသော ဒိဋ္ဌိဖြစ်သည်။ ရှေးက ဤအယူရှိသူတို့သည် ဘုရားစသော ပညာရှိသူတော်ကောင်း များကို မဆည်းကပ်မိသဖြင့် "ငါတို့မှာ ရှေးက အကုသိုလ်တွေ

ရှိသေး၏။ ထိုအကုသိုလ်တွေ အကျိုးပေးပြီးဖြစ်၍ ကုန်သွားအောင် ကြေးဆပ်သော အနေအားဖြင့် ခွေးကျင့် နွားကျင့်များကို ကျင့်လျှင် နောက်ထပ်၍ အကုသိုလ်လည်း မလုပ်လျှင်ကိုလေသာတို့မှ စင်ကြယ် သံသရာမှ လွတ်မြောက်ဖွယ်ရှိသည်'' ဟု ကြံစည်၍ နွားတို့၏ အလေ့အကျင့်များကို ကျင့်လေ၏။ အဝတ်မဝတ်ပဲ နွားကဲ့သို့ လေးဘက်လောက်သွား၏။ စားလျှင်လည်း နွားလို ရပ်စား၏။ အိပ်လျှင်လည်း နွားလိုအိပ်၏။ ဤသို့ နွားကျင့် ခွေးကျင့်များကို အကျင့်ကောင်း လမ်းမှန်ဟု အမှားအားဖြင့် ထင်မြင်ယူဆသော ဒိဋ္ဌိဖြစ်သတည်း။

ဣဒံသစ္စာဘိနိဝေသကာယဂန္ထ ဟူသည် မိစ္ဆာဒိဋ္ဌိ အယူများအနက် မိမိယူထားသော ဒိဋ္ဌိကိုသာ အမှန်ဆုံး အကောင်းဆုံးဟု လွန်ကဲစွဲလမ်းသော ဒိဋ္ဌိဖြစ်သည်။ မိမိအယူသာ အမှန်အကောင်းဆုံး၊ သူတပါးတို့၏ အယူများ မကောင်း အမှားချည်းတည်းဟု စွဲလမ်းခြင်းတည်း။

ထို့ကြောင့် သီလဗ္ဗတပရာမာသကာယဂန္ထမှတပါး ကျန်ဒိဋ္ဌိအားလုံးသည် ဣဒံသစ္စာဘိနိဝေသကာယဂန္ထတွင် အကုန်ပါဝင်ကုန်၏။ အဘယ်ကြောင့်နည်း၊ မိစ္ဆာဒိဋ္ဌိယူသူ အားလုံးတို့သည် ''ငါ၏ယူချက်မှန်ဆုံး၊ သူတပါးအယူမကောင်း'' ဟုမှတ်ယူစွဲလမ်းခဲ့သော် ဣဒံသစ္စာဘိနိဝေသ ဖြစ်သောကြောင့်တည်း။

တတိယအကြိမ်

## ဥပါဒါန် ၄ ပါး

**စာကိုယ်** ၁။ ကာမုပါဒါန် (လောဘ)
(၇) ၂။ ဒိဋ္ဌုပါဒါန်
၃။ သီလဗ္ဗတုပါဒါန်
၄။ အတ္တဝါဒုပါဒါန်

သရုပ် ၄ ပါး၊ ကရာကိုယ် ပါး။

---

**အဓိပ္ပာယ်** (၇) ဥပါဒါန် ဟူသည် အာရုံကို စွဲစွဲလမ်းလမ်း ယူတတ်သော တရားဖြစ်သည်။ အဘယ်သို့ စွဲလမ်းတတ်သနည်း။ မြွေသည် ဖားကိုမလွှတ်ပဲ စွဲမြဲစွာ ဖမ်းယူသကဲ့သို့၊ အာရုံများကို လိုချင်ကာမျှမဟုတ်ပဲ၊ ဒိဋ္ဌိပါသောလောဘဖြင့် စွဲစွဲလမ်းလမ်း လိုချင်တတ်သည်။ အောက်စိတ်ပိုင်း ဒိဋ္ဌိသမ္ပယုတ် လောဘစိတ်ဖြင့် အာရုံများကို လိုချင်သောအခါ ဤဥပါဒါန်ဟုမှတ်။

ကာမုပါဒါန် ကာမဂုဏ် အာရုံငါးပါး၌ စွဲစွဲလမ်းလမ်း လိုချင်ခြင်းတည်း။ "ဥပါဒါန်စွဲရမ္မက်"ဟူ၍ လောက၌ အသုံးပြုကြ၏။

ဒိဋ္ဌုပါဒါန် နွားကျင့် ခွေးကျင့်များကို အကျင့်ကောင်း အကျင့်မှန်ကောင်မှတ်ခြင်းနှင့် သက္ကာယဒိဋ္ဌိ ၂၀ တို့မှ ကပါးသော ၆၂ ပါးသော ဒိဋ္ဌိ၊ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ အဝင်အပါ ဒိဋ္ဌိမှန်သမျှသည် ဒိဋ္ဌုပါဒါန်မည်၏။

**သီလဗ္ဗတုပါဒါန်** ရှေးနည်းတူ။

အတ္တဝါဒုပါဒါန်သက္ကာယဒိဋ္ဌိ ၂၀ သည် အတ္တဝါဒုပါဒါန် မည်၏။ သက္ကာယဒိဋ္ဌိ ၂၀ တို့ကား—

ရူပက္ခန္ဓာ၌....၁။ ရူပံအတ္တာ၊ ရုပ်သည် အတ္တ။
၂။ ရူပဝါအတ္တာ၊ အတ္တသည် ရုပ်ရှိ၏။
၃။ အတ္တနိရူပံ၊ အတ္တ၌ ရုပ်တည်၏။
၄။ ရူပသ္မိံ အတ္တာ၊ ရုပ်၌ အတ္တတည်၏။

ဟူ၍ ၄ ပါး။

ထိုနည်းတူ....ဝေဒနက္ခန္ဓာ၌ ၄ ပါး။
သညက္ခန္ဓာ၌ ၄ ပါး။
သင်္ခါရက္ခန္ဓာ၌ ၄ ပါး။
ဝိညာဏက္ခန္ဓာ၌ ၄ ပါး။

အားဖြင့် ၂၀ ဖြစ်၏။

အကျယ်ရှင်းလင်းပြဦးအံ့။ ။ရူပက္ခန္ဓာကို စွဲ၍ ယူသော အတ္တအယူလေးပါးတွင်-

(၁) ရူပံအတ္တာ ၌ ရုပ်နှင့်အတ္တ မကွဲမပြား အတူတူဟု ယူဆ၏။ ရုပ်သည် အတ္တဟုယူ၏။ မီး၏အဆင်း ဆိုရာ၌ မီးနှင့် မီး၏အဆင်း မကွဲပြားသကဲ့သို့၊ ရုပ်နှင့်အတ္တ မကွဲပြား တသားတည်း အားဖြင့် ငါ၊ ငါ ဟု ယူဆလေသည်။

(၂) ရူပဝါအတ္တာ ၌ ရုပ်နှင့် အတ္တ ကွဲပြား၏။ တခြားစီ ဖြစ်၏။ အတ္တကား အထည်ကိုယ်အစစ်၊ ရုပ်

ကား အထည်ကိုယ်ဖြစ်သော အတ္တ၏ အရိပ်မျှသာ ဖြစ်၏။ သစ်ပင်နှင့် အရိပ်ကဲ့သို့တည်း။ ယခု လူတို့ မြင်နေရသော ခန္ဓာကိုယ်ကြီးကား အတ္တမဟုတ်၊ အတ္တအစစ်၏ အရိပ်ထွက်နေခြင်းသာဖြစ်၏ဟု ယူဆလေသည်။

(၃) အတ္တနိရူပံ ၌လည်း ရုပ်နှင့်အတ္တ ကွဲပြားခြားနား၏။ သို့ရာတွင် ရှေ့နံပါတ် ၂ နှင့်မတူပေ။ အတ္တအစွဲပြု၍ ရုပ်တည်၏။ ပန်းနှင့် ပန်းနံ့ကဲ့သို့ ပန်းပွင့်သည် အနံ့ကို စွဲ၍ဖြစ်ရသကဲ့သို့ အတ္တကိုစွဲ၍ ရုပ်ဖြစ်သည်ဟု ယူဆလေသည်။

(၄) ရူပသ္မိံ အတ္တာ ၌လည်း၊ ရုပ်နှင့်အတ္တ ကွဲပြားခြားနား၏။ သို့ရာတွင် ၂၊ ၃ နံပါတ်များနှင့်မတူပေ။ ရုပ်၌ အတ္တတည်၏။ ပတ္တမြားနှင့် ကြုတ်ကဲ့သို့ ပတ္တမြားသည် ကြုတ်ထဲ၌ရှိသည် ဆိုသကဲ့သို့ ရုပ်ထဲ၌ (ဝါ) ခန္ဓာကိုယ်ထဲ၌ အတ္တအမဲကောင်လေးသည် တည်နေသည် ရှိနေသည်ဟု ယူဆလေသည်။

ဤကား ရူပက္ခန္ဓာ၌ အတ္တ ၄ ပါးကို နမူနာပြလိုက်သည်။ ဝေဒနာစသည်တို့၌လည်း ဤနည်းတူသိပါလေ။ ဤအရာကား မလွယ်လှ ခက်ဘိတောင်း။

## (၆) နီဝရဏ ၆ ပါး

| | | |
|---|---|---|
| စေတသိက် (၈) | ၁။ ကာမစ္ဆန္ဒနီဝရဏ | ( လောဘ ) |
| | ၂။ ဗျာပါဒ နီဝရဏ | ( ဒေါသ ) |
| | ၃။ ထိနမိဒ္ဓ နီဝရဏ | ( ထိန၊ မိဒ္ဓ ) |
| | ၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ | ( ဥဒ္ဓစ္စ၊ ကုက္ကုစ္စ ) |
| | ၅။ ဝိစိကိစ္ဆာနီဝရဏ | ( ဝိစိကိစ္ဆာ ) |
| | ၆။ အဝိဇ္ဇာ နီဝရဏ | ( မောဟ ) |

သရုပ် ၆ ပါး၊ တရားကိုယ် ၈ ပါး။

---

အဓိပ္ပာယ် နီဝရဏဟူသည် သတ္တဝါတို့၏စိတ်အစဉ်၌ ကုသိုလ် တရားများကို ဖြစ်ခွင့်မပေးပဲ ပိတ်ပင် တားမြစ် တတ်သော တရားဖြစ်သည်။ အဘယ်သို့နည်း။ သတ္တဝါ တို့သည် အာရုံများကို မြင်ရာ၌ လောဘ, ဒေါသ လိုချင်မှု စိတ်ဆိုးမှုများသာဖြစ်၍ ကောင်းသောစိတ် ဖြစ်ဖို့ရာ အခွင့်မရ၊ လောဘ စသည်တို့ကသာ ဝင်၍ဝင်၍ ဖြစ်ကြသည်။ ဤသို့ဖြစ်လာ၍ ဖြစ်နေခြင်းသည်ပင် ဖြစ်ခဲသော ကုသိုလ် တရားကို တားမြစ် ပိတ်ပင်သည်မည်၏။ အထူးအားဖြင့် ဈာန် ကုသိုလ်,မဂ်ကုသိုလ် များကို (ဈာန်ရ-မဂ်ရ) မဖြစ်ရအောင် ပိတ်ပင် တားမြစ်တတ်သည်၊ ဤမျှသာမက သေး ဈာန်ရပြီး ပုဂ္ဂိုလ်သည် တစုံတခုအာရုံ၌ ကာမစ္ဆန္ဒ ဖြစ်ပေါ်ခဲ့သော် ဈာန်မှ လျှောကျပျက်စီးရလေ၏။ ထို့ကြောင့် နီဝရဏသည် ပိတ်ပင် တားမြစ်ရုံ မဟုတ်၊ ဈာန်ကို ဖျက်ဆီး ကွယ်ပစေတတ် သည်ဟူ၍လည်း မှတ်ပါလေ။

## (၈) အနုသယ ၇ ပါး

စာကိုယ် (၉)

| | | |
|---|---|---|
| ၁။ | ကာမရာဂါနုသယ | (လောဘ) |
| ၂။ | ဘဝရာဂါနုသယ | (လောဘ) |
| ၃။ | ပဋိဃာနုသယ | (ဒေါသ) |
| ၄။ | မာနာနုသယ | (မာန) |
| ၆။ | ဒိဋ္ဌာနုသယ | (ဒိဋ္ဌိ) |
| ၇။ | ဝိစိကိစ္ဆာနုသယ | (ဝိစိကိစ္ဆာ) |
| ၈။ | အဝိဇ္ဇာအနုသယ | (မောဟ) |

သရုပ် ၇ ပါး၊ တရားကိုယ် ၆ ပါး။

---

အဓိပ္ပာယ် (၉) အနုသယ ဟူသည် သတ္တဝါတို့သန္တာန်၌ အစဉ်အမြဲ ကိန်းဝပ်တည်နေသော ကိလေသာတရား ဖြစ်သည်။ အဘယ်သို့နည်း၊ သတ္တဝါတို့သန္တာန်၌ အကြောင်းအာရုံ မတွေ့သော် မဖြစ်ပေါ်သေးပဲ အကြောင်းအာရုံနှင့် တွေ့ဆုံသော် ဖြစ်ပေါ်ခြင်းသဘောရှိသော ကိလေသာ ၆ ပါးကို အနုသယ ဓာတ်မျိုးဟု ခေါ်သည်။ အငုပ်ဓာတ်, အဝပ်ဓာတ်, မျိုးစေ့ဓာတ်များဟူလို။

ထင်ရှားအောင် ပြဦးအံ့။ ။အသီးသီးမည့် သရက်ပင်၌ သီးစေတတ်သော ဓာတ်သတ္တိတို့သည် မူလကတည်းက (ဝါ) သရက်စေ့မှလည်းကောင်း၊ အညွန့်အညှောင့် ပင်စည် အခက် အလက် ပေါက်ကတည်းကလည်းကောင်း ပါလာပေသည်။ ၎င်းဓာတ်သတ္တိသည် သရက်ပင် တပင်လုံး၌ အစအဆုံး အမြဲ ကိန်းဝပ်နေသည်၊ အသီးပင် မသီးသော်လည်း အသီး သီးစေနိုင်သော ဓာတ်သတ္တိ ကိန်း ဝပ်နေ ပြီ ဆိုရမည်။ ထိုအတူ သတ္တဝါတို့ သန္တာန်၌ ပဋိသန္ဓေနေစ ကလလ ရေကြည်မှ စ၍ မွေးဖွား၍ ကြီးပြင်းသည့်အထိ ထိုအနုသယဓာတ်များ ကိန်း

ဝပ်နေပြီ၊ ပါလာကုန်ပြီ၊ တကယ်တမ်း ဖြစ်ပေါ်လာသော လောဘတို့သည် မပေါ်သေးသော်လည်း အကြောင်း ညီညွတ်က အာရုံနှင့်တွေ့က ဖြစ်ပေါ်နိုင်သော သဘောရှိပေသည်။ ထို့ကြောင့် တဘဝလုံး အချိန်တိုင်း (ကုသိုလ်လုပ်ချိန်၊ အလှူပေးချိန်၊ ဥပုသ်စောင့်ချိန်၊ ကမ္မဋ္ဌာန်း ထိုင်စဉ်) တို့၌လည်း အနုသယဓာတ် ရှိနေသည် ဆိုရသည်။ ရဟန္တာမဖြစ်သေးသမျှ ကိန်းဝပ်လျက် ရှိနေသည်။ ယခုဘဝ သေ၍ နောက်ဘဝများ၌လည်း ကိန်းဝပ်တည်နေလျက်ပင်၊ရဟန္တာဖြစ်မှသာကင်းပြတ်လေတော့သည်။

ကိလေသာတရားကား ပြဆိုလတ္တံ့သော အတိုင်း ၁၀ပါး ရှိသည်။ ၎င်းတွင် အင်အားကြီးမားသော ကိလေသာ ၆ ပါးကိုသာ အနုသယဓာတ်ဟု ဟောတော်မူသည်။ ကျန်ကိလေသာ ၄ ပါး ကိုကား အင်အား မကြီးသောကြောင့် အနုသယဟူ၍ ဘုရားရှင်က ဟောတော်မမူပေ။

အင်အားကြီးမား ဟန်ခိုးထွားသော အနုသယဓာတ် ၆ပါး ရှိနေက အားလုံးသော ကိလေသာများ(ဝါ) အကုသိုလ်ဒုစရိုက်များ ဖြစ်နိုင်တော့သည်။

ယင်း၊ဥဒ္ဓစ္စ၊အဟိရိက၊ အနောတ္တပ္ပ ဤကိလေသာ လေးပါးတို့သည် ဓာတ်ရင်းပင်ရင်းမဟုတ်၍ အားနည်းကြပေသည်။

ထိုအနုသယဓာတ်တို့ကို မဂ်ဖြင့်သာ ပယ်သတ်နိုင်သည်။ တစုံတခုသောဝီရိယတို့ဖြင့် မပယ်နိုင်ပေ။ အလွန်သိမ်မွေ့နူးညံ့သော ဓာတ်တို့ပေတည်း။ ထိုအနုသယဓာတ်မှ ဖြစ်ပေါ်ခြင်း ''ပရိယုဋ္ဌာန''အဖြစ်သို့ ပြောင်းရ၏။ ၎င်းပရိယုဋ္ဌာန ဓာတ်မှ လွန်ကျူးခြင်း ''ဝီတိက္ကမ''အဖြစ်သို့ပြောင်းရသည်။ ၎င်းဓာတ် အမြေအနေကို ကံမြောက်ပြီဟု ခေါ်ရလေသည်။

# (၈) သံယောဇဉ် ၁၀ ပါး

## သုတ္တန်နည်း

| | | |
|---|---|---|
| စာကိုယ် | ၁။ ကာမရာဂ သံယောဇဉ် | (လောဘ) |
| (၁၀) | ၂။ ရူပရာဂ သံယောဇဉ် | |
| | ၃။ အရူပရာဂ သံယောဇဉ် | |
| | ၄။ ပဋိဃ သံယောဇဉ် | (ဒေါသ) |
| | ၅။ မာနသံယောဇဉ် | (မာန) |
| | ၆။ ဒိဋ္ဌိသံယောဇဉ် | (ဒိဋ္ဌိ) |
| | ၇။ သီလဗ္ဗတပရာမာသ သံယောဇဉ် | |
| | ၈။ ဝိစိကိစ္ဆာ သံယောဇဉ် | (ဝိစိကိစ္ဆာ) |
| | ၉။ ဥဒ္ဓစ္စ သံယောဇဉ်) | (ဥဒ္ဓစ္စ) |
| | ၁၀။ အဝိဇ္ဇာ သံယောဇဉ် | (မောဟ) |

သရုပ် ၁၀ ပါး၊ တရားကိုယ် ၇ ပါး။

---

**မှတ်ချက်။** ။သံယောဇဉ် ၁၀ ပါး၊ တရားကိုယ် ၉ ပါး၊ သုတ္တန်နည်း၌ ရူပရာဂ၊ အရူပရာဂ၊ ဥဒ္ဓစ္စသုံးပါးကို နုတ်၍ ဘဝရာဂ၊ ဣဿာ၊ မစ္ဆရိယ သုံးပါးကို ထည့်သွင်းလိုက်ပါက အဘိဓမ္မာနည်း သံယောဇဉ် ၁၀ ပါး ဖြစ်သည်ကို မှတ်သားပါ။ သုတ္တန်အဘိဓမ္မာနှစ်ရပ်၌(*) ခရေပွင့် ပြထားသော တူသော တရားကိုယ်များကို ပေါင်း၍ ယူရသဖြင့် တရားကိုယ် ၉ ပါး သာဖြစ်သည်။ ထို ၉-ပါးမှာ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟတို့ ဖြစ်သည်။ ဤသို့ နုတ်ပြီး ဖြစ်သော စေတသိက် အစဉ်အတိုင်းလည်း ရေတွက်ပါလေ။

တတိယအကြိမ်

## အဘိဓမ္မာနည်း

**စာကိုယ်** ၁။ ကာမရာဂ သံယောဇဉ် } (လောဘ*)
(၁၁) ၂။ ဘဝရာဂ သံယောဇဉ်
၃။ ပဋိဃ သံယောဇဉ် (ဒေါသ*)
၄။ မာန သံယောဇဉ် (မာန*)
၅။ ဒိဋ္ဌိသံယောဇဉ် } (ဒိဋ္ဌိ*)
၆။ သီလဗ္ဗတပရာမာသ သံယောဇဉ်
၇။ ဝိစိကိစ္ဆာ သံယောဇဉ် (ဝိစိကိစ္ဆာ*)
၈။ ဣဿာ သံယောဇဉ် (ဣဿာ)
၉။ မစ္ဆရိယ သံယောဇဉ် (မစ္ဆရိယ)
၁၀။ အဝိဇ္ဇာ သံယောဇဉ် (မောဟ*)
သရုပ် ၁၀ ပါး၊ တရားကိုယ် ၈ ပါး။

---

**အဓိပ္ပာယ်** သံယောဇဉ်သည် သုံးဆယ့်တဘုံ သံသရာနှောင်အိမ်
**(၁၁)** ကြီးထဲ၌ အာရုံငါးပါး ကာမဂုဏ် တရားတို့ဖြင့် သတ္တဝါတို့ကို လွတ်ထွက်မသွားရအောင် တုပ်နှောင်ဖွဲ့ချည်၍ ဆွဲဆောင်တတ်သော တရားဖြစ်သည်။ အဘယ်သို့နည်း။ သုံးဆယ့်တဘုံ သံသရာကြီးထဲ၌ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက် စသည်ဖြင့် သံယောဇဉ်ကြိုး ဆွဲဆောင်ရာသို့ တဝဲလည်လည် ဖြစ်ရပေသည်။ အောက်ကြိုးတင်းက အောက်ဘုံ ရောက်ရ၏။ အထက်ကြိုး တင်းက အထက်ဘုံ ရောက်ရ၏။ ထို့ကြောင့် သံယောဇဉ်ကြိုး ဆွဲရာ သတ္တဝါ ဖြစ်ရပေသည်။ အောက်ကြိုး အထက်ကြိုးမှာ အောက်ပါအတိုင်း ဖြစ်၏။

**တတိယအကြိမ်**

သုတ္တန်နည်း သံယောဇဉ် ၁၀ ပါးတို့တွင် —

၁။ ကာမရာဂ သံယောဇဉ်။

၂။ ပဋိဃ သံယောဇဉ်။

၃။ ဒိဋ္ဌိ သံယောဇဉ်။

၄။ သီလဗ္ဗတပရာမာသ သံယောဇဉ်။

၅။ ဝိစိကိစ္ဆာ သံယောဇဉ်။

ဤငါးပါးကို ဩရမ္ဘာဂိယ သံယောဇဉ်၊ အောက်ကြိုးငါးချောင်းဟုခေါ်သည်။ ကာမ ၁၁ ဘုံတည်းဟူသော အောက်ဘုံ၌ ဆက်သွယ်သော ကြိုးငါးချောင်း ဟူလို။

၁။ ရူပရာဂ သံယောဇဉ်။

၂။ အရူပရာဂ သံယောဇဉ်။

၃။ မာန သံယောဇဉ်။

၄။ ဥဒ္ဓစ္စ သံယောဇဉ်။

၅။ အဝိဇ္ဇာ သံယောဇဉ်။

ဤငါးပါးကို ဥဒ္ဓမ္ဘာဂိယ သံယောဇဉ်၊ အထက်ကြိုး ငါးချောင်းဟု ခေါ်သည်။ ရူပ အရူပဘုံတည်းဟူသော အထက်ဘုံ၌ ဆက်သွယ်ထားသော ကြိုးငါးချောင်းဟူလို။

## ယောဂ၊ ဂန္ထ၊ သံယောဇဉ် အထူး

ဤအထက်ပါတရား သုံးပါးတို့သည် သတ္တဝါများကို သံသရာဝဋ်ဆင်းရဲမှ လွတ်ထွက်မသွားရအောင် ရစ်ပတ်ချည်နှောင်၍ ဖွဲ့ထားတတ်သော တရားများဖြစ်ကြသဖြင့် တူသကဲ့သို့ ရှိသော်လည်း မတူကြပေ။ ယောဂ တရားသည် အစေးဖြင့် အရာဝတ္ထု ၂ ခုကို ကပ်ထားသကဲ့သို့ အလွန်နီးကပ်စွာ ယှဉ်စပ် ကပ်ထား

## (၉) ကိလေသာ ၁၀ ပါး

**စာကိုယ်** လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ
(၁၂) ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ။
သရုပ် ၁၀ ပါး၊ တရားကိုယ် ၁၀ ပါး။

---

တတ်သည်။ ဂန္ထ တရားသည် **ကြိုး**စ ၂ ခုကို ထုံးဖွဲ့သကဲ့သို့၊ သံကွင်းချင်း ဖွဲ့ဆက်သကဲ့သို့ စုတိပြီးက ပဋိသန္ဓေ၊ ပဋိသန္ဓေပြီးက စုတိ၊ ဤသို့ တခုပြီးတခု ထုံးဖွဲ့တတ်သည်။ **သံယောဇဉ်** တရားသည်ကား နွားကို ချည်တုပ်ထားသော **ကြိုး**ကဲ့သို့လည်းကောင်း၊ ကောင်းကင်၌ပျံသော ကျီး၏ဖခြေ၌ ချည်တုပ်ထားသော **ကြိုး**ကဲ့သို့လည်းကောင်း၊ သတ္တဝါများကို သံသရာဝဋ်မှ လွတ်ထွက်မသွားနိုင်အောင် အဝေးဖြစ်သော အထက်ဗြဟ္မာဘုံ ရောက်ဗြဟ္မာကြီးကိုသော်လည်း အောက်ငရဲဘုံသို့ဆွဲချနိုင်သော တရားဖြစ်သည်။

အနီး၌ယှဉ်ဘက်ပူးတတ်သောတရား .... **ယောဂ**။
တခုနှင့်တခုဆက်စပ်ဖွဲ့တတ်သောတရား.... **ဂန္ထ**။
ဝေးသည်ဖြစ်စေ နီးသည်ဖြစ်စေ ဆွဲ၍
ဆောင်ယူတတ်သော တရားသည် .... **သံယောဇဉ်**။
ဤသို့ အထူးမှတ်။

**အဓိပ္ပာယ်** ကိလေသာ ဟူသည် စိတ်ကိုပူပန်စေတတ် နှိပ်စက်
(၁၂) တတ်သောတရား၊ (ဝါ) စိတ်ကို ညစ်ပေစေတတ်
သောတရားဖြစ်သည်။ စိတ်သည် ပင်ကို သဘာဝ
အားဖြင့် ဖြူစင်သန့်ရှင်း၏။ ကိလေသာခေတ်တို့နှင့် ရောနှောက ညစ်ပေရ၏။ ထို့ကြောင့် သတ္တဝါတို့သည် ပူပန်ရ၏။ စိတ်ညစ်ရ၏။

## တထောင်ငါးရာကိလေသာ

ကိလေသာတို့သည် အကျဉ်းအားဖြင့် ၁၀ ပါး ရှိကုန်၍ အကျယ်ပွားသော် ကထောင့်ငါးရာ ရှိကုန်၏။ ပွားပုံမှာ.... အာရုံ ၆ ပါးကို အာရုံပြုသောအားဖြင့် အကျယ်ဖြစ်၏။ ထို အာရုံ ၆ ပါးမှာ နာမ်တေပညာသ (နာမ် ၅၃)၊ နိပ္ဖန္နရုပ် အဋ္ဌာရသ (နိပ္ဖန္နရုပ် ၁၈)၊ လက္ခဏရုပ် ၄ ပါး အားဖြင့် ၇၅ ပါး၊ ထို ၇၅ ပါးတို့သည် အတွင်း(အဇ္ဈတ္တ) သန္တာန်၌ ဖြစ်သော အာရုံ ၇၅ ပါး၊ အပြင် (ဗဟိဒ္ဓ) သန္တာန်၌ ဖြစ်သော အာရုံ ၇၅ ပါးအားဖြင့် ၁၅၀ ရှိ၏။ ၎င်း ၁၅၀ကို အာရုံ ပြုသော လောဘ ၁၅၀၊ ထိုအတူ ဒေါသ ၁၅၀၊ မောဟ ၁၅၀၊ မာန ၁၅၀၊ ဒိဋ္ဌိ ၁၅၀၊ ဝိစိကိစ္ဆာ ၁၅၀၊ ထိန ၁၅၀၊ ဥဒ္ဓစ္စ ၁၅၀၊ အဟိရိက ၁၅၀၊ အနောတ္တပ္ပ ၁၅၀၊ ဤသို့ ထောင့်ငါးရာ ဖြစ်သတည်း။

သရုပ်သကောင် ပိုမို‌ကွဲစေရန် ၎င်းအကုသလသင်္ဂဟကို ခြုံ၍ပြဝေဖန်သော်–

၁။ လောဘ သည် အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်,နီဝရဏ,အနုသယ,သံယောဇဉ်, ကိလေသာ၊ ၉ မည်ရ၏။

၂။ ဒိဋ္ဌိ သည် အာသဝ, ဩဃ, ယောဂ, ဂန္ထ,ဥပါဒါန်, အနုသယ, သံယောဇဉ်, ကိလေသာ၊ ၈ မည်ရ၏။ (နီဝရဏ နာမည် မရ။)

၃။ မောဟ သည် အာသဝ, ဩဃ, ယောဂ, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ၊ ၇ မည်ရ၏။ (ဂန္ထ,ဥပါဒါန်၊ နှစ်မည်မရ။)

၄။ ဒေါသ သည် ဂန္ထ, နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ၊ ၅ မည်ရ၏။ (အာသဝ, ဩဃ, ယောဂ, ဥပါဒါန် ၄ မည်ရ။)

၅။ ဝိစိကိစ္ဆာ သည် နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာ ၄ မည်ရ၏။ (အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန်၊ ၅ မည်မရ။)

၆။ မာန သည် အနုသယ, သံယောဇဉ်, ကိလေသာ၊ ၃ မည်ရ၏။ (အာသဝ,ဩဃ,ယောဂ,ဂန္ထ, ဥပါဒါန်, နီဝရဏ၊ ၆ မည်မရ။)

၇။ ဥဒ္ဒစ္စ သည် နီဝရဏ,သံယောဇဉ်,ကိလေသာ၊ ၃ မည်ရ၏။ (အာသဝ, ဩဃ,ယောဂ, ဂန္ထ, ဥပါဒါန်, အနုသယ ၆ မည်မရ။)

၈။ ထိန သည် နီဝရဏ, ကိလေသာ ၂ မည်ရ၏။ (အာလဝ,ဩဃ, ယောဂ, ဂန္ထ,ဥပါဒါန်, အနုသယ, သံယောဇဉ်၊ ၇ မည်မရ။)

၎င်း ၈ ပါးကြွင်းသော အကုသိုလ်စေတသိက် ၆ ပါးတို့ သည် အမည်တပါးသာ ရကုန်၏။ ၎င်းတို့မှာ–

၉။ ဣဿာ သည် သံယောဇဉ်သာမည်၏။

၁၀။ မစ္ဆရိယ သည် သံယောဇဉ်သာမည်၏။

၁၁။ ကုက္ကုစ္စ သည် နီဝရဏသာမည်၏။

၁၂။ အဟိရိက သည် ကိလေသာမည်၏။

၁၃။ အနေ့ာတ္တပ္ပသည် ကိလေသာသာ မည်၏။
၁၄။ မိဒ္ဓသည် နီဝရဏာသာ မည်၏။
ပေါင်း အကုသိုလ်စေတသိက် ၁၄ ပါး ဖြစ်သည်။

ဤလက်ာ့ကို ကျက်ပါ

(လင်္ကာအချုပ်)။ ။လော ကိုးမည်ရှိ ဒိဋ္ဌိရှစ်မည်၊ ခုနစ်မည် မောဟ၊ ငါးဝ ဒေါသော၊ ကင်္ခါ လေးထုတ်၊ မာနုဒ္ဓစ္စ သုံးမည် ရ၏။ ထိန နှစ်မည်၊ ကြွင်းသည် ခြောက်ဝ၊ တမည်ရ၊ ပေါင်းက စုဒ္ဒသာ။

အကုသလသင်္ဂဟ ပြီးပြီ။

## ၂။ မိဿကသင်္ဂဟ

ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရား ၃ပါး ရောနှော၍ပြသော အခန်းဖြစ်သောကြောင့် မိဿက သင်္ဂဟ ခေါ်ဆိုသည်။

ရှင်း မိဿက သင်္ဂဟ၌—

၁။ ဟိတ် ၆ပါး။
၂။ ဈာနင် ၇ပါး။
၃။ မဂ္ဂင် ၁၂ပါး။
၄။ ဣန္ဒြေ ၂၂ပါး။
၅။ ဗိုလ် ၉ပါး။
၆။ အဓိပတိ ၄ပါး။
၇။ အာဟာရ ၄ပါး။

ဤတရားများကို ဝေဖန်ခွဲခြား၍ ပြလိမ့်မည်။ ဤတရားစဉ်ကို အောက်ပါလင်္ကာဖြင့် ကျက်မှတ်ပါလေ။

* ဟေ၊ ဈာ၊ မဂ္ဂ၊ ဣန်၊ ဗလ၊ ဓိ၊ ဟ ခုနစ်မည်။

ဤမိဿက သင်္ဂဟ၌ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားများကို ပြ၏ဟု ဆိုသဖြင့် တရားအားလုံးကို ပြသည်ဟု ထင်မှတ်စဖွယ် ရှိသော်လည်း တရားအားလုံး မပါဝင်ပေ။ ထို့ကြောင့် ကောင်း(ကုသလ), မကောင်း (အကုသလ) နှင့် ကောင်းသည် မကောင်းသည် မဆိုရ(အဗျာကတ) တရားတို့ ရောနှောကာမျှဖြစ်၍ မိဿက သင်္ဂဟဟု နာမည်ပေးသည်။ တရားအားလုံးပြသော "သဗ္ဗသင်္ဂဟ" နောက်၌ လာလတ္တံ့။

**တတိယအကြိမ်**

ထိုကြောင့် ဤမိဿက သင်္ဂဟ၌ ဝတ္ထုဓမ္မ ၇၂ ပါးအနက်၊ ၃၆ ပါးသော ဝတ္ထုဓမ္မတို့ကိုသာ ပြဆိုပေသည်။ ၎င်းဝတ္ထုဓမ္မ ၃၆ ပါးတို့မှာ—

(က) စိတ် ၁ ပါး။

(ခ) စေတသိက် ၂၆ ပါး။

၁။ ဖဿ
၂။ ဝေဒနာ
၃။ စေတနာ
၄။ ဧကဂ္ဂတာ
၅။ ဇီဝိတိန္ဒြိယ။ ။သဗ္ဗစိတ္တ ၅ ပါး။
၆။ ဝိတက္က
၇။ ဝိစာရ
၈။ ဝီရိယ
၉။ ပီတိ
၁၀။ ဆန္ဒ။ ။ပကိဏ်း ၅ ပါး။
၁၁။ လောဘ
၁၂။ ဒေါသ
၁၃။ မောဟ
၁၄။ အဟိရိက
၁၅ အနောတ္တပ္ပ
၁၆။ ဒိဋ္ဌိ။ ။အကုသိုလ် ၆ ပါး။

တတိယအကြိမ်

၁၇။ သဒ္ဓါ
၁၈။ သတိ
၁၉။ ဟိရီ
၂၀။ ဩတ္တပ္ပ
၂၁။ အလောဘ
၂၂။ အဒေါသ
၂၃။ အမောဟ
၂၄။ သမ္မာဝါစာ
၂၅။ သမ္မာကမ္မန္တ
၂၆။ သမ္မာအာဇီဝ။ ။သောဘဏ ၁၀ ပါး။

(ဂ) ရုပ် ၉ ပါး။

| | | |
|---|---|---|
| ပသာဒရုပ် | .... | ၅ |
| ဘာဝရုပ် | .... | ၂ |
| ဇီဝိတရုပ် | .... | ၁ |
| အာဟာရရုပ် | .... | ၁ |

ပေါင်း....၃၆ ပါး။

ကျန်သော စေတသိက် ၂၆ ပါး၊ ရုပ် ၉ပါး၊ နိဗ္ဗာန် ၁၊ ပေါင်း ၃၆ ပါးတို့ကို ဤမိသကာသင်္ဂဟ၌ မပြပေ။

ဆိုလိုရင်းမှာ ပြခဲ့သော ဝတ္ထုဓမ္မ ၃၆ ပါးတို့ကို ဟိတ်စသော နာမည် ၇ ပါးတို့ဖြင့် ဝေဖန်ပိုင်းခြား၍ ပြမည်ဟူလို။

**တတိယအကြိမ်**

## ဟိတ် ၆ ပါး

**စာကိုယ်** လောဘ၊ ဒေါသ၊ မောဟ- အကုသိုလ်ဟိတ် ၃ ပါး။
(၁၅) အလောဘ၊ အဒေါသ၊အမောဟ–ကုသိုလ်၊အဗျာကတ ဟိတ် ၃ ပါး။
သရုပ်အားဖြင့် ၇ ပါး၊ တရားကိုယ်အားဖြင့် ၆ ပါး။

---

**အဓိပ္ပာယ်** ဤတရားတို့သည် အကျိုးတရားကို ဖြစ်စေတတ်
(၁၅) **သော**ကြောင့် ဟိတ်-မည်ကုန်၏။ ထိုဟိတ် ၆ ပါး တို့သည် ကုသလဝိပါက် (ကောင်းကျိုး)အကုသလ ဝိပါက်(မကောင်းကျိုး)ဟူသော အကျိုးများကို ဖြစ်စေတတ် သောတရားတို့ ဖြစ်ကုန်၏။ ဥပမာ သစ်ပင်၏ ရေသောက်မြစ်နှင့် တူကုန်၏။ မှန်၏။ သစ်ပင်၏ ရေသောက်မြစ်တို့သည် သစ်ပင် ကြီးပွားကြောင်း စည်ပင်ကြောင်း တည်တံ့ ခိုင်မြဲကြောင်း ဖြစ်ကုန်၏။ (ဝါ)အမြစ်ရှိမှသာ စည်ပင်ပြန့်ပွားနိုင်ကုန်၏။ ထို့ အတူ ဤဟိတ်ခြောက်ပါးတရားတို့သည် လောက၌ ကောင်း ကျိုး,မကောင်းကျိုးဟူသော အကျိုးတရားတို့၏ ဖြစ်ကြောင်း စည်ပင်တည်တံ့ခြင်း၏ အကြောင်းတို့ ဖြစ်ကုန်၏၊ (ဝါ)ဟိတ် ခြောက်ပါးရှိသော ပါသော ကုသိုလ်ကံ,အကုသိုလ်ကံ တို့သာ လူနက်ပြပွဲသာဖြစ်၍ စည်းစိမ်ဥစ္စာ ချမ်းသာဝပြောကောင်းသော အကျိုးများနှင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်များ ဖြစ်ကြ၍ စည်းစိမ်ကင်းမဲ့ ချို့တဲ့ဥစ္စာဒုက္ခပေါင်းများစွာသော မကောင်းကျိုးများကို ဖြစ်စေနိုင်ကုန်၏။ အောင်ပကိဏ်းပိုင်း ဟေတုသင်္ဂဟ၌လည်း ပြခဲ့ပြီ။ အတူတူပင်။

**တတိယအကြိမ်**

## ဈာနင် ၇ ပါး

| | | | |
|---|---|---|---|
| စာကိုယ် (၁၆) | ၁။ ဝိတက္က | | (ဝိတက်) |
| | ၂။ ဝိစာရ | | (ဝိစာရ) |
| | ၃။ ပီတိ | | (ပီတိ) |
| | ၄။ ဧကဂ္ဂတာ | | (ဧကဂ္ဂတာ=သမာဓိ) |
| | ၅။ သောမနဿ | } | |
| | ၆။ ဒေါမနဿ | } | (ဝေဒနာ) |
| | ၇။ ဥပေက္ခာ | } | |

သရုပ် ၇ ပါး၊ တရားကိုယ် ၅ ပါး။

---

**အဓိပ္ပာယ် (၁၆)** ဤတရားတို့သည် ကသိုဏ်းစသော အာရုံများကို ကပ်၍ရှုတတ်သောကြောင့် "ဈာန်" မည်ကုန်၏။

တနည်း၊ ဆန့်ကျင်ဘက် နီဝရဏ တရားတို့ကို ဖုတ်ကျည်း မီးရှို့တတ်သောကြောင့် "ဈာန်" မည်ကုန်၏။ ဝိတက်စသည် ၅ ပါးကား ထိုဈာန်၏အစိတ်အပိုင်း ဖြစ်သောကြောင့် "ဈာနင်" မည်ကုန်၏။ လိုရင်းမှာ အာရုံများကို တစိမ့်စိမ့်စိုက်၍ အထူးစွဲမြဲစွာ ကြည့်ရှုခြင်းသည် ဆန့်ကျင်ဘက် တရားများကို မီးနှင့် ရှို့မြှိုက်သကဲ့သို့ ဖြစ်သောကြောင့် "ဈာန်"ဟု ဆိုသည်။

* စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊
ဈာန်ဟုခေါ်သတတ်။ ။(လယ်တီ)။

တတိယအကြိမ်

# (၃) မဂ္ဂင် ၁၂ ပါး

| | | | | |
|---|---|---|---|---|
| စာကိုယ် (၁၇) | ၁။ သမ္မာဒိဋ္ဌိ | = | ၁။ ပညာ | ကုသိုလ် မဂ္ဂင် ၈ ပါး |
| | ၂။ သမ္မာသင်္ကပ္ပ | = | ၂။ ဝိတက် | |
| | ၃။ သမ္မာဝါစာ | = | ၃။ သမ္မာဝါစာ | |
| | ၄။ သမ္မာကမ္မန္တ | = | ၄။ သမ္မာကမ္မန္တ | |
| | ၅။ သမ္မာအာဇီဝ | = | ၅။ သမ္မာအာဇီဝ | |
| | ၆။ သမ္မာဝါယာမ | = | ၆။ ဝီရိယ | |
| | ၇။ သမ္မာသတိ | = | ၇။ သတိ | |
| | ၈။ သမ္မာသမာဓိ | = | ၈။ ဧကဂ္ဂတာ | |
| | ၉။ မိစ္ဆာဒိဋ္ဌိ | = | ၉။ ဒိဋ္ဌိ | အကုသိုလ် မဂ္ဂင် ၄ ပါး |
| | ၁၀။ မိစ္ဆာသင်္ကပ္ပ | = | ၁၀။ (ဝိတက်) | |
| | ၁၁။ မိစ္ဆာဝါယာမ | = | ၁၁။ (ဝီရိယ) | |
| | ၁၂။ မိစ္ဆာသမာဓိ | = | ၁၂။ (ဧကဂ္ဂတာ) | |

သရုပ် ၁၂ ပါး၊ တရားကိုယ် ၉ ပါး။

**အဓိပ္ပါယ် (၁၇)** ဤတရားတို့သည် သုဂတိဘုံသို့လည်းကောင်း၊ ဒုဂ္ဂတိဘုံသို့လည်းကောင်း ၎င်းတို့မှလွတ်သော နိဗ္ဗာန်သို့လည်းကောင်း ရောက်စေတတ်သောကြောင့် 'မဂ်' မည်ကုန်၏။ လိုရင်းမှာ မြို့ရွာသို့သွားသော လမ်းကြောင်းနှင့် တူသောကြောင့် မဂ်မည်ကုန်၏။ အဘယ်သို့တူသနည်း။ လမ်းကြောင်းသည် မြို့ရွာ စသည်သို့ ရောက်ကြောင်း ဖြစ်သကဲ့သို့ ကုသိုလ်မဂ်တို့သည် သုဂတိဘဝသို့လည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း ရောက်ကြောင်းဖြစ်၏။ အကုသိုလ်မဂ်တို့သည် ဒုဂ္ဂတိဘဝသို့ရောက်ကြောင်းလမ်း ဖြစ်၏။ ဤသို့တူ၏မှတ်ပါ။ သမ္မာဒိဋ္ဌိ စသည်တို့သည် ထိုမဂ်၏ အစိတ်အပိုင်း ဖြစ်သောကြောင့် **'မဂ္ဂင်'** မည်ကုန်၏။

# (၄) ဣန္ဒြေ ၂၂ ပါး

စာကိုယ် (၁၈)

| | | | |
|---|---|---|---|
| ၁။ | စက္ခုန္ဒြေ | - စက္ခုပသာဒရုပ် | ရုပ်ဣန္ဒြေ ၇ ပါး။ |
| ၂။ | သောတိန္ဒြေ | - သောတပသာဒရုပ် | |
| ၃။ | ဃာနိန္ဒြေ | - ဃာနပသာဒရုပ် | |
| ၄။ | ဇိဝှိန္ဒြေ | - ဇိဝှါပသာဒရုပ် | |
| ၅။ | ကာယိန္ဒြေ | - ကာယပသာဒရုပ် | |
| ၆။ | ဣတ္ထိန္ဒြေ | - ဣတ္ထိဘာဝရုပ် | |
| ၇။ | ပုရိသိန္ဒြေ | - ပုမ္ဘာဝရုပ် | |
| ၈။ | ဇီဝိတိန္ဒြေ | - ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ-ရုပ်နာမ်။ | |
| ၉။ | မနိန္ဒြေ | - စိတ် | =နာမ်ဣန္ဒြေ ၁၄။ |
| ၁၀။ | သုခိန္ဒြေ | - (= ဝေဒနာ) | |
| ၁၁။ | ဒုက္ခိန္ဒြေ | - (= ဝေဒနာ) | |
| ၁၂။ | သောမနဿိန္ဒြေ | - (= ဝေဒနာ) | |
| ၁၃။ | ဒေါမနဿိန္ဒြေ | - (= ဝေဒနာ) | |
| ၁၄။ | ဥပေက္ခိန္ဒြေ | - (= ဝေဒနာ) | |
| ၁၅။ | သဒ္ဓိန္ဒြေ | - သဒ္ဓါ | |
| ၁၆။ | ဝီရိယိန္ဒြေ | - ဝီရိယ | |
| ၁၇။ | သတိန္ဒြေ | - သတိ | |
| ၁၈။ | သမာဓိန္ဒြေ | - ဧကဂ္ဂတာ | |
| ၁၉။ | ပညိန္ဒြေ | - (ပညာ) | |
| ၂၀။ | အနညာတညဿာမီတိန္ဒြေ | (ပညာ) | |
| ၂၁။ | အညိန္ဒြေ | - (ပညာ) | |
| ၂၂။ | အညာတာဝိန္ဒြေ | - (ပညာ) | [၇ + ၁ + ၁၄ = ၂၂] |

သရုပ် ၂၂ ပါး၊ တရားကိုယ် ၁၆ ပါး။

အဓိပ္ပာယ် (၁၈) ဤတရားတို့သည် မိမိ မိမိ တို့၏ ကိစ္စတို့၌ အစိုးရကြသောကြောင့် ဣန္ဒြေ မည်ကုန်၏။ အဘယ်သို့ အစိုးရကြကုန်သနည်း—

၁။ စက္ခုန္ဒြေသည် မြင်မှုကိစ္စ၌ စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်များကို အစိုးရ၏။
၂။ သောတိန္ဒြေသည် ကြားမှု ကိစ္စ၌ သောတ ဝိညာဏ် စိတ္တုပ္ပါဒ်များကို အစိုးရ၏။
၃။ ဃာနိန္ဒြေသည် နံမှုကိစ္စ၌ ဃာနဝိညာဏ် စိတ္တုပ္ပါဒ်ကို အစိုးရ၏။
၄။ ဇိဝှိန္ဒြေသည် အရသာကိစ္စ၌ ဇိဝှါဝိညာဏ် စိတ္တုပ္ပါဒ်များကို အစိုးရ၏။
၅။ ကာယိန္ဒြေသည် တွေ့ထိမှု၌ ကာယဝိညာဏ် စိတ္တုပ္ပါဒ်များကို အစိုးရ၏။
၆။ ဣတ္ထိန္ဒြေသည် မိန်းမဖြစ်မှုကိစ္စ၌ ကိုယ်ခန္ဓာရုပ်ဒြပ်များကို အစိုးရ၏။
၇။ ပုရိသိန္ဒြေသည် ယောကျ်ားဖြစ်မှု ကိစ္စ၌ ကိုယ်ခန္ဓာရုပ်ဒြပ်များကို အစိုးရ၏။
၈။ ဇီဝိတိန္ဒြေ၌ (က) ရုပ်ဇီဝိတသည် စောင့်ရှောက်မှု၌ ကမ္မဇရုပ်များကို အစိုးရ၏။
(ခ) နာမ်ဇီဝိတသည် စောင့်ရှောက်မှု၌ နာမ်တရားများကို အစိုးရ၏။
၉။ မနိန္ဒြေသည် အာရုံသိမှုကိစ္စ၌ စေတသိက် တရားများကို အစိုးရ၏။
၁၀။ သုခိန္ဒြေသည် ကောင်းသော ဖောဋ္ဌဗ္ဗာရုံကို ထိတွေ့မှုကိစ္စ၌ (ဝါ) ခံစားရာ၌ ကာယဝိညာဏ်စိတ္တုပ္ပါဒ်များကို အစိုးရ၏။

တတိယအကြိမ်

၁၁။ ဒုက္ခိန္ဒြေသည် မကောင်းသောဖောဋ္ဌဗ္ဗာရုံကို တွေ့ထိမှုကိုစွဲ၍ (ဝါ) ခံစားရာ၌ ကာယဝိညာဏ်စိတ္တုပ္ပါဒ်များကို အစိုးရ၏။

၁၂။ သောမနဿိန္ဒြေသည် ကောင်းသော အာရုံများကို ဝမ်းသာ ရွှင်ပျ ခံစားရာ၌ သောမနဿစိတ္တုပ္ပါဒ် ၆၂ ပါးကို အစိုးရ၏။

၁၃။ ဒေါမနဿိန္ဒြေသည် မကောင်းသော အာရုံများကို ဝမ်းနည်း၊ မရွှင်၊ စိတ်ဆိုး၊ စိတ်ညစ် ခံစားရာ၌ ဒေါမနဿစိတ္တုပ္ပါဒ် ၂ ပါးတို့ကို အစိုးရ၏။

၁၄။ ဥပေက္ခိန္ဒြေသည် အလယ်အလတ် အာရုံများကို ဝမ်းမသာ၊ ဝမ်းမနည်း လျစ်လျူသဘော ခံစားရာ၌ ဥပေက္ခာစိတ္တုပ္ပါဒ် ၅၅တို့ကို အစိုးရ၏။

၁၅။ သဒ္ဓိန္ဒြေသည် ကြည်လင်မှုကိုစွဲ၍ သောဘဏစိတ္တုပ္ပါဒ် ၅၉ တို့ကို အစိုးရ၏။

၁၆။ ဝီရိယိန္ဒြေသည် အားထုတ်မှုကိုစွဲ၍ ဝီရိယစိတ္တုပ္ပါဒ် ၇၃ ခုတို့ကို အစိုးရ၏။

၁၇။ သတိန္ဒြေသည် မမေ့မပျောက်မှု ကိုစွဲ၍ သောဘဏစိတ္တုပ္ပါဒ် ၅၉ တို့ကို အစိုးရ၏။

၁၈။ သမာဓိန္ဒြေသည် တည်ကြည်မှုကိုစွဲ၍ ဣန္ဒြေထိုက်သော စိတ္တုပ္ပါဒ် ၇၂ တို့ကို အစိုးရ၏။ (ဝိစိကိစ္ဆာကြဉ်သော သဟိတ်စိတ် ၇၀၊ မနောဒွါရာဝဇ္ဇန်း ၁၊ ဟသိတုပ္ပါဒ် ၁၊ ပေါင်း ၇၂ ပါး။)

၁၉။ ပညိန္ဒြေသည် အတူးသိမှုကိုစွဲ၍ လောကီ တိဟိတ် စိတ္တုပ္ပါဒ် ၃၉ တို့ကို အစိုးရ၏။

တတိယအကြိမ်

## ဖိုလ် ၉ ပါး

နှာကိုယ် (၁၉)
၁။ သဒ္ဓါဖိုလ် - သဒ္ဓါ (ကုသိုလ်)
၂။ ဝီရိယ - ဝီရိယ (ကုသိုလ်၊ အကုသိုလ်)
၃။ သတိ - သတိ (ကုသိုလ်)
၄။ သမာဓိ - ဧကဂ္ဂတာ(ကုသိုလ်၊အကုသိုလ်)
၅။ ပညာဖိုလ် - (ပညာ) အမောဟ (ကုသိုလ်)
၆။ ဟိရီ - ဟိရီ (ကုသိုလ်)
၇။ ဩတ္တပ္ပ - ဩတ္တပ္ပ (ကုသိုလ်)
၈။ အဟိရိက - အဟိရိက (အကုသိုလ်)
၉။ အနောတ္တပ္ပ - အနောတ္တပ္ပ (အကုသိုလ်)

သရုပ် ၉ပါး၊ ဟရားကိုယ် ၉ ပါး။

---

၂၀။ အနုညာဟုညသာမိတိန္ဒြေသည် အထူး သိမှု ကိစ္စ၌ (ဝ၁) ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကို ပယ်ရာ၌ သောတာပတ္တိမဂ် စိတ္တုပ္ပါဒ်ကို အစိုးရ၏။

၂၁။ အညိန္ဒြေသည် ကာမရာဂနှင့် ပဋိဃကို ပယ်ခြင်း၊ ကျန် ကိလေသာများကို ပယ်ခြင်း ကိစ္စ၌ သောတာပတ္တိဖိုလ် သကဒါဂါမိမဂ်,ဖိုလ်၊ အနာဂါမိမဂ်,ဖိုလ်၊ အရဟတ္တ မဂ်စိတ္တုပ္ပါဒ်များကို အစိုးရ၏။

၂၂။ အညာတာဝိန္ဒြေသည် သမ္ပယုတ်တရားများကို နိဗ္ဗာန်သို့ အာရုံပြုခြင်းကိစ္စ၌ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်တို့ကို အစိုး ရ၏။

ဤသို့ အသီးသီး အကျယ်သိပါလေ။

အဓိပ္ပါယ် (၁၉) ဤတရား ကိုးပါးတို့သည် မတုန်မလှုပ်မယိမ်း မယိုင် ကြံ့ခိုင် တည်မြဲသောကြောင့် "ဗလ" မည်ကုန်၏။ (ဝ၁) အားကြီးသောကြောင့် "ဗလ" မည်ကုန်၏။

၁။ သဒ္ဓါဗိုလ်သည်အသဒ္ဓိယ =မယုံကြည်သော အကုသိုလ် တရားများကြောင့် မတုန်လှုပ်၊ ကြံ့ခိုင် တည်မြဲ၏။ ထို့အတူ
၂။ ဝီရိယဗိုလ်သည် ကောသဇ္ဇ – ပျင်းရိသူ၏ အကုသိုလ် တရားများကြောင့်
၃။ သတိဗိုလ်သည် မုဋ္ဌသစ္စ = သတိမေ့သူ၏ အကုသိုလ် တရားများကြောင့်
၄။ သမာဓိဗိုလ်သည် ဥဒ္ဓစ္စ = ပျံ့လွင့်သူ၏ အကုသိုလ် တရားများကြောင့်
၅။ ပညာဗိုလ်သည် အဝိဇ္ဇာ = မသိသူ၏ အကုကုသိုလ် တရားများကြောင့်။
၆။ ဟိရီဗိုလ်သည် အဟိရိက = မရှက်သူ၏ အကုသိုလ် တရားများကြောင့်။
၇။ ဩတ္တပ္ပဗိုလ်သည် အနောတ္တပ္ပ = မကြောက်သူ၏ အကုသိုလ်တရားများကြောင့် မတုန်မလှုပ် ကြံ့ခိုင်တည် မြဲ၏။
၈။ အဟိရိကဗိုလ်သည် မိမိနှင့်အတူယှဉ်ဘက် အကုသိုလ် ၁၂ ပါးတို့၌ ခိုင်မြဲ၏။
၉။ အနောတ္တပ္ပဗိုလ်သည် မိမိနှင့်အတူယှဉ်ဘက် အကုသိုလ် စိတ် ၁၂ ပါးတို့၌ ခိုင်မြဲ၏။

ထိုဗိုလ် ၉ ပါးတို့တွင် ကုသိုလ်ဗိုလ် ၇ပါးကား မတုန်မလှုပ် မယိမ်းမယိုင် ကြံ့ခိုင်ရုံသာမဟုတ်၊ ဆန့်ကျင်ဘက် အကုသိုလ် များကို ပယ်သတ်နိုင်၏။ အကုသိုလ်ဗိုလ်များကား ယှဉ်ဘက် တရားတို့၌ မတုန်မလှုပ် မယိမ်းမယိုင် ကြံ့ခိုင်ခြင်းကိုသာ ပြု တတ်၏။ ဆန့်ကျင်ဘက် ကုသိုလ်များကိုမပယ်သတ်နိုင်ပေ။

## အဓိပတိ ၄ ပါး

စာကိုယ် (၂၀)

၁။ ဆန္ဒအဓိပတိ (ဆန္ဒ)
၂။ ဝီရိယအဓိပတိ (ဝီရိယ)
၃။ စိတ္တအဓိပတိ (စိတ်)
၄။ ဝီမံသအဓိပတိ (ပညာ)

သရုပ် ၄ ပါး၊ တရားကိုယ် ၄ ပါး။

---

**အဓိပ္ပာယ် (၂၀)** ဤတရားတို့သည် မိမိနှင့်စပ်ဆိုင်သော တရားတို့၏ အရှင်သခင်အကြီးအကဲဖြစ်သောကြောင့်'အဓိပတိ မည်ကုန်၏။ ဖြစ်ပေါ်ယှဉ်ဖက် တရားတို့ကို လွှမ်းမိုး အုပ်ချုပ် ဘုရင်လုပ်ပြီးလျှင် မိမိအလိုကျဖြစ်အောင် လိုက်ပါ စေနိုင်သော တရားများဟူလို။ ၎င်းတရားများ ၄ ပါး၊၃ ပါး၊ ၂ ပါး ဆုံစည်းသော်လည်း တပါးသာ အဓိပတိ ဖြစ်ရ၏။ ကျန်တရားများနောက်လိုက်သာ ဖြစ်၏။၎င်းပြင် ဒွိဟိတ်ဇော၊ တိဟိတ်ဇောများတွင် ပါသော အဓိပတိ တရားကိုယ် များသာ အဓိပတိထိုက်၏။

ထိုကြောင့် အဘိဓမ္မတ္ထဘာဝိနီ၌ "ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ" ဟု ဆိုပြီ။

### အဓိပတိနှင့် ဉာဏ်ခြေအထူး

အဓိပတိ အစိုးရမှုသည် ရှင်ဘုရင်သည် တတိုင်းပြည်လုံးကို အစိုးရ၏။ တကိုင်းပြည်လုံးက သူ့အလို လိုက်ရ၏။ ထိုအတူ တကွဖြစ်ဖက် တရားအားလုံးကို အစိုးရ၏။ တကွဖြစ်ဖက် တရားအားလုံးက အဓိပတိအလိုသို့ လိုက်ရ၏။

## အာဟာရ ၄ ပါး

| | | | |
|---|---|---|---|
| **စာကိုယ်** | ၁။ ကဗဠီကာရ အာဟာရ | | (ဩဇာရုပ်) |
| (၂၁) | ၂။ ဖဿ | ။ | (ဖဿ) |
| | ၃။ စေတနာ | ။ | (စေတနာ) |
| | ၄။ ဝိညာဏ | ။ | (စိတ်) |

သရုပ် ၄ ပါး၊ တရားကိုယ် ၄ ပါး။

---

ဣန္ဒြေ-အစိုးရမှုကား ဝန်ကြီးများသည် မိမိဌာနနှင့်သာအစိုးရ၏။ မိမိဌာနကိုသာ ပိုင်ဆိုင်၏။ အခြားဌာနများကိုမပိုင်ဆိုင်၊ ပိုင်ဆိုင်သောဝန်ကြီး၏အလိုအတိုင်း သဘောတူရ၏။ ထို့အတူ ဣန္ဒြေ ၂၂ ပါးတို့သည် မိမိ ဣန္ဒြေများကိုသာ အစိုးရ၏။ အခြား ဣန္ဒြေထိုက်သောတရားများ၌ အစိုးမရ၊ မပိုင်ဆိုင်ကြ၊ သူ့သဘောအတိုင်းသာ လိုက်ရ၏။

ကောရာဇ်မင်းနှင့် နယ်စားများကဲ့သို့လည်း မှတ်ပါလေဦး။

**အစိမ့်ပွယ်** (၂၁) ဤအာဟာရတို့သည် မိမိဆိုင်ရာ အကျိုးတရားများကို ဆောင်တတ်သောကြောင့် "အာဟာရ" မည်ကုန်၏။ အဘယ်သို့ ဆောင်သနည်း။ ကဗဠီကာရာဟာရသည် ဩဇာဟုဆိုအပ် ရှစ်ခုမြောက်သောရုပ်ကို ဆောင်တတ်၏။ ဖဿာဟာရသည် ဝေဒနာကို ဆောင်တတ်၏။ (ဖဿပစ္စယာ ဝေဒနာ)၊ စေတနာဟာရသည် ပဋိသန္ဓေ ဝိညာဏ်ကို ဆောင်တတ်၏။ (သင်္ခါရပစ္စယာ ဝိညာဏံ)၊ ဝိညာဏာဟာရသည် နာမ်ရုပ်ကို ဆောင်တတ်၏။ (ဝိညာဏပစ္စယာ နာမရူပံ)။

၁။ အစားအစာ အာဟာရသည် လူတို့၏ သက်ဆိုးတိုင် တည်တံ့ခြင်း၏ အကြောင်းဖြစ်၏။ ထို့ကြောင့် လူ့ ခန္ဓာကိုယ်ကို အစာအာဟာရတို့က ဆောင်ထားသည် ဆိုရ၏။ အစားအစာကိုစားမှသာ တည်တံ့ အသက် ရှည်နိုင်၏ဟု ဆိုလို၏။

၂။ အာရုံ, ပဿာဒ, ဝိညာဏ်တို့ တွေ့ဆုံသော ဖဿသည် သံသရာ ကျင်လည်ရာ၌ ဘဝအဆက်ဆက် ဖြစ်ဖို့ရာ အကြောင်းဖြစ်၏။ ထို့ကြောင့် ဖဿဖြစ်က ဝေဒနာ ဖြစ်၏။ ဝေဒနာက တဏှာဖြစ်၏။ တဏှာဖြစ်က ဥပါဒါန်,ဘဝ,ဇာတိ စသည် ဖြစ်ရတော့သည်။

၃။ ကုသိုလ်, အကုသိုလ်, စေတနာ, သင်္ခါရသည် နောက် နောက် ဘဝများ၌ ပဋိသန္ဓေ နေခြင်း၏ အကြောင်း ဖြစ်၏။ ထို့ကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ"ဟု ဟောတော်မူ၏။ ကံပြုလုပ်က နောက်နောက်ဘဝတို့၌ ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်ကို ဖြစ်စေမည်သာ ဖြစ်၏ဟုလို။

၄။ ဝိပါက်ဝိညာဏ် ဟူသော ဝိညာဏာဟာရသည် နာမ်, ရုပ်ဟူသော ခန္ဓာကိုယ်မပျက်ရအောင် ဆောင်ယား သောကြောင့် အကြောင်းတရား ဖြစ်၏။ ထို့ကြောင့် သာလျှင် ခန္ဓာအစဉ်သည် မပျက်စီးနိုင်ပဲ တည်တံ့ နေရပေသည်။ ဤသို့ အာဟာရလေးပါး၏ ဆောင် တတ်ပုံ အကြောင်းဖြစ်ပုံများကို သိပါလေ။

တတိယအကြိမ်

ဤမိဿကသင်္ဂဟ၌ သရုပ်ကျေပွန်ရန် အောက်ပါ 'ဝိသုဒ္ဓါရုံ' လင်္ကာဖြင့် ခွဲပါလေ။

* ပညာငါးမည်၊ လေးမည်ဝီရိ၊ သမာဓိတည်း၊ သတိစိတ္တ၊ မည်ရသုံးဖြာ၊ ဝေဒနာနှင့်၊ သဒ္ဓါဝိတက်၊ နှစ်ချက်မည်ရ၊ ဝိစာရက၊ စသည်ကြွင်းရစ်၊ နှစ်ဆယ့် ရှစ်မှာ၊ တမည်သာတည်း၊ ပေါင်းခါမူချုံ၊ ရုပ်ကကိုးတန်၊ နာမ်နှစ်ဆယ့်ခု၊ ဆတ္တိံ မှန်၏၊ ပိုလွန် ကြွင်းထ၊ ဆဗ္ဗိ သစေ၊ ရူပေဆယ့်ကိုး၊ တမျိုးနိဗ္ဗာန်၊ အမှန်လေးဆယ်၊ ခြောက်ခုကယ်သည်၊ ခေါ်ဖွယ်နာမ၊ မည်မရသည်၊ ရွေးမျှဆံချည် မတိမ်းသည်း။ ။

ရင်းလင်္ကာအဖြေ

၁။ ပညာငါးမည်-ဟိတ်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ အဓိပတိ ၅ မည်တည်း။

၂။ လေးမည်ဝီရိ-မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ အဓိပတိ၊ ၄ မည်တည်း။

၃။ သမာဓိလေးမည်-ဈာနင်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ် ၄ မည်တည်း။

၄။ သတိသုံးမည်-မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ် ၃ မည်တည်း။

၅။ စိတ္တသုံးမည်-ဣန္ဒြေ၊ အဓိပတိ၊ အာဟာရ ၃ မည်တည်း။

၆။ ဝေဒနာနှစ်မည်-ဈာနင်၊ ဣန္ဒြေ ၂ မည်တည်း။

၇။ သဒ္ဓါနှစ်မည်-ဣန္ဒြေ၊ ဗိုလ် ၂ မည်တည်း။

၈။ ဝိတက္ကနှစ်မည်-ဈာနင်၊ မဂ္ဂင် ၂ မည်တည်း။

တတိယအကြိမ်

ကြွင်း ၂၈ တွင်—

| | | | |
|---|---|---|---|
| ၁။ | ဝိစာရသည် | ဈာနင်အမည် | တပါးသာ၊ |
| ၂။ | ဖဿသည် | အာဟာရအမည် | ။ |
| ၃။ | စေတနာသည် | အာဟာရအမည် | ။ |
| ၄။ | ဇီဝိတိန္ဒြိယသည် | ဣန္ဒြေအမည် | ။ |
| ၅။ | ပီတိသည် | ဈာနင် | ။ |
| ၆။ | ဆန္ဒသည် | အဓိပတိ | ။ |
| ၇။ | လောဘသည် | ဟိတ် | ။ |
| ၈။ | ဒိဋ္ဌိသည် | မဂ္ဂင် | ။ |
| ၉။ | ဒေါသသည် | ဟိတ် | ။ |
| ၁၀။ | မောဟသည် | ဟိတ် | ။ |
| ၁၁။ | အဟိရိကသည် | ဗိုလ် | ။ |
| ၁၂။ | အနောတ္တပ္ပသည် | ဗိုလ် | ။ |
| ၁၃။ | ဟိရိသည် | ဗိုလ် | ။ |
| ၁၄။ | ဩတ္တပ္ပသည် | ဗိုလ် | ။ |
| ၁၅။ | အလောဘသည် | ဟိတ် | ။ |
| ၁၆။ | အဒေါသသည် | ဟိတ် | ။ |
| ၁၇။ | သမ္မာဝါစာသည် | မဂ္ဂင် | ။ |
| ၁၈။ | သမ္မာကမ္မန္တသည် | မဂ္ဂင် | ။ |
| ၁၉။ | သမ္မာအာဇီဝသည် | မဂ္ဂင် | ။ |
| ၂၀။ | စက္ခုသည် | ဣန္ဒြေ | ။ |
| ၂၁။ | သောတသည် | ။ | ။ |
| ၂၂။ | ဃာနသည် | ။ | ။ |
| ၂၃။ | ဇိဝှါသည် | ။ | ။ |

| | | |
|---|---|---|
| ၂၄။ ကာယသည် | ဣန္ဒြေ | တပါးသာ |
| ၂၅။ ဣတ္ထိဘာဝသည် | ။ | ။ |
| ၂၆။ ပုရိသဘာဝသည် | ။ | ။ |
| ၂၇။ ရုပ်ဇီဝိတသည် | ။ | ။ |
| ၂၈။ ဩဇာသည် | အာဟာရ | ။ |

ပေါင်းခါမူချ၊ ရုပ်က ကိုးတန်၊ နာမ်နှစ်ဆယ့်ခုနစ်ကား–

အထက်ပါ ပြဆိုခဲ့သောတရားကိုယ်များတွင် ၁။ ပညာမှစ၍ (၈) အထိ တရပ်၊ ၁။ ဝိစာရမှစ၍ (၁၉)ထိ တရပ်၊ နှစ်ရပ်ပေါင်းသော် နာမ်တရားကိုယ် ၂၇ ရ၏။ ရုပ်တရားကိုယ် ကိုးပါးမှာ ၂၀ မှစ၍ ၂၈ထိ၊ ၉ ပါးတည်း။ ဤကဲ့သို့ နာမ်တရားကိုယ် ၂၇ပါး၊ ရုပ်တရားကိုယ် ၉ ပါး ပေါင်းသော် (ဆတ္တိံသ) ၃၆ပါး အမှန်ရ၏။ ဤ မိဿကသင်္ဂဟ၌ ၃၆ ပါးသော တရားကိုယ်များကို အမည် ၇ပါးတို့ဖြင့် ထိုက်သင့်သလို ဝေဖန်ထားသည်။ ကျန်စေတသိက် ၂၆၊ ရုပ် ၉၊ နိဗ္ဗာန်၊ ရင်းတို့ကို မဝေဖန်ပေ။ ထိုကြောင့် ရင်း ၃၆ ပါးတို့သည် ဟိတ်စသော အမည် ၇မျိုးတွင် တမည်မျှ မရဟူလို။

**မိဿကသင်္ဂဟ ပြီးပြီ**

**တတိယအကြိမ်**

## ဗောဓိပက္ခိယသင်္ဂဟ

"ဗောဓိ"မည်သော မဂ်ဉာဏ်၏ အသင်းအပင်း ဖြစ်သော တရားများကိုပြသော အပိုင်းအခန်းဖြစ်သောကြောင့် "ဗောဓိပက္ခိယသင်္ဂဟ"ဟု ခေါ်သည်။

ဗောဓိအသင်းအပင်းဖြစ်သောတရားများမှာ—

၁။ မဟာကုသိုလ်စိတ် ၈ ပါး

၂။ မဟာကြိယာစိတ် ၈ ပါး

၃။ ရူပ၊ အရူပ၊ လောကုတ္တရာ အပ္ပနာ ဇော ၂၆။

ဤလေးဆယ့်နှစ်ပါးသော စိတ်နှင့် ၎င်းနှင့်ယှဉ်သော စေတသိက်များတည်း။

ဤသမုစ္စည်းအပိုင်းအစ၌ (ဝတ္ထုဓမ္မ၊ သဘာဝလက္ခဏာ) ဒြပ်၊ တရားကိုယ် လက္ခဏာ ရစ်ကောင်းသော တရားများကိုသာ ပြမည်ဟု ဆိုထားခဲ့သဖြင့် ဤဗောဓိပက္ခိယ သင်္ဂဟ၌ စိတ်ဟု တရားကိုယ်ကောက်လျှင် ၄၂ ပါး။ သတိဟုဆိုလျှင် ၄၂၌ ယှဉ်သော သတိ ဟုမှတ်။ ဤနည်းတူ ဝီရိယဆိုလျှင်လည်း ၄၂ ပါးယှဉ်သော ဝီရိယ စသည်မှတ်ပါလေ။

ဤဗောဓိပက္ခိယသင်္ဂဟ၌

* သတိ၊ သမ္မ၊ ဣဒ်၊ ဣန်၊ ဗ၊ ဗော်ဇ္ဈ၊ မဂ် ခုနစ်ဟူသည်နှင့် အညီ—

၁။ သတိပဋ္ဌာန် ၄ ပါး

၂။ သမ္မပ္ပဓာန် ၄ ပါး

၃။ ဣဒ္ဓိပါဒ် ၄ ပါး

၄။ ဣန္ဒြေ ၅ ပါး

## (၁) သတိပဋ္ဌာန် ၄ ပါး

| | | | |
|---|---|---|---|
| စာကိုယ် (၂၆) | ၁။ ကာယာနုပဿနာ သတိပဋ္ဌာန် | | |
| | ၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် | } | ၄၂ပါး၌ ယှဉ်သော(သတိ) |
| | ၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန် | | |
| | ၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် | | |

သရုပ် ၄ပါး၊ တရားကိုယ် ၁ ပါ။

---

| | |
|---|---|
| ၅။ ဗိုလ် | ၅ ပါး |
| ၆။ ဗောဇ္ဈင် | ၇ ပါး |
| ၇။ မဂ္ဂင် | ၈ ပါး |

ဤ တရား ၇မျိုးတို့ကို ဝေဖန်၍ ပြလိမ့်မည်။

အဓိပ္ပာယ် ဤတရားတို့သည် အာရုံ၌ လွန်စွာ သက်ဝင်၍ (၂၆) တည်တတ်သောကြောင့် သတိပဋ္ဌာန်မည်ကုန်၏။

၁။ ကာယ-ကိုယ်၊ အနုပဿနာ အဖန်ဖန် ကြည့်ရှုခြင်း၊ ကာယာနုပဿနာ သတိပဋ္ဌာန် ၃၂-ကောဋ္ဌာသ ကိုယ်ကာယကို အာရုံပြု၍ အသုဘဟု အဖန်ဖန်ရှုသော သတိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်။

၂။ ဝေဒနာ - အာရုံကို ခံစားခြင်း၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်-အာရုံ၌ ခံစားတတ်သောဝေဒနာကို အာရုံပြု၍ "ဒုက္ခ"ဟု အဖန်ဖန်ရှုသော သတိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်

၃။ စိတ္တ-စိတ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်- ရာဂစိတ်၊ ဒေါသစိတ် စသည်ကိုအာရုံပြု၍ "အနိစ္စ"ဟု အဖန်ဖန်ရှုသော သတိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်။

တတိယအကြိမ်

၄။ ဓမ္မ- သညာ, သင်္ခါရဓမ္မ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်- သညာ, သင်္ခါရတို့ကို အာရုံပြု၍ "အနတ္တ"ဟု အဖန်ဖန်ရှုသော သတိပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်။ ဤကဲ့သို့ အာရုံပြုခြင်းအားဖြင့်မတူပဲ ကွဲပြားသောကြောင့် လည်းကောင်း၊ ရှုပုံအခြင်းအရာ ကွဲပြားသောကြောင့် လည်းကောင်း၊ သတိတရား တပါးတည်း ဖြစ်သော် လည်း သတိပဋ္ဌာန်လေးပါး ဖြစ်သည်။

၁။ ကာယာနုပဿနာသတိပဋ္ဌာန်ဖြင့် ၃၂ကောဋ္ဌာသခန္ဓာ ကိုယ်ပေါ်၌ သုဘဟု စွဲလမ်း ထင်မြင် ဖောက်ပြန်ခြင်း ကိုပယ်ရှား၏။ "အသုဘ"ဟု ထင်မြင်အောင် ရှုရ၏။

၂။ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ဖြင့် အာရုံအရသာကို ခံစားမှုအားလုံးအပေါ်၌ သုခ-ဟု ထင်မြင်ဖောက်ပြန် ခြင်းကို ပယ်ရှား၏၊ ဒုက္ခ-ဟု ထင်မြင်အောင် ရှုရ၏။

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြင့် စိတ်အားလုံးကို အာ ရုံပြု၍ "နိစ္စ"ဟု ထင်မြင် ဖောက်ပြန်ခြင်းကို ပယ်၏။ အနိစ္စ-ဟု ထင်မြင်အောင် ရှုရ၏။

၄။ ဓမ္မာနုပဿာ သတိဋ္ဌာန်ဖြင့် (အထက် အနုပဿနာ တို့မှ ကြွင်းကျန်သော) သညာ, သင်္ခါရတို့ အပေါ်၌ "အတ္တ"ဟု ထင်မြင် ဖောက်ပြန်ခြင်းကို ပယ်ရှား၏။ အနတ္တ-ဟုထင်မြင်အောင် ရှုရ၏။ ဤသို့အနုပဿနာ၏ ပယ်ရှားပုံသည်လည်း၄မျိုး ရှိသောကြောင့်သတိတရား တပါးတည်း ဖြစ်သော်လည်း သတိပဋ္ဌာန် ၄ ပါးဖြစ် သည်မှတ်။ ဤသတိပဋ္ဌာန်တရားကို တတ်အားရှိသ လောက်ကျင့်ကြံအားထုတ်က ကောင်းမြတ်သည်သာ။

သတိပဋ္ဌာန် ပြီး၏။

## (၂) သမ္မပ္ပဓာန် ၄ ပါး

စာကိုယ် ၁။ ဖြစ်ပြီးအကုသိုလ်ကိုပယ်ခြင်း ) ၄၂ပါး
(၂၇) ၂။ မဖြစ်သေးသောအကုသိုလ်ကိုမဖြစ်စေခြင်း | ၌ ယှဉ်
၃။ မဖြစ်သေးသောကုသိုလ်ကိုဖြစ်စေခြင်း > သော
၄။ ဖြစ်ပြီးသောကုသိုလ်ကို ပွားများခြင်း ) (ဝီရိယ)
သရုပ် ၄ ပါး၊ တရားကိုယ် ၁ ပါး။

---

အဓိပ္ပာယ် သမ္မပ္ပဓာန်ဟူသည် မှန်ကန်ဖြောင့်ဖြူးသော အား
(၂၇) ထုတ်ခြင်းတည်း။ သမ္မပ္ပဓာန်-ဝီရိယကား အလွန်
အကဲ ဇွဲကောင်းသော ဝီရိယတည်း။ အရိုးကြေ့စေ၊ အရေခြောက်စေ၊ အကြောကြွင်းစေ၊ အသား, အသွေးခန်းစေ၊ အင်္ဂါလေးပါးရှိသော ဝီရိယဟူလို။

* ရိုးကြေ့ရေခြောက်၊ ခန်းခြောက် သွေးသား၊
ကြွင်းညား အကြော၊ ၄ ပါးသာဘည်း။

၁။ ဖြစ်ပြီးအကုသိုလ်ကိုပယ်ခြင်း ဆိုသည်မှာ-မိမိသန္တာန်၌ ရှေးကဖြစ်ပေါ်ဖူးသော အကုသိုလ်မျိုးကို၊ နောက်နောင်အခါ၌ မဖြစ်ပေါ်ရအောင် စိတ်ကထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်ခြင်း၊ တရားနှလုံးသွင်းခြင်း၊ စာကြည့်၊ စာကျက်နေခြင်းများတည်း။

၂။ မဖြစ်သေးသော အကုသိုလ်ကိုမဖြစ်စေခြင်းဆိုသည်မှာ မိမိသန္တာန်၌ မဖြစ်ပေါ်ဖူးသေးသော သူတပါးတို့သန္တာန်၌ ဖြစ်ပေါ်သည်ကိုလည်းကောင်း၊ ပညာဗဟုသုတဖြင့် ကြားဖူး၍လည်းကောင်း၊ "ထိုအကုသိုလ်မျိုးသည် ငါ့သန္တာန်မှာလည်း ကိန်းဝပ်တည်နေ၏။

## (၃) ဣဒ္ဓိပါဒ် ၄ ပါး

**စာကိုယ်** ၁။ ဆန္ဒဣဒ္ဓိပါဒ် (ဆန္ဒ)
(၂၈) ၂။ ဝီရိယဣဒ္ဓိပါဒ် (ဝီရိယ)
၃။ စိတ္တဣဒ္ဓိပါဒ် (စိတ်) (ကုသိုလ်စိတ် ၂၁)
၄။ ဝီမံသဣဒ္ဓိပါဒ် (ပညာ)
သရုပ် ၄ ပါး၊ တရားကိုယ် ၄ ပါး။

---

အကြောင်းညီညွတ်က ငါ့သန္တာန်မှာလည်း ဖြစ်ကြလည့်သော''ဟု ထိုအကုသိုလ်ဖြစ်ခွင့်မရအောင်၊ မဖြစ်နိုင်အောင်၊ ကမ္မဋ္ဌာန်း အားထုတ်ခြင်း၊ တရားနှလုံးသွင်းခြင်း၊ စာကြည့်၊စာကျက်နေခြင်းတည်း။

၃။ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေခြင်း ဆိုသည်မှာ သီလဝိသုဒ္ဓိစသော စင်ကြယ်ကောင်းမြတ်သော မဖြစ်သေးသော ကုသိုလ်မျိုးကို အပိုင်အနိုင်ရအောင် အားထုတ်ခြင်းတည်း။

၄။ ဖြစ်ပြီးသော ကုသိုလ်ကို ပွားများခြင်းဆိုသည်မှာ မိမိသန္တာန်၌ ရှေးကဖြစ်ပေါ်ဖူးသော ကုသိုလ်ကိုမပျက်စီးစေပဲ ထပ်ခါ ထပ်ခါ ဆင်ခြင် အောက်မေ့ခြင်း၊ ထက်ထပ်ခါခါ အားထုတ်ခြင်းတည်း။

၎င်းသမ္မပ္ပဓာန် ဝီရိယ လေးပါးအနက် တပါးပါးကို အားထုတ်က ၄ ပါးလုံး ပြီးစီးနိုင်၏မှတ်လေ။

သမ္မပ္ပဓါန်ပြီး၏။

**အဓိပ္ပာယ်** ဤတရားတို့သည် ပြီးစီးထမြောက် အောင်မြင်ခြင်း
(၂၈) ၏အခြေခံအကြောင်းဖြစ်သောကြောင့် ''ဣဒ္ဓိပါဒ်'' မည်ကုန်၏။ အကျယ်ရှင်းလင်းဦးအံ့။ ဣဒ္ဓိ ဟူသည်

## (၄) ဣန္ဒြေ ၅ ပါး

စ၊ကိုယ် ၁။ သဒ္ဓါဣန္ဒြေ (သဒ္ဓါ)
(၂၉) ၂။ ဝီရိယဣန္ဒြေ (ဝီရိယ)
၃။ သတိဣန္ဒြေ (သတိ)
၄။ သမာဓိဣန္ဒြေ (ဧကဂ္ဂတာ)
၅။ ပညာဣန္ဒြေ (ပညာ)

စိတ် ၄၂ ပါး၌ယှဉ်သော သဒ္ဓါစသည် ဖြစ်၏။
သရုပ် ၅ ပါး၊ တရားကိုယ် ၅ ပါး။

---

ဈာန်၊ မဂ်၊ ဖိုလ်တရားတို့တည်း။ ထိုဈာန်၊ မဂ်၊ ဖိုလ်တို့၏ ပြီးစီး ထမြောက်ခြင်း၏ အခြေခံအကြောင်းတို့သည် ပြဆိုခဲ့ပြီးသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ ဤဣဒ္ဓိပါဒ်တရားတို့တည်း။ ပြင်းထန်သော ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတို့သည် ဈာန်ကိုလည်းကောင်း၊ မဂ်ကိုလည်းကောင်း၊ ဖိုလ်ကိုလည်းကောင်းရခြင်း၏အကြောင်း တို့ဖြစ်ကုန်၏ ဟူလို။ ပြင်းထန်သော ဆန္ဒ စသည်မှာ အဓိပတိ ထိုက်သော ဆန္ဒသည် ဖြစ်ရ၏။ အဓိပတိကိစ္စတပ်သော ဆန္ဒ စသည်တို့သာလျှင် ဣဒ္ဓိပါဒ်ဖြစ်၏။ သာမန်ဖြစ်သောဆန္ဒစသည် တို့မှာ ဣဒ္ဓိပါဒ် မဖြစ်ပေ။

ဣဒ္ဓိပါဒ်ပြီး၏။

အဓိပ္ပာယ် ဤတရားတို့သည် စိတ်ကိုအစိုးတရ ပိုင်နိုင်သော (၂၉) ကြောင့် "ဣန္ဒြေ"မည်ကုန်၏။ သဒ္ဓါ ယုံကြည်မှု သည်၊ ဘုရား၌ သက်ဝင် ယုံကြည်ခြင်း တရား သံဃာ၊ အကျင့် သိက္ခာပုဒ်၌ သက်ဝင် ယုံကြည်ခြင်း ဟူသော သောတာပတ္တိမဂ်သို့ ရောက်ကြောင်း အင်္ဂါလေးပါး၌ လွန်စွာ အားရှိ၏။ စိတ်ကို အစိုးတရ ပိုင်နိုင်၏။ ထိုကြောင့် ဣန္ဒြေ ထိုက်၏။

## (၅) ဗိုလ် ငါးပါး

**စာကိုယ် (၃၀)** ဣန္ဒြေ ငါးပါးသည်ပင် တစုံတခုသော ဆန့်ကျင်ဘက် တရားတို့ဖြင့် မလှုပ်ရှားနိုင်၊ ခိုင်ခံ့ တောင့်တင်းလှ၏။ အားကောင်းလှ၏။ ထို့ကြောင့် 'ဗိုလ်'မည်လေသည်။
တရားကိုယ်နှင့်အဓိပ္ပာယ်ဣန္ဒြေနှင့် အားလုံးတူ၏။

---

သမ္မပ္ပဓာန် ဝီရိယသည် လွန်စွာအားရှိ၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင်အစိုးရ၏။ ထို့ကြောင့် ဣန္ဒြေမည်၏။
သတိပဋ္ဌာန် သတိသည် လွန်စွာ အားရှိ၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင်အစိုးရ၏။ ထို့ကြောင့် ဣန္ဒြေမည်၏။
ဈာန်ဥ္ပါသော ဧကဂ္ဂတာသည် လွန်စွာအားရှိ၏။ စိတ်ကို အစိုးရ၏။ ထို့ကြောင့် ဣန္ဒြေမည်၏။
သစ္စာလေးပါးကို သိသောပညာသည် လွန်စွာ အားရှိ၏။ စိတ်ကိုအစိုးရ၏။ ထို့ကြောင့် ဣန္ဒြေမည်၏။

ဗိုလ်ပြီး၏။

## (၆) ဗောဓိပက္ခိယ ခုနစ်ပါး

| | | | |
|---|---|---|---|
| စာကိုယ် | ၁။ သတိသံ ဗောဇ္ဈင် | | (သတိ) |
| (၁) | ၂။ ဓမ္မဝိစယ | ။ | (ပညာ) |
| | ၃။ ဝီရိယ | ။ | (ဝီရိယ) |
| | ၄။ ပီတိ | ။ | (ပီတိ) |
| | ၅။ ပဿဒ္ဓိ | ။ | =ကာယ၊ စိတ္တ (ပဿဒ္ဓိ) |
| | ၆။ သမာဓိ | ။ | (ဧကဂ္ဂတာ) |
| | ၇။ ဥပေက္ခာ | ။ | (တတြမဇ္ဈတ္တတာ) |

သရုပ် ၇ ပါး၊ တရားကိုယ် ၇ ပါး။

---

အဓိပ္ပာယ် ဤတရားတို့သည် ဗောဓိမည်သော ယောဂီပုဂ္ဂိုလ်၏
(၃၁) (ဝါ) "သံဗောဓိ" မည်သော မဂ်ဉာဏ်လေးပါး၏
အကြောင်းအင်္ဂါ အစိတ်အပိုင်း ဖြစ်သောကြောင့် "ဗောဇ္ဈင်" မည်ကုန်၏၊ (ဝါ) မဂ်ဉာဏ် လေးပါးကို ဖြစ်ပေါ်စေနိုင်သော အင်္ဂါအစိတ်အပိုင်း ဖြစ်ကုန်၏။

ခွဲ၍ပြဦးအံ့—

(၁) သတိပဋ္ဌာန်ထိုက်သောသတိသည် မိမိ၏အာရုံများကို အဖန်ဖန်ရှု၍ ကောင်းစွာကြီးပွားလာသောအခါ ပမာဒ=မေ့လျော့ခြင်းတရားကို ပယ်ရှားလျက်၊ အပ္ပမာဒ=မမေ့မလျော့ခြင်းတရားကိုပြည့်စုံစေပြီး လျှင် မဂ်ဉာဏ် ၄ ပါး၊သမ္ဗောဓိတရားကိုပေါ်စေ၏။ထိုကြောင့် သတိသည် သမ္ဗောဓိ ဖြစ်ပေါ်ခြင်း၏ အကြောင်းအင်္ဂါတရပ် ဖြစ်သောကြောင့်'ဗောဇ္ဈင်'မည်၏။

(၂) ဓမ္မဝိစယခေါ်ပညာသည် သင်္ခါရတရားအာရုံများကို အဖန်ဖန်ပွားများသဖြင့် ကြီးပွားလာသောအခါ တွေဝေမှု= သမ္မောဟတရားကို ပယ်ရှားလျက် မတွေမဝေ ထင်လင်းစွာ

သိမှု အသမ္မောဟတရားကို ပြည့်စုံစေပြီးလျှင် မဂ်ဉာဏ် ၄ ပါး သမ္မာဒိ တရားကို ဖြစ်ပေါ်စေ၏။ ထိုကြောင့် ပညာသည် သမ္မာဒိ ဖြစ်ပေါ်ခြင်း၏ အကြောင်းအင်္ဂါတရပ် ဖြစ်သောကြောင့် "ဗောဇ္ဈင်"မည်၏။

၃။ သမ္မပ္ပဓာန်ထိုက်သောဝီရိယသည် မိမိ၏**အာ**ရုံလေးပါး (ဥပ္ပန္နပါပက, အနုပ္ပန္နပါပက, ဥပ္ပန္နကုသလ, အနုပ္ပန္နကုသလ) တို့ကို အဖန်ဖန်ရှုလျက် ကောင်းစွာ ကြီးပွားလာသောအခါ ကုသိုလ် တရားတို့၌ တွန့်တိုဆုတ်နစ် ပျင်းရိခြင်း=ကောသဇ္ဇတရားကို ပယ်ရှားလျက် ကုသိုလ်မှုတို့၌ ရဲရဲဝင့်ဝင့် စွန့်စွန့်စားစား ကြိုးပမ်းအားထုတ်ခြင်း ဓုရသမ္ပဂ္ဂဟတရားကို ပြည့်စုံစေပြီးလျှင် မဂ်ဉာဏ်လေးပါးသမ္မာဒိတရားကိုဖြစ်ပေါ်စေ၏။

၄။ ပီတိစေတသိက်သည် ဘာဝနာ၏ အာရုံတို့၌ ကောင်းစွာ ကြီးပွားလာသောအခါ ကုသိုလ်မှုတို့၌ မပျော်မမွေ့ မနှစ်သက်ခြင်း= အရတိ တရားကို ပယ်ရှားလျက် ကုသိုလ်မှုတို့၌ နှစ်သက်ပျော်ရွှင်သော ဓမ္မရတိ၊ ဓမ္မနန္ဒီတရားတို့ကို ပြည့်စုံစေပြီး မဂ်ဉာဏ်လေးပါး သမ္မာဒိတရားကို ဖြစ်ပေါ်စေ၏။

၅။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ၂ ပါးသည် ဘာဝနာ၏ အာရုံတို့၌ ကောင်းစွာ ကြီးပွားလာသောအခါ အလုံးစုံစိတ်၏ ပူပန်မှု=သန္တာပတရားတို့ကို ပယ်ရှားလျက် အလုံးစုံ စိတ်၏ ငြိမ်းအေးမှု=ဥပသန္တ တရားတို့ကို ပြည့်စုံစေပြီးလျှင် မဂ်ဉာဏ် ၄ ပါး သမ္မာဒိတရားကို ဖြစ်ပေါ်စေ၏။

၆။ သမာဓိသည် ဘာဝနာ၏အာရုံတို့၌ ကောင်းစွာ ကြီးပွားလာသောအခါ စိတ်၏မတည်ကြည် လှုပ်ရှားမှု=ဝိက္ခေပတရားတို့ကိုပယ်ရှားလျက် စိတ်၏ တည်ကြည်ခိုင်မြဲမှု=ဧကဂ္ဂတာတရားတို့ကိုပြည့်စုံစေလျှင် မဂ်ဉာဏ် ၄ ပါးကို ဖြစ်ပေါ်စေ၏။

## မဂ္ဂင် ၈ ပါး

| | | | |
|---|---|---|---|
| စာကိုယ် (၃၂) | ၁။ သမ္မာဒိဋ္ဌိ | (ပညာ) | ပညာမဂ္ဂင် ၂။ |
| | ၂။ သမ္မာသင်္ကပ္ပ | (ဝိတက္က) | |
| | ၃။ သမ္မာဝါစာ | (သမ္မာဝါစာ) | သီလမဂ္ဂင် ၃။ |
| | ၄။ သမ္မာကမ္မန္တ | (သမ္မာကမ္မန္တ) | |
| | ၅။ သမ္မာအာဇီဝ | (သမ္မာအာဇီဝ) | |
| | ၆။ သမ္မာဝါယမ | (ဝီရိယ) | သမာဓိမဂ္ဂင် ၃။ |
| | ၇။ သမ္မာသတိ | (သတိ) | |
| | ၈။ သမ္မာသမာဓိ | (ဧကဂ္ဂတာ) | |

သရုပ် ၈ ပါး၊ ကရေးကိုယ် ၈ ပါး၊

---

၇။ ဥပေက္ခာခေါ် တတြမဇ္ဈတ္တတာ စေတသိက်သည် ဘာဝနာ၏ အာရုံတို့၌ ကောင်းစွာကြီးပွားလာသောအခါ စိတ်၏ နှုန်းညံ့ လွန်းခြင်း၊ ထက်မြက် လွန်းခြင်းတို့ကို ပယ်ရှားလျက် စိတ်၏မနှေး မထက်၊ အညီအညွတ် ရှက်ဆောင်မှု= သမဝါဟိတ တရားတို့ကိုပြည့်စုံစေလျက် မဂ်ဉာဏ် ၄ ပါးကို ဖြစ်ပေါ်စေ၏။

ဗောဇ္ဈင်ပြီး၏။

အဓိပ္ပာယ် (၃၂) ဤတရားတို့သည် သံသရာဝဋ်မှ လွတ်၍ ထွက်မြောက်ကြောင်း, မဂ်၏အစိတ်အပိုင်း အကြောင်း အင်္ဂါများ ဖြစ်သောကြောင့် "မဂ္ဂ" မည်ကုန်၏။

ခွဲဦးအံ့။ ။သစ္စာလေးပါးကို အမှန်အတိုင်း သိသော မဂ်ဉာဏ် ၈ ပါး၏ အစိတ်အပိုင်း ဖြစ်သော ပညာသည် မဖောက်မပြန် မြင်တတ်သောကြောင့် သမ္မာဒိဋ္ဌိမည်၏။ ဝိတက်သည် မဖောက်မပြန် အမှန်အတိုင်း ကြံစည်တတ်သောကြောင့် သမ္မာသင်္ကပ္ပမည်၏။ မဖောက်မပြန် အမှန်အတိုင်း ပြောဆိုခြင်း

ကြောင့် သမ္မာဝါစာမည်၏။ မဖောက်မပြန် အမှန်အတိုင်း ပြုလုပ်ခြင်းကြောင့် သမ္မာကမ္မန္တ၊ မဖောက်မပြန် အမှန်အတိုင်း အသက်မွေးခြင်းကြောင့် သမ္မာအာဇီဝ မည်၏။ ဝီရိယသည် မဖောက်မပြန် အမှန်အတိုင်း အားထုတ် ကြိုးပမ်းသောကြောင့် သမ္မာဝါယာမမည်၏။ သတိသည် မဖောက်မပြန် အမှန်အတိုင်း အောက်မေ့တတ်သောကြောင့် သမ္မာသတိမည်၏။ ဧကဂ္ဂတာသည် မဖောက်မပြန် အမှန်အတိုင်း စိတ်ကို တည်ကြည်ကောင်းမွန်စွာ ထားတတ်သောကြောင့် သမ္မာသမာဓိမည်၏။

ဤ၌ မဂ္ဂင်အစစ်ကား လောကုတ္တရာ မဂ်ဉာဏ်လေးပါး၌ ပါသော ဖော်ပြပါ တရားကိုယ် ၈ ပါးသာ မဂ္ဂင် ခေါ်ရ၏။ လောကီ မဂ္ဂင်တု များကား မဖောက်မပြန် အမှန်ဟူသော (သမ္မာ) ဘွဲ့တူးတတ်နိုင်လောက်သော တရားကိုယ် ၈ ပါး မရှိကြ။ ပညာ သာမန်၊ ဝိတက် သာမန်၊ ဝါစာ သာမန် စသည်များသာ ဖြစ်ရ၏။ ပုထုဇဉ်နယ်ပယ်၌ ဖောက်ပြန်တတ်သောကြောင့် (သမ္မာ) ဂုဏ်ထူးတတ်လောက်သော သတိ၊ သမာဓိ၊ ပညာများ မရရှိနိုင်ပေ။ ရိုးရိုးကုသိုလ်၌ပါသော သတိ၊ သမာဓိ ပညာများသာ ရှိရာ၏။

လယ်တီဆရာတော်ဘုရား ရေးသားသော မဂ္ဂင်ဒီပနီ၌ကား အတုဖြစ်သော လောကီမဂ္ဂင်များကို ရည်ရွယ်၍ ရေးသားထားပေသည်။ အစစ်မဂ္ဂင်ကား သံသရာမှလွတ်မြောက်၍ ထွက်သွားကြောင်းမဂ်၊ ၎င်းမဂ်၏ အစိတ်အပိုင်း အင်္ဂါတရားကို ၈ ပါး သာလျှင်ဖြစ်မည်ဟု အသေအချာ မှတ်ပါလေ။

မဂ္ဂင်ပြီး၏။

**မောစိက္ခိပယသင်္ဂဟာ ပြီးပြီ။**

## ၄။ သဗ္ဗသင်္ဂဟ

ခန္ဓာ ၅ ပါး

| | | | |
|---|---|---|---|
| မာတိကာ | ၁။ | ရူပက္ခန္ဓာ | (ရုပ် ၁၈) |
| (၃၇) | ၂။ | ဝေဒနက္ခန္ဓာ | (ဝေဒနာ) |
| | ၃။ | သညက္ခန္ဓာ | (သညာ) |
| | ၄။ | သင်္ခါရက္ခန္ဓာ | (ကျန်စေတသိက် ၅၀) |
| | ၅။ | ဝိညာဏက္ခန္ဓာ | (စိတ် ၁) |

သရုပ် ၅ ပါး၊ တရားကိုယ် ၅ မျိုး။

---

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တရား အလုံးစုံကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ဖြင့် ဝေဖန်၍ ပြသော အပိုင်း အခန်း ဖြစ်သောကြောင့် "သဗ္ဗသင်္ဂဟ" ဟု ခေါ်ရ၏။ တနည်း ပရမတ္ထတရား အားလုံးရသော ခန္ဓာ၊ အာယတန၊ ဓာတ်သစ္စာတို့ကို ပြသော အပိုင်း အခန်း ဖြစ်သောကြောင့် "သဗ္ဗသင်္ဂဟ" ခေါ်ရ၏။

ဤသဗ္ဗသင်္ဂဟ၌—

| | | |
|---|---|---|
| ခန္ဓာ | .... | ၄ ပါး |
| အာယတန | .... | ၁၂ ပါး |
| ဓာတ် | .... | ၁၈ ပါး |
| သစ္စာ | .... | ၄ ပါးတို့ကို ပြဆိုပေလိမ့်မည်။ |

အဓိပ္ပာယ် ဤတရားတို့သည် "ရာသဋ္ဌေန ခန္ဓာ" ဟူသော
(၃၇) အနက်အားဖြင့် သမောဘာတူရာတူရာကို စု၍ ယူအပ်
သောကြောင့် "ခန္ဓာ" မည်ကုန်၏။ အဘယ်သို့
နည်း၊ အမျိုးကိုပုံဆိုရာ၌ အမျိုးများ စုပုံနေသလို ရုပ်တွေ စုနေ

သည်ကို ခေါ်သည်မဟုတ်၊ အတိတ်ရုပ်၊ ပစ္စုပ္ပန်ရုပ်၊ အနာဂတ် ရုပ်ဟူ၍ ကွဲပြား ခြားနား သော်လည်း ရုပ်အစုသာ ဖြစ်၏။ တမျိုးတမည်း မဟုတ်ပေ။ ဤသို့ အသိဉာဏ်၌ သိရမည်။ (ဝါ) အသိဉာဏ်၌ စုစည်းရမည်၊ ထိုသို့ တစုတစည်း ပုံအပ်သော ကြောင့် ''ခန္ဓာ'' ဟု ဟောတော်မူသည်။

နိဗ္ဗာန်မှတပါး ပရမတ္ထဓမ္မတို့သည် ၁၁ မျိုး ကွဲပြားနိုင် ကုန်၏။ ၎င်း ၁၁ မျိုးတို့မှာ—

| | | |
|---|---|---|
| ၁။ အတိတ် | } | ကာလ။ |
| ၂။ အနာဂတ် | | |
| ၃။ ပစ္စုပ္ပန် | | |
| ၄။ အဇ္ဈတ္တ | } | သန္တာန။ |
| ၅။ ဗဟိဒ္ဓ | | |
| ၆။ ဒူရ | } | ဌာန။ |
| ၇။ အာသန္န | | |
| ၈။ ဟီန | } | ပုဂ္ဂလ။ |
| ၉။ ပဏီတ | | |
| ၁၀။ သုခုမ | } | အာကာရ။ |
| ၁၁။ ဩဠာရိက | | |

အကျယ်ရှင်းလင်းချက်—

| | | | | |
|---|---|---|---|---|
| အတိတ် | =ရုပ်, ဝေဒနာ, | သညာ, | သင်္ခါရ, | ဝိညာဏ်။ |
| အနာဂတ် | = | ။ | ။ | ။ |
| ပစ္စုပ္ပန် | = | ။ | ။ | ။ |

ဤသို့ ကာလအားဖြင့် ၃ မျိုး ကွဲပြားသည်ကို ရုပေါင်း၍ ခန္ဓာဟု ခေါ်ဝေါ်အပ်၏။

တတိယအကြိမ်

အဇ္ဈတ္တ=အတွင်းဖြစ်သော ရုပ်, ဝေဒနာ ,သညာ,သင်္ခါရ, ဝိညာဏ်။

ဗဟိဒ္ဓ =အပဖြစ်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်။

ဤသို့ သန္တာန်အားဖြင့် ၂မျိုး ကွဲပြားသည်ကို စုပေါင်း၍ ခန္ဓာဟု ခေါ်ဝေါ်အပ်၏။

ဒူရ =ဝေးသောရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်။

အာသန္န =နီးသော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်။

ဤသို့ ဌာနအားဖြင့် ကွဲပြားသည်ကို စုပေါင်း၍ ခန္ဓာဟု ခေါ်ဝေါ်အပ်၏။

ဟီန =ယုတ်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်။

ပဏီတ=မြတ်သော ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်။

ဤသို့ ပုဂ္ဂိုလ်အားဖြင့် ၂မျိုး ကွဲပြားသည်ကို စုပေါင်း၍ ခန္ဓာဟု ခေါ်ဝေါ်အပ်၏။

သုခုမ =သိမ်မွေ့သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်။

ဩဠာရိက =ကြမ်းတမ်းသော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်။

ဤသို့ အမြင်းဆာရာအားဖြင့် ၂ မျိုး ကွဲပြားသော်လည်း စုပေါင်းဆောင်းဝန်း၍ ခန္ဓာဟု ခေါ်ဝေါ်အပ်၏။ ဤသို့ သူ့အမျိုးနှင့်သူ ကွဲပြားသည်ကို စုပေါင်း၍ ယူအပ်, သင်အပ်သော ကြောင့် ... ခန္ဓာဟု ... ၏။ ၁၁ မျိုးလုံး ကွဲပြားသည်ကို ဟု ... ရနိုင်ပေ၊

တတိယအကြိမ်

## အာယတန ၁၂ ပါး

| စာကိုယ် | မခံ (အတွင်း) | အတိုက်(အပြင်) |
|---|---|---|
| (၃၉) | ၁။ စက္ခုအာယတန | ၇။ ရူပါယတန |
| | ၂။ သောတာယတန | ၈။ သဒ္ဒါယတန |
| | ၃။ ဃာနာယတန | ၉။ ဂန္ဓာယတန |
| | ၄။ ဇိဝှါယတန | ၁၀။ ရသာယတန |
| | ၅။ ကာယာယတန | ၁၁။ ဖောဋ္ဌဗ္ဗာယတန |
| | ၆။ မနာယတန | ၁၂။ ဓမ္မာယတန |

သရုပ် ၁၂ ပါး၊ တရားကိုယ်အားလုံး။

---

နိဗ္ဗာန် ပရမတ်ကား အတိတ်လည်း မဆိုရ၊ အနာဂတ်လည်းမဆိုရ၊ ပစ္စုပ္ပန်လည်း မဆိုရ၊ ထိုကြောင့် အကွဲအပြားမရှိ၊ အကွဲအပြားမရှိသောကြောင့် စုပေါင်း၍ မသိအပ်၊ (ဝါ) စုပေါင်းစရာမလို။ ထိုကြောင့် ခန္ဓာမဖွဲ့ရ၊ (ဝါ)ခန္ဓာတရားတွင် မပါဝင်ပေ။ နိဗ္ဗာန်ကား အတွင်းလဲမဟုတ်၊ အပြင်လဲမဟုတ်၊ ဤသို့လည်း အကွဲအပြားမရှိ၊ အယုတ် အမြတ် ဟူ၍လည်းမဆိုရ၊ သိမ်မွေ့သောရုပ် ကြမ်းတမ်းသောရုပ်ဟူ၍လည်းမဆိုရ၊ ရုပ်ကားမဟုတ်ပေ နာမ်တရားဖြစ်၏၊ ဤသို့ အားဖြင့်လည်း အကွဲအပြားမရှိသောကြောင့် စုပေါင်းစရာမလို၊ (ဝါ) စုပေါင်း၍သိအပ်စရာထရားမျိုးမဟုတ်၊ ထိုကြောင့် နိဗ္ဗာန်သည် ခန္ဓာဖွဲ့ရာမပါဝင်ပေ၊ (ဝါ)ခန္ဓာတရာ တွင် မဖြစ်တော့ပေ။

ခန္ဓာပြီး၏။

အဓိပ္ပာယ် (၃၉) ဤတရားတို့သည် စိတ် စေတသိက်တို့၏ ဖြစ်ပေါ်ရာ ဖြစ်ကြောင်းတရားများဖြစ်သောကြောင့် ''အာယတန''မည်ကုန်၏။ ချဲ့ဦးအံ့—စက္ခုပသာဒ အကြည်

ဓာတ်နှင့် ရူပါရုံအဆင်းဓာတ်တို့ ပေါင်းဆုံ ထိခိုက်ခြင်းကြောင့် စက္ခုဝိညာဏ် ဝိထိစိတ်တို့ ပေါ်လာကုန်၏။ ထိုကြောင့် စက္ခာယတန ရူပါယတန ၂ ပါးတို့သည် စက္ခုဝိညာဏ် ဝိထိစိတ် ဖြစ်ခြင်း၏ အကြောင်း ဖြစ်ကုန်၏။ ဤအတူ—

သောတပသာဒ အကြည်ဓာတ် နှင့် သဒ္ဒါရုံ အသံဓာတ်တို့သည် သောတဝိညာဏ်ဝိထိစိတ် ဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်ကုန်၏။

ဃာနပသာဒ အကြည်ဓာတ် နှင့် ဂန္ဓာရုံ အနံ့ဓာတ်တို့သည် ဃာနဝိညာဏ် ဝိထိစိတ် ဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်ကုန်၏။

ဇိဝှါပသာဒ အကြည်ဓာတ် နှင့်၊ ရသာရုံ အရသာဓာတ်တို့သည် ဇိဝှါဝိညာဏ် ဝိထိစိတ် ဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်ကုန်၏။

ကာယပသာဒ အကြည်ဓာတ် နှင့် ဖောဋ္ဌဗ္ဗာရုံ အတွေ့ဓာတ်တို့သည် ကာယဝိညာဏ်ဝိထိစိတ် ဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်ကုန်၏။

မန မည်သော ဘဝင်စိတ်နှင့် ဓမ္မာရုံစေတသိက် ၅၂၊ သုခုမရုပ်၊ နိဗ္ဗာန် တို့သည် စိတ်အားလုံး ဖြစ်ပေါ်ခြင်း၏အကြောင်းဖြစ်ကုန်၏။

ဤသို့ အသီးသီး ''အာယတန'' မည်ပုံကို သိပါလေ။

အာယတန ပြီး၏။

တတိယအကြိမ်

## ဓာတ် ၁၈ ပါး

**ဓာကိုယ်**

| (၄၀) အခံဓာတ် | အတိုက်ဓာတ် | အပေါ်ဓာတ် |
|---|---|---|
| ၁။ စက္ခုဓာတ် | ၇။ ရူပဓာတ် | ၁၃။ စက္ခုဝိညာဏဓာတ် |
| ၂။ သောတဓာတ် | ၈။ သဒ္ဒဓာတ် | ၁၄။ သောတဝိညာဏဓာတ် |
| ၃။ ဃာနဓာတ် | ၉။ ဂန္ဓဓာတ် | ၁၅။ ဃာနဝိညာဏဓာတ် |
| ၄။ ဇိဝှါဓာတ် | ၁၀။ ရသဓာတ် | ၁၆။ ဇိဝှါဝိညာဏဓာတ် |
| ၅။ ကာယဓာတ် | ၁၁။ ဖောဋ္ဌဗ္ဗဓာတ် | ၁၇။ ကာယဝိညာဏဓာတ် |
| ၆။ မနောဓာတ် | ၁၂။ ဓမ္မဓာတ် | ၁၈။ မနောဝိညာဏဓာတ် |

**အဓိပ္ပာယ်** ဤတရားတို့သည် မိမိ မိမိတို့၏ သဘောလက္ခဏာ (၄၀) ကို ဆောင်ထားတတ်သောကြောင့် ဓာတ်မည်ကုန်၏။ ဆောင်ထား ဟူသည် ကိုယ့်သတ္တိ သဘောကို ကိုယ်တိုင်ဖော်ပြနိုင်ပေးစွမ်းနိုင်ခြင်းပင်ဖြစ်၏။ ပေါင်းစပ်သော အား ဥပ္ပါဒအဖြစ် ရောက်သွား၍ ဓာတ်သဘောကို စွန့်သော အခါ ကိုယ်သဘောသတ္တိက ကိုယ်တိုင်မစွမ်းနိုင်, မဖော်ပြနိုင် တော့ပေ၊ အများထဲ၌ ရောနှော၍ဖြစ်ရတော့သည်။ ဓာတ်ကား မိမိ သတ္တိသဘောကို ဖော်ပြလျက် တည်နေခြင်းကိုပင် ဆောင် ထားသည်ဟု ဆိုလိုသည်။ တနည်း မိမိ သဘောကိုသာလျှင် ဆောင်တတ်သောကြောင့် ဓာတ်မည်၏။ လူနတ်ဗြဟ္မာ သတ္တဝါ တို့၏ အလိုသို့မလိုက်ပဲ သဘာဝအတိုင်း မိမိသဘောကို သာ လျှင် ဆောင်သည်ဖြစ်စေသည်ဟု ဆိုလိုသည်။

ဥပမာ—

အခံဓာတ်များသည် စည်နှင့်တူ၏။
အတိုက်ဓာတ်များသည် လက်ခေါ်နှင့်တူ၏။
အပေါ်ဓာတ်များသည် စည်သံနှင့်တူ၏။

တတိယ အကြိမ်

အခံခေတ် အတိုက်ခေတ်တို့၏ ထိခိုက်ခြင်းကြောင့်ပေါ်လာသော အပေါ်ခေတ်များကို အထက်ပါအတိုင်း ဥပမာကို သိပါလေ။

## အရိယသစ္စာလေးပါး

၁။ ဒုက္ခသစ္စာ =လောဘမှတပါးသော လောကီတရားအားလုံး။

၂။ နိရောဓသစ္စာ=လောဘ။

၃။ နိရောဓသစ္စာ=နိဗ္ဗာန်။

၄။ မဂ္ဂသစ္စာ =မဂ္ဂင်ရှစ်ပါး။

မဂ်စိတ္တုပ္ပါဒ် ၂၉, ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါးသည် သစ္စာလေးပါးမှလွတ်၏။ပရိယာယ်အားဖြင့် ယူသော် ဒုက္ခသစ္စာတွင်ပါဝင်၏။

အရိယသစ္စာဟူသည် ဘုရားစသော အရိယာတို့၏ အမှန်တရားဖြစ်၏၊ (ဝါ) အမှန်တရားလေးပါးကို အရိယာဖြစ်မှသာ ပိုင်ပိုင်နိုင်နိုင် သိနိုင်၏။ ထို့ကြောင့် အရိယာသစ္စာဟု ခေါ်သည်မှတ်။

လောက၌ လူ,နတ်,ဗြဟ္မာ, ယောကျ်ား,မိန်းမ စသည်ဖြင့် သမုတ်ပညတ်အပ်သောအရာတို့သည် သမုတိသစ္စာမည်ကုန်၏။ အရိယသစ္စာတို့ကား မဟုတ်ကြကုန်။ အာရုံကောင်းကို ခံစားရသော် ချမ်းသာ၏ ကောင်း၏ဟု သုခဝေဒနာ ဖြစ်ခြင်းသည်လည်း တကယ်မင်စစ် သုခမဟုတ်၊ အရိယာသစ္စာအားဖြင့် ဒုက္ခသာဖြစ်၏။ ထို့ကြောင့် ယခုလောကရှိ အာရုံများကို ခံစားနေရသော ချမ်းသာမှု အားလုံးသည် ပြုပြင် ထူထောင်ရသော သင့်တသဘော လျှပ်စစ် ပြက်သကဲ့သို့ တခဏမျှဖြင့် ချုပ်

ပျောက်ပျက်စီးသော ဝိပရိဏာမ သဘောရှိသောကြောင့် ဒုက္ခ အစစ်သာ ဖြစ်ကုန်၏။

## အကြောင်းသစ္စာ—အကျိုးသစ္စာခွဲသော်

လောဘ, သမုဒယသစ္စာသည် ဒုက္ခဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့် အကြောင်းသစ္စာ။

မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာသည် တကယ်ငြိမ်းအေးသော နိဗ္ဗာန် ရောက်ကြောင်း အရင်းခံဖြစ်သောကြောင့် အကြောင်းသစ္စာ။

ဖလောကီတရားအပေါင်း ဒုက္ခသစ္စာသည် သမုဒယ အကြောင်းကြောင့် ဖြစ်ပွားနေရသော အကျိုး ဖြစ်သောကြောင့် အကျိုးသစ္စာ။

နိဗ္ဗာန်နိရောဓသစ္စာသည် မဂ္ဂင်ရှစ်ပါး မဂ္ဂကြောင့်ဖြစ်ပေါ် လာသော အကျိုးဖြစ်သောကြောင့် အကျိုးသစ္စာ။

### အကျဉ်းချုပ်မှာ

၁။ ဆင်းရဲ ၃။ ချမ်းသာ
၂။ ဆင်းရဲအကြောင်း။ ၄။ ချမ်းသာကြောင်း။

ဤသို့ သစ္စာလေးပါး အကျဉ်းမှတ်ပါလေ။

## သမုစ္စည်းပိုင်း ပြီး၏။

သတိပဋ္ဌာန်ပြီး၏။

## ပစ္စည်းပိုင်း

စာကိုယ် ယေသံ သင်္ခတ ဓမ္မာနံ၊ ယေဓမ္မာ ပစ္စယာ ယထာ။
(၁) တံဝိဘာဂ မိဟေဒါနိ၊ ပဝက္ခာမိ ယထာရဟံ။

အကြင် သင်္ခတ တရား ဖြစ်ကုန်သော ပစ္စယုပ္ပန် တရားတို့အား အကြင်ပစ္စည်းတရားတို့သည်၊ အကြင်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုဘတ်ကုန်၏။ ထိုပစ္စယုပ္ပန်၊ ပစ္စယသတ္တိ ၃ ပါးတို့ကို ယခုအခါ၌ထိုက်သည် အားလျော်စွာ ပြဆိုပေအံ့။

စာကိုယ် (၂) နည်းနှစ်ပါးမှာ = { ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း များဖြစ်သည်။

စာကိုယ် (၃) ထိုတွင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည် စသည်ဖြင့် သတ္တိထူးကို မပြ ပဲအကြောင်းနှင့် အကျိုး ဖြစ်ပုံမျှကို သာ ပြသောနည်းသည် ပဋိစ္စ သမုစ္စသပ္ပါဒ်နည်း။''

ပစ္စယသတ္တိကိုဖော်ပြ၍ ပစ္စည်း-ပစ္စယုပ္ပန်တရားကိုပြသောနည်းသည် ''ပဋ္ဌာန်းနည်း'' မည်၏။ ဤကား နည်း ၂ ပါး အထူးတည်း။

---

ကျေးဇူးပြုတတ်သောတရားသည် ပစ္စည်းတရား မည်၏။
ကျေးဇူးပြုခံရသောတရားသည် ပစ္စယုပ္ပန်တရားမည်၏။
ကျေးဇူးပြုခြင်းသတ္တိသည် ပစ္စယသတ္တိ မည်၏။

ဤပစ္စည်းပိုင်း၌ ဆိုခဲ့ပြီးသောတရားသုံးပါးကို နည်းနှစ်မျိုး တို့ဖြင့် ဝေဖန်၍ ပြလိမ့်မည်။

ဤ နည်း ၂ ပါးကို ရောနှော၍ အဋ္ဌကထာ ဆရာတို့သည် အကျယ်ချဲ့ကြကုန်၏။ ဤ သင်္ဂြိုဟ်ကျမ်း၌ကား မရောနှောပဲ ခွဲခြားဝေဖန်၍ ပြပေအံ့ဟု အရှင်အနုရုဒ္ဓါ မိန့်သည်။

**တတိယအကြိမ်**

## ပဋိစ္စသမုပ္ပါဒ်

**စာကိုယ်** အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏။
(၄) သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏။
ဝိညာဏ်ကြောင့် နာမ်,ရုပ် ဖြစ်၏။
နာမ်ရုပ်ကြောင့် အာယတန ခြောက်ပါးဖြစ်၏။
အာယတနခြောက်ပါးကြောင့် ဖဿဖြစ်၏။
ဖဿကြောင့် ဝေဒနာဖြစ်၏။
ဝေဒနာကြောင့် တဏှာဖြစ်၏။
တဏှာကြောင့် ဥပါဒါန်ဖြစ်၏။
ဥပါဒါန်ကြောင့် ဘဝဖြစ်၏။
ဘဝကြောင့် ဇာတိဖြစ်၏။
ဇာတိကြောင့် ဇရာ,မရဏတို့ ဖြစ်ကုန်၏။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ကုန်၏။
ဤသို့လျှင် အလုံးစုံသော ဒုက္ခအပေါင်း၏ ဖြစ်ပေါ်ခြင်း သည် ဖြစ်၏။ ဤကား ပဋိစ္စသမုပ္ပါဒ်နည်း တည်း။

---

အကျယ် ရှင်းလင်းပြဦးအံ့—

**အဓိပ္ပာယ်** **အဝိဇ္ဇာ ပစ္စယာသင်္ခါရာ** ၌ အဝိဇ္ဇာဟူသည် မသိ
(၄) တတ်သော တွေဝေသော မောဟတည်း၊ ဤ၌ မသိ ဟူသော အမှန် အတိုင်း မသိခြင်း, တမျိုးတဖုံ သိခြင်းတည်း။ ဒုက္ခကို သုခဟုထင်၍ ဒုက္ခဟု မသိခြင်း၊ လောဘကို ဒုက္ခဖြစ်အောင် လုပ်သော တရားဟု မသိခြင်း၊ နိရောဓကို မသိခြင်း၊ မဂ္ဂကို နိဗ္ဗာန်ရောက်ကြောင်းအကျင့်ဟု မသိခြင်း၊ ရှေ့ဘဝကို မသိခြင်း၊ နောက်ဘဝကို မသိခြင်း၊ ရှေ့ဘဝ နောက်ဘဝကို မသိခြင်း(အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သော)ပဋိစ္စသမုပ္ပါဒ်

စက်ရဟတ်ကို မသိခြင်း, ဤမသိခြင်း ရှစ်ပါးသည် မောဟ ပေတည်း။

သင်္ခါရဟူသည် ပြုပြင်တတ် စီမံဖန်တီးတတ်သော ကံတရား ပင်ဖြစ်၏။ ၎င်းကံသည် ကာမ, ရူပ ကုသိုလ်ကံ ပုညာဘိသင်္ခါရ၊ အကုသိုလ်ကံ အပုညာဘိသင်္ခါရ အရူပကုသိုလ်ကံ အာနေဉ္ဇာဘိ သင်္ခါရဟူ၍ ၃-ပါးရှိသည်။

## အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ

ဒုက္ခတုံး, ဒုက္ခခဲဖြစ်သော မိမိခန္ဓာကိုယ်ကို သုခတုံး, သုခခဲ ကြီးဟု ထင်သော အဝိဇ္ဇာကြောင့် ခင်မင်စွဲလမ်းလျက် မိမိခန္ဓာ ကိုယ်အတွက် မကောင်းမှု ဒုစရိုက်နှင့် ကောင်းမှု သုစရိုက်တို့ကို ပြုတော့သည်။ ဤသို့လျှင် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့သည် ဖြစ်ကြကုန်၏။

သင်္ခါရပစ္စယာ ဝိညာဏံ ၌ သင်္ခါရအရ အထက်ပါသင်္ခါရ သုံးမျိုးကိုပင် ယူရသည်။ ဝိညာဏဟူသည် ပဋိသန္ဓေဝိညာဏ် ၁၉ ပါးဖြစ်၏။ ပဋိသန္ဓေ ဝိညာဏ်ကို ယူသဖြင့် ပဝတ္တိဝိပါက် ဝိညာဏ် ၃၂ ပါးကိုလည်း ယူသော် ရနိုင်ပေသည်။

ပုညာဘိသင်္ခါရကြောင့် မဟာဝိပါက် ၈, အဟိတ်ကုသလ ဝိပါက် သန္တီရဏ ၁, ရူပဝိပါက် ၅, ပေါင်း ပဋိသန္ဓေ ဝိညာဏ် ၁၄ ပါးကို ဖြစ်စေ၏။

အပုညာဘိ သင်္ခါရကြောင့် အဟိတ်အကုသလ ဝိပါက် ဝိညာဏ်ကို ဖြစ်စေ၏။

အာနေဉ္ဇာဘိ သင်္ခါရကြောင့် အရူပဝိပါက် ၄ပါးဝိညာဏ် ကို ဖြစ်စေ၏။

## တတိယအကြိမ်

ထို့ကြောင့်—

ကုသလဝိပါက် .... ၁၄
အကုသလဝိပါက် .... ၁ } ပေါင်း ၁၉။
အာနေဉ္ဇဝိပါက် .... ၄

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ဆိုသည်မှာ ကံ,သင်္ခါရ တို့ကို ပြုလုပ်ခဲ့ခြင်းကြောင့် ယခုဘဝ သတ္တဝါ လာ၍ ဖြစ်ရသည်၊ သတ္တဝါဖြစ်ဆိုသည်မှာလည်း ပဋိသန္ဓေဝိညာဏ်စိတ် စ၍ ဖြစ်ခြင်းပင်ဖြစ်သည်။

**ဝိညာဏ ပစ္စယာ** နာမရူပံ ၌ ဝိညာဏ်အရ အထက်ပါ အကျိုးဝိညာဏ် ၁၉ ပါးကိုယူ၍ ၎င်းဝိညာဏ် ၁၉ ပါးကြောင့် ယှဉ်ဘက်စေတသိက် နာမ်,ကမ္မဇရုပ်များ တပြိုင်နက် ဖြစ်ကြသည်။ နာမရူပံ၌ နာမအရ နာမ်ဟူသည် ဝိညာဏ်နှင့်အတူ ဥပါဒ်သော စေတသိက်ကို ယူရမည်၊ ရူပ အရ ရုပ်ဟူသည် ဝိညာဏ်နှင့်အတူ တပြိုင်နက် ဥပါဒ်သော ကမ္မဇရုပ်များကို ယူရသည်၊ (ဝိညာဏ် အကြောင်းနှင့် နာမ်ရုပ် အကျိုးတို့သည် တပြိုင်နက် ဖြစ်ကြ၏။)

နာမ ရူပ ပစ္စယာ သဠာယတနံ ၌ နာမ်ရုပ် အရကား ယခင်ပြဆိုခဲ့သော ဝိညာဏ်နှင့် စေတသိက် ကမ္မဇရုပ် အားလုံး ကို ယူ၍ သဠာယတနအရ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ဟူသော အာယတန, ၆ ပါးကို ယူရသည်။ ၎င်း ၆ ပါးတွင် ကာယာယတန, မနာယတနကား ပဋိသန္ဓေ ကတည်းက ဖြစ်ခဲ့ပြီးဖြစ်၏။ ကျန်အာယတန ၄ ပါးသည်ကား (၁၁) သတ္တာဟ (၇ ရက် ၁၁ ပတ်) ကျရောက်မှ တပြိုင်နက် ဖြစ်ပေါ်၏။ ဘယ်လိုပင် ဖြစ်စေ, မူအားဖြင့် နာမ်နှင့်

ရုပ်ကြောင့် အာယတန ၆ ပါး ဖြစ်ပေါ်ရပေသည်။ ယခုဘဝ သတ္တဝါကလေး၌ မျက်စိ, နား, နှာ, လျှာ, ကိုယ်, မနော ခြောက်ခု ပြည့်စုံပြီဟု ဆိုရသည်။

သဠာယတန ပစ္စယာ ဖဿော ၌ အာယတန ခြောက်ပါး ရှိလျှင် အပြင်အာရုံ ၆ ပါး လာ၍ တိုက်ဆိုင် ကြုံကြိုက်သော အခါ စက္ခုသမ္ဖဿ စသော ဖဿ ၆ ပါး ဖြစ်ပေါ်၏။

ဖဿပစ္စယာ ဝေဒနာ ၌ ဖဿ ၆ ပါးဖြစ်ပေါ်လာသော အခါ အတူတပြိုင်နက် ဖြစ်ပေါ်သော ဝေဒနာ ခြောက်ပါး ဖြစ်ပေါ်လာသည်။ စက္ခုနှင့် တွေ့ထိ၍ ခံစားခြင်း ဝေဒနာ၊ သောတနှင့် တွေ့ထိ၍ ခံစားခြင်း ဝေဒနာ၊ ထိုအတူ ဃာန ဝေဒနာ၊ ဇိဝှါဝေဒနာ, ကာယဝေဒနာ, မနဝေဒနာ၊ဝေဒနာ ၆ ပါးဖြစ်၏။ (ဖဿ အကြောင်းနှင့် ဝေဒနာ အကျိုးတရား များ တပြိုင်နက်ဖြစ်ကြ၏။)

ဝေဒနာ ပစ္စယာ တဏှာ ၌ ဝေဒနာ ခြောက်ပါးကြောင့် တဏှာခြောက်ပါး ဖြစ်ပေါ်၏။ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓ တဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ၊ ၆ ပါးတည်း။

တနည်း။ ။ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟူ၍ ၃ ပါးတည်း။

တဏှာပစ္စယာဉပါဒါန် ၌ တဏှာ ၆ ပါး၊ တနည်း ၃ ပါး တို့ကြောင့် ဉပါဒါန် အားကြီးသော သန်စွမ်းသော လောဘ ဒိဋ္ဌိ တို့သည်၊ (ဝါ) ဉပါဒါန် တရား ၄ ပါး တို့ သည် ဖြစ်ကုန်၏။

တတိယ အကြိမ်

## တဏှာ–ဥပါဒါန်အထူး

တဏှာကား—နုသောလောဘ၊ စစဦးလောဘ၊ လောဘရိုး။
ဥပါဒါန်ကား—ရင့်သော လောဘ၊ နောက်အဆက်ဆက်
လောဘ၊ စွဲလမ်းသော လောဘ။
တနည်း။ ။ဒိဋ္ဌိဝိပ္ပယုတ် လောဘသည် တဏှာ၊ ဒိဋ္ဌိ
သမ္ပယုတ် လောဘသည် ဥပါဒါန်မည်၏။

ဥပါဒါန်တရား ၄ ပါးမှာ—

| | |
|---|---|
| ကာမုပါဒါန် | (လောဘ) |
| ဒိဋ္ဌုပါဒါန် | (ဒိဋ္ဌိ) |
| သီလဗ္ဗတုပါဒါန် | ( ။ ) |
| အတ္တဝါဒုပါဒါန်တည်း | ( ။ ) |

ဤသို့ သရုပ်လေးပါး၊ တရားကိုယ် ၂ ပါးတို့သည် လောဘ ရိုးရိုးမှစ၍ ဖြစ်ပေါ်ကြကုန်၏။

**ဥပါဒါန ပစ္စယာ ဘဝေါ** ၌ ဥပါဒါန်အရ ရှေ့ကအတိုင်း ယူ၍ ဘဝအရ ကမ္မဘဝ,ဥပပတ္တိဘဝဟူ၍ ၂ မျိုးကိုယူရသည်၊ ထိုတွင် ကမ္မဘဝ ဟူသည် ကံတရားများကိုပြုလုပ်ခြင်းတည်း၊ (ဝါ) ကည်ထောင်ခြင်းတည်း။ စွဲလမ်း တပ်မက် မှုကြောင့် ကောင်းသောအလုပ်များကိုလည်းကောင်း, မကောင်းသော အလုပ်များကိုလည်းကောင်း လုပ်မိတော့သည်၊ (ဝါ)ကမ္မဘဝ ကို ထူထောင်မိတော့သည်။ ကမ္မဘဝ ဟူသော လုပ်ငန်းတွေ လုပ်လျှင် အကျိုးဖြစ်သော ဥပပတ္တိဘဝတွေဖြစ်ရတော့သည်ဟု ဆိုလိုသည်။

**တတိယ အကြိမ်**

ကမ္မဘဝပစ္စယာ ဥပပတ္တိ ဘဝေါတိ ဟု မဟော၍ သာ ဟောတော်မူသော် ဟောနိုင်ရာ၏။ ဘဝနာမည်ချင်းတူနေ၍ ဟောတော်မမူသည်ဖြစ်ရာ၏။ ထိုဥပပတ္တိဘဝ ဟူသည် ယခုဘဝ သေ၍ နောက်ဘဝ ပဋိသန္ဓေနေသော အခါဖြစ်မည့် ဝိပါက် ကမ္မဇရုပ်များပင်ဖြစ်၏။ ထို့ကြောင့် ယခုဘဝ အနေနှင့်ပြောလျှင် "ဥပ ပတ္တိဘဝ"ဟု ခေါ်၍ နောက် အနာဂတ်ဘဝ အနေ အားဖြင့် ပြောလျှင် "ဇာတိ"ဟူ၍ ဿာမန်ဖြစ်မှု နာမည် အားဖြင့် ခေါ်ရပေသည်။ သို့ဖြစ်၍ "ဘဝပစ္စယာဇာတိ"ဟူ၍ ဟောလတ္တံ့။

ဘဝပစ္စယာ ဇာတိ ၌ ဘဝအရ ကမ္မဘဝသာ ဟူ၍ ဇာတိ အရ ဝိပါက်ဝိညာဏ်နှင့် စေတသိက် ကမ္မဇရုပ်တို့၏ တကာယ် ဥပါဒ် ဖြစ်ပေါ်ခြင်းကို ယူရမည်၊ နာမ်ရုပ်တို့၏ ဖြစ်စ၊(ဝါ) စစဦး ဖြစ်ခြင်းကို ဇာတိဟု ခေါ်သည်။ ကမ္မဘဝ ဟူသော ကံတရားတွေလျှောက်လုပ်၍ ဥပပတ္တိဟူသောပဋိသန္ဓေအားဖြင့် ဖြစ်မည့် ဝိပါက်ဝိညာဏ် ကမ္မဇရုပ်တို့လည်း အလောင်းအလျာ အနေအားဖြင့်ဖြစ်၍ (ထိုအခိုက် ဥပပတ္တိမည်၏။)နောက်ဘဝ၌ အလောင်းအလျာဖြစ်သော ဝိပါက်ဝိညာဏ် ကမ္မဇရုပ်တို့သည် တကာယ်ဥပါဒ်ဖြစ်ပေါ်လာကြသော အားဖြင့် "ဇာတိ"ဖြစ်ကြ သည်။ ဥပမာ ခတ်ပုံရိုက်ခြင်းကဲ့သို့တည်း၊ ခတ်ပုံရိုက်ရာ၌ ပထမ ခတ်မှန်၌ အရိပ်သာထင်၏ ပုံမပေါ်သေး၊ နောက်မှ ဆေးစိမ်လိုက်သောအခါ ပုံပေါ်လာ၏။ ထို့အတူ ကမ္မဘဝ ကြောင့် ဥပပတ္တိဘဝ ဖြစ်ခြင်းသည် ခတ်မှန်၌ အရိပ်သာ ထင်၍, ပုံမပေါ်သေးသည်နှင့်တူ၏။ ကမ္မဘဝကြောင့် ဇာတိ ဖြစ်ခြင်းသည် ဆေးစိမ်လိုက်သောအခါ ပုံထင်ရှားလာသည်နှင့် တူ၏။ ဤသို့ အကျဉ်းသာမှတ်ပါ။ (မလွယ်လှ,ခက်ခဲဘိ၏။)

ဇာတိပစ္စယာ ဇရာ,မရဏ်၌ ဇာတိအရ ရှေ့၌ပြခဲ့ပြီးသော ဇာတိကို ယူ၍၊ ဇရာ,မရဏ = အိုမင်း ရင့်ရော်ခြင်း၊ သေကြေ ပျက်စီးခြင်းကို ယူပါလေ။ ထိုတွင် ဇရာသည် အပါကဋဇရာ, ပါကဋဇရာဟူ၍ ၂မျိုးရှိ၏။ ရုပ်,နာမ် ဓမ္မတို့၏ ဌီခဏ အနေ အားဖြင့် ရင့်ကျက် အိုမင်းခြင်းသည် မထင်ရှား၍ လူတို့မသိနိုင် သောကြောင့် အပါကဋဇရာမည်၏။ သွားကျိုး ဆံဖြူ ဒါးကိုင်း နားထိုင်း,အရေတွန့်,မျက်စိမှုန် စသောအိုမင်းရင့်ရော်ခြင်းများ သည် ထင်ရှား၍ လူသာမန်တို့ သိနိုင်သောကြောင့် ပါကဋဇရာ မည်၏။ ထိုဇရာအားလုံးတို့သည် အဖြစ်ဆိုသော ''ဇာတိဓမ္မ'' ရှိသောကြောင့်သာ ဖြစ်ရ၏ဟု ဆိုလိုသည်။

မရဏသည်လည်း အပါကဋမရဏ, ပါကဋမရဏ ဟူ၍ ၂မျိုးရ၏၊ ရုပ် နာမ်တို့၏ ''ဘင်''ခဏ အနေအားဖြင့် ပျက်စီး သေကြေခြင်းသည် မထင်ရှား၍ လူတို့ မသိနိုင်သောကြောင့် အပါကဋမရဏ မည်၏။ ယခု လူတို့ ခေါ်ဝေါ်နေကြသော ''ဖြူသေပြီ၊ မဲသေပြီ'' ဆိုသော သေခြင်းမျိုးသည်ကား ထင်ရှားပေါ်လွင်၍ လူတိုင်းသိနိုင်သောကြောင့် ပါကဋမရဏ မည်၏။ ထိုသေခြင်းအားလုံးတို့သည် အဖြစ်ဆိုသော'ဇာတိဓမ္မ' ရှိသောကြောင့်သာ ဖြစ်ရ၏ဟု ဆိုလိုသည်။

အဖြစ်ဇာတိရှိ၍သာ အိုခြင်း သေခြင်းရှိရပေမည်၊ အဖြစ် ဇာတိမရှိက အို,သေ ရှိမည်မဟုတ်ဟု မှတ်ပါ။ ထိုနောက် ဇာတိ၏ မုချအကျိုးမဟုတ်သော ဖြစ်သင့်ရာ၌သာ ဖြစ်သော သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ တရားငါးပါး တို့သည် ဖြစ်ကုန်၏။ ၎င်းငါးပါးသော တရားတို့သည် ဇာတိ ဖြစ်တိုင်း မဖြစ်နိုင်၊ အချို့ဇာတိ၌သာဖြစ်ကြ၏၊ အချို့ဇာတိ၌ မဖြစ်ကြကုန်။ ထိုကြောင့် ဖြစ်သင့်ရာ၌သာဖြစ်၏ ဆိုသည်။

လူဇာတိ၌ သောက စသော ၅ ပါးဖြစ်၏။

လူဟူ၍လည်း အနာဂါမ်ပုဂ္ဂိုလ်၏ ဇာတိ၌ သောက စသည်မဖြစ်။

နတ်ဇာတိ၌လည်း လူဇာတိနည်းတူ။

ဗြဟ္မာဇာတိ၌ သောကစသည် မဖြစ်တော့ပေ။

ထိုကြောင့် သောကစသော တရား ၅ပါးတို့သည် ဇာတိ၏ မုချအကျိုး မဟုတ်ကြကုန်၊ ထိုကြောင့်ပင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ရေတွက်ရာ၌ သောကစသည်ကို မရေတွက်ပေ။ ဇာတိကြောင့် ဧကန္တဖြစ်ရသော တရားများ မဟုတ်ကြပေ။ ဇရာ(အိုခြင်း)နှင့် မရဏ(သေခြင်း)တရားနှစ်ပါးတို့သည်ကား ဇာတိတိုင်း၌ ဖြစ်ကြသော အကျိုးတရားများဖြစ်ကြ၍ အင်္ဂါ ၁၂ပါးတွင်ပါဝင်လေသည်။ ဇာတိဖြစ်က ဇရာ မရဏ ဧကန် ဖြစ်ရတော့သည် ဟူလို။

သောကဟူသည် စိုးရိမ်ပူဆွေးတတ်သော ဒေါမနဿ ဝေဒနာစေတသိက်တည်း။

ပရိဒေဝဟူသည် ငိုကြွေးသော (စိတ္တဇသဒ္ဒ) စိတ်ကြောင့် ဖြစ်ပေါ်သော အသံတည်း။

ဒုက္ခဟူသည် ရုပ်ပေါ်, ကိုယ်ပေါ်၌ ထိခိုက်နာကျင်သော ဒုက္ခဝေဒနာ စေတသိက်တည်း။ (ကိုယ်၏ဆင်းရဲခြင်းတည်း။)

ဒေါမနဿဟူသည် စိတ်နှလုံး မသာမယာ ခံစားရသော ဒေါမနဿ ဝေဒနာ စေတသိက်တည်း။ (စိတ်၏ ဆင်းရဲခြင်း တည်း။)

ဥပါယာသဟူသည် အလွန်ပြင်းထန်စွာ ပူပန် ဆင်းရဲသော ဒေါသစေတသိက်ဖြစ်သည်။ ဤကား ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆယ့်နှစ်ရပ်နှင့် သောကစသည်အကျယ်ရှင်းလင်းပြချက်တည်း။

**ဂါကိုယ်** ထိုပဋိစ္စသမုပ္ပါဒ်၌ ကာလ ၃ပါး၊ အင်္ဂါ ၁၂ ပါး၊ အခြင်း
(၅) အရာ ၂၀၊ အစပ် ၃ ပါး၊ အလွှာ ၄ လွှာ၊ ဝဋ် ၃ ပါး၊
မူလ ၂ပါး၊ ဤအစိတ်အပိုင်းတို့ကို သိအပ်ကုန်၏။
အဘယ်သို့ သိအပ်သနည်း—

## အခွန့် ၃ ပါး

**ဂါကိုယ်** ၁။ အဝိဇ္ဇာ သင်္ခါရ - အတိတ်ကာလအခွန့်
(၆) ၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ
ယတန၊ ဖဿ၊ ဝေဒနာ
တဏှာ၊ ဥပါဒါန်၊ ဘဝ } ပစ္စုပ္ပန်ကာလအခွန့်
၃။ ဇာတိ၊ ဇရာ၊ မရဏ -အနာဂတ်ကာလအခွန့်

## အင်္ဂါ ၁၂ ပါး

**ဂါကိုယ်** အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊
(၇) ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊
မရဏ။

**မှတ်ချက်။** ။သောကစသော ငါးပါးတို့သည် အချို့ပုဂ္ဂိုလ်တို့၌ ဇာတိဖြစ်သော်လည်း မဖြစ်သောကြောင့် ကေန် အင်္ဂါ ဖြစ်ကြပေ။ ထိုကြောင့် မပါ ကြွင်းကျန်သည်မှတ်။

## အခြင်းအရာ ၂၀

**ဂါကိုယ်** ၁။ အဝိဇ္ဇာ။ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။
(၉-၁၂) (အတိတ်အကြောင်း ၅ ပါး)
၂။ ဝိညာဏ်၊ နာမ်ရုပ်။ သဠာယတန၊ ဖဿ၊ ဝေဒနာ။
(ပစ္စုပ္ပန်အကျိုး ၅ ပါး)
၃။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။
(ပစ္စုပ္ပန်အကြောင်း ၅ပါး)
၄။ (ဇာတိ၊ ဇရာ၊ မရဏအစား) ဝိညာဏ်၊ နာမ်ရုပ်၊
သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အနာဂတ်အကျိုး ၅ပါး။
ပေါင်း ၂၀။

## အစပ် ၃ ပါး

စာကိုယ် (၉-၁၂)

၁။ အတိတ် အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး (အကြား) တစပ်။

၂။ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန် အကြောင်း (အကြား) တစပ်။

၃။ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုး(အကြား) တစပ်။

## အလွှာ ၄ လွှာ

စာကိုယ် (၉-၁၂)

၁။ အတိတ်အကြောင်း တလွှာ-တထပ်။

၂။ ပစ္စုပ္ပန်အကျိုး တလွှာ-တထပ်။

၃။ ပစ္စုပ္ပန်အကြောင်း တလွှာ-တထပ်။

၄။ အနာဂတ်အကျိုး တလွှာ-တထပ်။

## ဝဋ် ၃ ပါး

စာကိုယ် (၁၃) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့သည် ကိလေသာဝဋ် မည်၏။ ကမ္မဘဝ သင်္ခါရတို့သည် ကမ္မဝဋ်မည်၏။ ဥပပတ္တိဘဝ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏတို့သည် ဝိပါကဝဋ် မည်ကုန်၏။

## ဝဋ်မြစ် ၂ ပါး

စာကိုယ် (၁၄) အဝိဇ္ဇာနှင့် တဏှာ

ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းအမြစ် -အဝိဇ္ဇာ

ပဋိစ္စသမုပ္ပါဒ် နောက်ပိုင်းအမြစ် -တဏှာ

**တတိယအကြိမ်**

**စာကိုယ် (၁၅)** ထိုဝဋ်မြစ် ၂-ပါးချုပ်သည်ရှိသော် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ချုပ်၏။ အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော....စသည်ဖြင့် ဘုရားဟောတော်မူသည့်အတိုင်း အဝိဇ္ဇာချုပ်က သင်္ခါရချုပ်၏။ သင်္ခါရချုပ်က ဝိညာဏ် ချုပ်၏။ ဝိညာဏ်ချုပ်က နာမ်ရုပ်ချုပ်၏ စသည်သိပါလေ။

**စာကိုယ် (၁၆)** အစမရှိ ဘုံသုံးပါး၌ဖြစ်သော ဖွဲ့နှောင် တတ်သော ဝဋ်တရားကို ''ပဋိစ္စသမုပ္ပါဒ်''ဟူ၍ ဘုရားရှင်ပညတ်တော်မူခဲ့ပေသည်။

---

**အဓိပ္ပာယ် (၁၅)** အဝိဇ္ဇာကြောင့် သင်္ခါရ စသည်ဖြစ်ရ၏။ အဝိဇ္ဇာကတော့ ဘယ်တရားကြောင့် ဖြစ်သနည်းဟု မေးဖွယ်ရှိ၍ သင်္ဂြိုဟ်ဆရာသည် 'ဇရာမရဏမုစ္ဆာယ' စသည်ကိုဆို၏။ ဇရာ,မရဏနှင့်သောကစသည်တို့ မပြတ်နှိပ်စက်ခြင်းကြောင့် အာသဝတရား ၄ ပါးဖြစ်၏။ ထို အာသဝတွေကြောင့် အဝိဇ္ဇာဖြစ်၏ဟူလို။

ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့ကြောင့် ကာမာသဝ,ဘဝါသဝ (လောဘ),ဒိဋ္ဌာသဝ (ဒိဋ္ဌိ), အဝိဇ္ဇာသဝ (မောဟ)တို့ ဖြစ်ကုန်၏။ ထိုအာသဝ ၄ ပါး တရားကိုယ်အားဖြင့် လောဘ,ဒိဋ္ဌိ, မောဟတို့ကြောင့် အဝိဇ္ဇာဖြစ်၏ဟု အကျယ်သိပါလေ။

ပဋိစ္စသမုပ္ပါဒ်နည်းပြီးပြီ။

**တတိယအကြိမ်**

## ပဋ္ဌာန်းနည်း

**စာကိုယ် (၁၇)** ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိ ၃ပါး အပြည့်အစုံဖော်ပြသောနည်းကား (၀ါ) ပစ္စယသတ္တိထူးကို အစွဲပြု၍ ပစ္စည်း, ပစ္စယုပ္ပန်ကို ဟောတော်မူသော နည်းသည် ပဋ္ဌာန်းနည်း မည်၏။ ထိုပဋ္ဌာန်းနည်း၌ ပစ္စည်းတို့သည် ၂၄ ပါးရှိကုန်၏။

| | |
|---|---|
| ၁။ ဟေတုပစ္စည်း။ | ၁၃။ ကမ္မပစ္စည်း။ |
| ၂။ အာရမ္မဏပစ္စည်း။ | ၁၄။ ဝိပါကပစ္စည်း။ |
| ၃။ အဓိပတိပစ္စည်း။ | ၁၅။ အာဟာရပစ္စည်း။ |
| ၄။ အနန္တရပစ္စည်း။ | ၁၆။ ဣန္ဒြိယပစ္စည်း။ |
| ၅။ သမနန္တရပစ္စည်း။ | ၁၇။ ဈာနပစ္စည်း။ |
| ၆။ သဟဇာတပစ္စည်း။ | ၁၈။ မဂ္ဂပစ္စည်း။ |
| ၇။ အညမညပစ္စည်း။ | ၁၉။ သမ္ပယုတ္တပစ္စည်း။ |
| ၈။ နိဿယပစ္စည်း။ | ၂၀။ ဝိပ္ပယုတ္တပစ္စည်း။ |
| ၉။ ဥပနိဿယပစ္စည်း။ | ၂၁။ အတ္ထိပစ္စည်း။ |
| ၁၀။ ပုရေဇာတပစ္စည်း။ | ၂၂။ နတ္ထိပစ္စည်း။ |
| ၁၁။ ပစ္ဆာဇာတပစ္စည်း။ | ၂၃။ ဝိဂတပစ္စည်း။ |
| ၁၂။ အာသေဝနပစ္စည်း။ | ၂၄။ အဝိဂတပစ္စည်း။ |

---

**အဓိပ္ပာယ် (၁၇)** (၁) **ဟေတုပစ္စည်း**ဟိတ်ခေါက်ပါးသည် ဟေတုပစ္စည်းမည်၏၊ အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားတည်း၊ သစ်ပင်၏ ရေသောက်မြစ်နှင့်တူ၏။ ရေသောက်မြစ်သည် သစ်ပင်ကို စိမ်းစိုရှင်လန်းစေ၍ ကြီးပွားဖြစ်ထွန်းစေတတ်သည်။ ထို့အတူ ဟိတ်ခေါက်ပါးတရားသည် ကုသိုလ်, အကုသိုလ်တရားတို့၏ အကျိုးကို ဖြစ်ပွားစေသည်။ ဤသို့တူသည်။

**တတိယအကြိမ်**

ဟေတုပစ္စည်းတရား= ဟိတ် ၆ ပါးသည် ဟေတုပစ္စည်းမည်၏။

ဟေတုပစ္စယုပ္ပန်တရား=သဟိတ်စိတ် ၇၁ ပါး၊ စေတသိက် ၅၂ ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

(၂) အာရမ္မဏပစ္စည်း၊ ကာလသုံးပါး၊ ကာလဝိမုတ်ဖြစ်သော အာရုံခြောက်ပါးသည် အာရမ္မဏပစ္စည်းမည်၏။ အာရုံဖြစ်၍ ကျေးဇူးပြုတတ်သောတရားဘည်း၊ တောင်ဝှေး,ကြိုးတန်းနှင့်တူ၏။ တောင်ဝှေးသည် မသွားနိုင်သူ လူအိုများအား သွားလာမှု၌ မပင်ပန်းရလေအောင် ကျေးဇူးပြု ထောက်ပံ့သကဲ့သို့သည်းကောင်း,ကြိုးတန်းသည်မသွားနိုင် မရပ်နိုင်သေးသော ကလေးသူငယ်များကိုရပ်နိုင်စေရန် ကူညီ ထောက်ပံ့သကဲ့သို့လည်းကောင်း, ဤအတူ အာရုံခြောက်ပါးသည် စိတ်,စေတသိက်,နာမ် ခန္ဓာလေးပါးအား ဆွဲရာသည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသည်။

အာရမ္မဏပစ္စည်းတရား= အလုံးစုံသောအာရုံ ၆ ပါးသည် အာရမ္မဏပစ္စည်းမည်၏။

အာရမ္မဏပစ္စယုပ္ပန်တရား=ထို အာရုံ ၆ ပါးကို ထိုက်သည့်အားလျော်စွာ အာရုံပြုသော စိတ် ၈၉၊ စေတသိက် ၅၂ တို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

(၃) အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိဟူ၍ ၂ ပါးရှိ၏။

ထိုတွင် (ဂ) အာရမ္မဏာဓိပတိ= အာရုံအားဖြင့် အကြီးအကဲဖြစ်၍ စိုးအုပ်သောအားဖြင့် ကျေးဇူးပြုတတ်သော တရားတည်း၊ စကြာမင်းသည် ပြိုင်ဘက်ကင်းလျက် အုပ်စိုးခြင်းနှင့်တူ၏။ အလေးအမြတ်ပြုသော အာရုံခြောက်ပါးသည် မိမိ၏ အာရမ္မဏိကတရားများအား၊ (ဝါ)မိမိကိုအာရုံပြု၍ ဖြစ်ပေါ်လာသော နာမ်တရားများအား သခင့်အလိုသို့ လိုက်စေလျက် ဆွဲဆောင်သောအားဖြင့် ကျေးဇူးပြုတတ်သည်။

အလေးအမြတ်ပြုအပ်သောအာရုံ ၆ ပါးသည် အာရမ္မဏာဓိပတိပစ္စည်းမည်၏။ အလေးအမြတ် ပြုတတ်သော စိတ် ၂၈ ပါး၊ စေတသိက် ၄၅ ပါး၊ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်တရား တို့မည်ကုန်၏။

မှတ်ချက်။ ။အလေးအမြတ်ပြုအပ်သောအာရုံ ၆ ပါး ဆိုသည်မှာ ဣဋ္ဌာရုံ= အလွန်ကောင်းသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံများနှင့် (အာပေါဓာတ်, ပသာဒရုပ်, ဘာဝရုပ်, ဇီဝိတရုပ်, ဟဒယရုပ်, အာဟာရရုပ် အားဖြင့်)ရုပ် ၁၁ ပါး၊ (ဒေါသစိတ်, မောဟစိတ်, ဒုက္ခကာယဝိညာဏ်စိတ် ကြဉ်သော) စိတ် ၈၄ ပါး၊ (ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော) စေတသိက် ၄၇ ပါး၊ နိဗ္ဗာန်ဟူသော ဓမ္မာရုံတို့ဖြစ်ကြသည်။

အလေးအမြတ်ပြုတတ်သောစိတ် ၂၈ ပါးမှာ=လောဘမူစိတ် ၈၊ မဟာကုသိုလ် ၈၊ မဟာကြိယာဉာဏသမ္ပယုတ် ၄၊ လောကုတ္တရာစိတ် ၈၊ ပေါင်း ၂၈၊ စေတသိက် ၄၅ ပါးမှာ=ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာ ၂ ပါး ပေါင်း ၇ ပါးကြဉ်သော စေတသိက်ဖြစ်သည်။

အာရမ္မဏာဓိပတိ ဖြစ်ပုံ သိသာစေရန် သာဓကထုတ်၍ ပြဦးအံ့။ ။ကုသဇာတ်တော်၌ မဒရာဇ်တိုင်းသူ ပဘာဝတီ၏ ရူပါရုံသည် အလောင်းတော်ကုသမင်း၏စိတ်အား အာရမ္မဏာ

ဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၏။ (ယခုကာလ၌လည်း အလွန်ချောမောလှပသော မိန်းမကညာပျို၏ ရူပါရုံသည် မြင်ရသူ ယောကျ်ားအား အာရမ္မဏာဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု၏။)

တနည်း။ ။အလွန်ချောသောယောကျ်ားပျို၏ရူပါရုံသည် မြင်ရသူ မိန်းမပျိုအား အာရမ္မဏာဓိပတိ ပစ္စည်း တပ်၏။ အဘယ်သို့နည်း၊ ပဘာဝတီ၏ရူပါရုံသည် ကုသမင်း၏စိတ်ကို အုပ်စိုးလျက်ရှိ၏၊ ကုသမင်း၏စိတ်သည် ပဘာဝတီ၏ရူပါရုံ အတွက်နှင့် ကုသဝတီပြည်ကြီးကိုစွန့်၍ ယူဇနာတရာလောက်ဝေးသောခရီးကိုနေ့ချင်းပေါက်ပြေးသွားရရှာ၏။(ယခုကာလမှာလည်း ရူပါရုံဆွဲဆောင်သည့်အတွက် တကောက်ကောက်လိုက်ရသောအဖြစ်များ များစွာရှိလေသည်။) ပဘာဝတီ၏ ရူပါရုံ ခိုင်းစေမှု ကြောင့် ပြည့်ရှင်မင်းကြီးပင် ဖြစ်ပါလျက် အိုးဖုတ်,ဖျာရက် စသည် လုပ်ရရှာ၏၊ ဤသို့ ရူပါရုံသည် စိတ်, စေတသိက်အား အဓိပတိအရှင်အဖြစ်ဖြင့် အုပ်စိုး၍ ကျေးဇူးပြုသည်ကို အာရမ္မဏာဓိပတိပစ္စည်း တပ်သည် ဟု ဆိုရလေသည်။

(ခ) သဟဇာတာဓိပတိ= အတူတကွ ဖြစ်ဖော်ဖြစ်ဖက်သမ္ပယုတ်တရားတို့အား အကြီးအကဲဖြစ်၍ အုပ်စိုးသောအားဖြင့် ကျေးဇူးပြုတတ်သော တရားတည်း။ တရားကိုယ်မှာ အဓိပတိဇော ၅၂ ခု၌ရှိသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့တည်း ။ စကြောမင်းနှင့်တူ၏၊ ထိုကြောင့် ဆန္ဒ အဓိပတိ ပစ္စည်းဖြစ်က စိတ္တ, ဝီရိယ, ဝီမံသ ၃ ပါးမဖြစ်၊ ဝီရိယ အဓိပတိဖြစ်က ဆန္ဒ, စိတ္တ, ဝီမံသ ၃ ပါ မဖြစ်၊ ဝီမံသ အဓိပတိ ဖြစ်က ဆန္ဒ, စိတ္တ, ဝီရိယ ၃ ပါး မဖြစ်မှတ်။

သတိပဋ္ဌာန်ဖြီး၏။

အဓိပတိဇော ၅၂ ပါးဟူသည် အောက် သမုစ္စည်းပိုင်း၌ ပြခဲ့သော "ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ အဓိပတိ ကောဝလဗ္ဘတိ" ဆိုသော စကားအရ အဟိတ်ဇော ကေဟိတ် ၃ ပါးကြဉ်သော ဇော ၅၂ ပါးပင် ဖြစ်သည်။

၁။ သာဓိပတိဇော ၅၂ ခု၌ရှိသော (ယှဉ်သော) ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသာ အဓိပတိ တရားကိုယ် ၄ ပါးတွင် တပါးပါးသည် ပစ္စည်းမည်၏။

၂။ အဓိပတိတတ်ခိုက် ကာမဇော ၂၆ နှင့် အဓိပတိ အမြဲဟက်သောအပ္ပနာဇော ၂၆၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁၊ သာဓိပတိ စိတ္တဇရုပ်၊ ဤတရား တို့သည် ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

သာဓက ဥဒါဟရုဏ် ထုတ်ဆောင်ရသော်— ပပဝတီ၏ ရုပါရုံကြောင့် ဖြစ်ပေါ်နေသော ကုသမင်းကြီး၏ လောဘ စိတ်၌ပါသော ဆန္ဒသည့် သဟဇာတာဓိပတိပစ္စည်း တတ်၍၊ ကျန်သောစိတ္တုပ္ပါဒ် ၁၉ သည်လည်းကောင်း၊ ၎င်းလောဘ စိတ္တုပ္ပါဒ်နှင့်အတူဖြစ်ပေါ်သော စိတ္တဇရုပ်သည်လည်းကောင်း ပစ္စယုပ္ပန်ဖြစ်၏။

(၄) အနန္တရပစ္စည်း၊ ရှေးရှေးသောစိတ် ၈၉၊ စေတသိက် ၅၂ တို့သည် အနန္တရပစ္စည်း မည်ကုန်၏၊ အခြားမဲ့ဖြစ်သော (ဝါ) အကြား၌ တရားတပါးခြား၍ မနေသော နာမ်အား ကျေးဇူးပြုတတ်သော တရားဖြစ်၏။ နောက် နောက် သော စိတ္တုပ္ပါဒ်တို့သည် ပစ္စယုပ္ပန်၊ (ဝါ) ကျေးဇူးပြုခံရသော တရား တို့တည်း။ ဤသို့ အကြား၌ တရားတပါးမရှိသော ဆက်ကာ ဆက်ကာ ရှေ့ပစ္စည်းနောက်ပစ္စယုပ္ပန်ဖြင့် ကျေးဇူးပြုခြင်းသည် အနန္တရသဘောပင် ဖြစ်၏။

ဝီထိတခုဖြင့် နမူနာပြရသော်--

အတီ၊ န၊ ဒ၊ ပဉ်၊ စ၊ သံ၊ တီ၊ ဝု၊ ဇော၊ ဇ၊ ဇ၊ ဇ၊ဇ၊ဇ၊ဇ၊ ဒါ၊ ဒါ၊ဘ၊ ဘ၊ ၎င်းဝီထိ၌ အတီတဘဝင်သည် ဘဝင်္ဂစလန အား၊ စလနသည် ဘဝင်္ဂုပစ္ဆေဒအား၊ ဘဝင်္ဂုပစ္ဆေဒသည် ပဉ္စဒွါရာဝဇ္ဇန်းအား၊ ပဉ္စဒွါရာဝဇ္ဇန်းသည် စက္ခုဝိညာဏ်အား ဤသို့စသည်ဖြင့် ရှေးရှေ့သောစိတ်သည် နောက်နောက်စိတ် အား ကျေးဇူးပြုနေပေသည်။ ဥပမာ- စကြာမင်း နတ်ရွာစံ၍ သူ့သားကြီးသည်ဘုရင်ဖြစ်သကဲ့သို့တည်း။ သူတည်းတယောက်, ကောင်းဖို့ ရောက်မူ, သူ တ ယောက် မှာ ပျက် လင့် ကာ သာ မမွတာတည်း၊ သည် အနန္တရ သဘောပင် ဖြစ်၏။

(၅) **သမနန္တရပစ္စည်း**။ ရှေးရှေးစိတ် ၈၉၊ စေတသိက် ၅၂ တို့သည် သမနန္တရမည်ကုန်၏။ ကောင်းစွာ အခြားမဲ့ ဖြစ်သော၊ (ဝါ)အကြား၌ တရားဘပါး ကောင်းစွာခြား၍ မနေသော နာမ်အား ကျေးဇူး ပြုတတ်သော တရားဖြစ်၏။ အနန္တရ ပစ္စည်းနှင့်တူသည်။ ဥပမာ စကြာမင်း တောထွက် သဖြင့် သူ့သားကြီးသည် ဘုရင်ဖြစ်သကဲ့သို့တည်း။ အနန္တရ အတိုင်းပင် ,သို့ရာတွင်အနည်းငယ်ထူး၏။ အနန္တရပစ္စည်းသည် နောက်နောက်စိတ်ဖြစ်ပေါ်ခြင်းမျှသာကျေးဇူးပြု၏။ **သမနန္တရ** ပစ္စည်းသည်ကား နောက် နောက် စိတ် ဖြစ် ပေါ် ရုံ မျှသာ ကျေးဇူးပြုတတ်သည်မဟုတ် (စိတ္တနိယာမ) စိတ်ဖြစ်ရိုးဓမ္မတာ အတိုင်းမှန်အောင် ဖြစ် စေ သော အား ဖြင့် နောက်နောက် စိတ်အား ကျေးဇူးပြုသည်။

(၆) **သဟဇာတပစ္စည်း**။ အတူတကွဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ အလုံးစုံသော စတုဇမဟာဘုတ် ၄ ပါး၊ ပဋိ

ဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယ ဝတ္ထုတို့သည် သဟဇာတပစ္စည်း မည်ကုန်၏။ အလင်းရောင် ဖြစ် အောင် ပြုလုပ်တတ်သော ဆီမီးနှင့် တူ၏။ (ဝါ) ဓာတ်မီးနှင့် တူ၏။ ဓာတ်မီးရှိက အလင်းရောင်ရှိ၏။ အလင်းရောင်နှင့် မီးတို့သည် မကွေမကွာ အတူတကွ တပြိုင်နက်ဖြစ်ကြ၏။ ထို့အတူဟကွ ဖြစ်သောပစ္စယုပ္ပန် တရားတို့အား မိမိနှင့် အတူတကွ တပြိုင်နက် ဖြင်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည် ဟူလို။ ပစ္စယုပ္ပန် တရားမှာ အလုံးစုံသော စိတ် ၈၉၊ စေတသိက် ၅၂၊ အလုံး စုံသော စတုဇရုပ်၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေနှင့် ဟဒယဝတ္ထုတို့ ဖြစ်သည်။ ကျေးဇူးပြုပုံ နမူနာ ဝေဒနက္ခန္ဓာသည် အတူတကွ ဖြစ်သော သညက္ခန္ဓာ။ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ သဟဇာတ်ရုပ်တို့အား။ သညက္ခန္ဓာသည် အတူတကွ ဖြစ်သော ဝေဒနာ, သင်္ခါရ, ဝိညာဏက္ခန္ဓာ သဟဇာတ် ရုပ်တို့အား။ သင်္ခါရက္ခန္ဓာသည် အတူ အတူ ဖြစ်သော ဝေဒနာ, သညာ, ဝိညာဏ် သဟဇာတ်ရုပ်တို့အား။ ဝိညာဏက္ခန္ဓာသည် အတူ တကွဖြစ်သော ဝေဒနာ, သညာ,သင်္ခါရက္ခန္ဓာ သဟဇာတ် ရုပ် တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုသည်။ (ဤကား- ၁ ပါးက ၃ ပါးအား ကျေးဇူးပြုပုံတည်း။ ၂ ပါး ၂ ပါးအား ၃ ပါးက ၁ ပါးအား ကျေးဇူးပြုပုံကို သိပါလေ)။ ဤနှ အကျဉ်းမျှသာ။

(၇) အညမညပစ္စည်း။ အချင်းချင်း ပြန်လှန်၍ ကျေးဇူး ပြုနိုင်သော စိတ် ၈၉, စေတသိက် ၅၂။ အလုံးစုံသော စတုဇ မဟာဘုတ် ၄ ပါး။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထု ဤတရားတို့သည် အညမညပစ္စည်း မည်ကုန်၏။ သစ်သားသုံးချောင်းကို အရင်းက မထိစေပဲ အဖျားတွင်သာ

ထိစေလျက် ဝက်ခွထောင်၍ ထားရာ တခုနှင့်တခုမှီ၍ မလဲမပြို သကဲ့သို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သော တရားဟူလို။

နာမ်ခန္ဓာလေးပါး အချင်းချင်းတမျိုး။
ကလာပ်တူ မဟာဘုတ် အချင်းချင်းတမျိုး။
ပဋိသန္ဓေကာလ၌ ပဋိသန္ဓေနှင့် ဟဒယဝတ္ထုတမျိုး

ဤသို့ အညမည သုံးမျိုးရှိသည်။ ၎င်းအညမညပစ္စည်းသည် သဟဇာတကြီးမျိုးပင် ဖြစ်၏။ အတူတကွ ဖြစ်ရုံမျှမဟုတ်ပဲ အပြန်အလှန် အချင်းချင်း ကျေးဇူးပြုနိုင်မှု အထူးရှိသောတရား တို့သာလျှင် အညမညပစ္စည်း ဖြစ်ပေသည်။ ပစ္စုပ္ပန်တရားသည် လည်း ပစ္စည်းတရားနှင့်အတူပင် ဖြစ်၏။

## သဟဇာတနှင့် အညမည အထူး

သဟဇာတပစ္စည်း အရကောက်နှင့် အညမညပစ္စည်းအရ ကောက် အတူတူပင်၊ ပစ္စယုပ္ပန်၌သာ ထူးသည်။ သဟဇာတ သဘောကား အတူတကွဖြစ်သော အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သော နာမက္ခန္ဓာ လေးပါးသာမဟုတ်ပဲ စိတ္တဇ ရုပ်ကိုပါရ၏။ အချင်းချင်း အပြန်အလှန် ပြုတတ်သော မဟာ ဘုတ်လေးပါးသာ မဟုတ်ပဲ ဥပါဒါရုပ် များကိုပါ ရ၏။ အညမညပစ္စည်း၏ ပစ္စယုပ္ပန်အရမှာ စိတ္တဇရုပ်နှင့် ဥပါဒါရုပ် များမရပဲ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သော နာမက္ခန္ဓာမဟာဘုတ်နှင့် ပဋိသန္ဓေဟဒယဝတ္ထုတို့သာ ရသည်။ ဤသို့ ထူးလေသည်။

## တတိယအကြိမ်

(ဂ) နိဿယပစ္စည်း။ သဟဇာတ နိဿယ, ပုရေဇာတ နိဿယ ဟူ၍ ၂ ပါး။

ထိုတွင် ပုရေဇာတနိဿယသည် ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထာရမ္မဏပုရေဇာတနိဿယဟူ၍ ၂ ပါးရှိ၏။

ထိုတွင် (က) သဟဇာတနိဿယပစ္စည်း။ သဟဇာတကြီးနှင့် လုံးဝ တူ၏။ ထိုကြောင့် အတူတကွ ဖြစ်သော စိတ်, စေတသိက်, နာမက္ခန္ဓာ။ အလုံးစုံသော မဟာဘုတ်လေးပါး။ ပဋိသန္ဓေနှင့် ဟဒယဝတ္ထု ဤတရားတို့သည် သဟဇာယနိဿယပစ္စည်း မည်ကုန်၏။ မဟာပထဝီမြေကြီးသည် သစ်ပင် တောတောင် စသည်တို့၏ မှီရာ တည်ရာ ဖြစ်သကဲ့သို့ နာမက္ခန္ဓာလေးပါးတို့သည် နာမ်ခန္ဓာလေးပါးနှင့် စိတ္တဇရုပ်တို့၏လည်းကောင်း၊ ပဋိသန္ဓေသည် ဟဒယ၏လည်းကောင်း၊ မဟာဘုတ်လေးပါးသည် မဟာဘုတ်လေးပါးနှင့် ဥပါဒါရုပ်တို့၏လည်းကောင်း မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသည်။

တမျိုးဥပမာ—အဝတ်အထည်ပိတ်ဖြူသည် ပန်းချီမူ၏(ဝါ) ပန်းချီဆေးရေးရုပ်၏ မှီရာ တည်ရာ ဖြစ်သကဲ့သို့ ကျေးဇူးပြုတတ်သည်ဟူလို။

(ခ) ဝတ္ထုပုရေဇာတနိဿယပစ္စည်း။ ပဝတ္တိအခါ နာမက္ခန္ဓာ ၄ ပါးတို့၏ (စိတ်, စေတသိက်တို့၏) မှီရာ ဝတ္ထုခြောက်ပါးတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းမည်ကုန်၏။ မြေကြီးကဲ့သို့လည်းကောင်း, ပန်းချီကား အဖြူထည် အဝတ်ကဲ့သို့လည်းကောင်း၊ မှီရာဖြစ်ကုန်၏။ ပစ္စယုပ္ပန်(ကျေးဇူးခံ) တရားမပေါ်မီ ရှေးအခါက မှီရာဖြစ်သော ဝတ္ထုတရားလည်းဟူလို။

ကျေးဇူးပြုပုံ နမူနာ—

(၁) ဝတ္ထုပုရေဇာတနိဿယပစ္စည်း၌—

မဇ္ဈိမာယုက-စက္ခုဝတ္ထုသည် စက္ခုဝိညာဏ်ဓာတ်အား ဝတ္ထုပုရေဇာတ။

မဇ္ဈိမာယုက-သောတဝတ္ထုသည် သောတဝိညာဏအား ဝတ္ထုပုရေဇာတ။

မဇ္ဈိမာယုက-ဃာနဝတ္ထုသည် ဃာနဝိညာဏအား ဝတ္ထုပုရေဇာတ။

မဇ္ဈိမယုက-ဇိဝှါဝတ္ထုသည် ဇိဝှါဝိညာဏ အား ဝတ္ထုပုရေဇာတ။

မဇ္ဈိမာယုက-ကာယ ဝတ္ထုသည် ကာယဝိညာဏ်ဓာတ်အား ဝတ္ထုပုရေဇာတ။

ပဋိသန္ဓေစသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် နောက်နောက်သောစိတ်အား ဝတ္ထု ပုရေ နိဿယဖြင့် ကျေးဇူးပြုခြင်းတမျိုး။

နိရောဓသမာပတ်မှ ထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထုသည် အနာဂါမိဖိုလ် သို့မဟုတ် အရဟတ္တဖိုလ်စိတ်အား ဝတ္ထုပုရေဇာတဖြင့် ကျေးဇူးပြုခြင်းတမျိုး။

သေခါနီးအခါ စုတိစိတ်၏အထက် (စုတိစိတ်မရောက်ခင်) ၁၇ ချက်မြောက်စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ၁၆ ချက်မြောက်စိတ်မှစ၍ စုတိတိုင်အောင်သော စိတ်တို့အား ဝတ္ထုပုရေဇာတဖြင့်ကျေးဇူးပြုခြင်းတမျိုး၊ ဤသို့ ဟဒယဝတ္ထု၌ ၃မျိုးရှိသည်။

(၂) ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်း သေခါနီးအခါ စုတိစိတ်၏အထက် (စုတိစိတ်မရောက်ခင်) ၁၇ချက်မြောက် သောစိတ်နှင့်အတူ ဥပ္ပါဒ်သောဟဒယဝတ္ထုသည် မနောဒွါရာ ဝဇ္ဇန်း,ကာမဇော,တဒါရုံ,စေတသိက် ၄၄တို့အား ဝတ္ထာရမ္မဏပုရေဇာတ ပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ ပန်းခါကား အဖြူထည်ကဲ့သို့လည်းကောင်း မှီရာဖြစ်၍ ကျေးဇူးပြုကုန်၏။ ပစ္စယုပ္ပန်(ကျေးဇူးခံ) တရား၏ ရှေးလည်းဖြစ်၏၊ အာရုံလည်းဖြစ်၏၊ မှီရာ တည်ရာ ဝတ္ထုရုပ် လည်း ဖြစ်၏။ ထို့ကြောင့် ဝတ္ထာရမ္မဏပုရေဇာတနိဿယဟု ခေါ်၏။

(၉) ဥပနိဿယပစ္စည်းသည်—

(၁) အာရမ္မဏူပနိဿယ၊
(၂) အနန္တရူပနိဿယ၊
(၃) ပကတူပနိဿယ

ဟူ၍ ၃ ပါးရှိ၏။

ထိုတွင် အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့်တူ၏။ အနန္တရူပနိဿယပစ္စည်းသည် အနန္တရနှင့်တူ၏။

(၃) ပကတူပနိဿယပစ္စည်း၌ ဗလဝဖြစ်၍ အားကြီးသော ရှေးရှေးသောစိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ်၊ ပစ္စည်းထိုက်သော အချို့သောပညတ်၊ ဤတရားတို့သည် ပကတူပနိဿယ ပစ္စည်းမည်ကုန်၏။ ပစ္စယုပ္ပန်တရားများမှာ နောက်နောက် သောစိတ် ၈၉၊ စေတသိက် ၅၂တို့ ဖြစ်ကြသည်။ မိုးတွင်းအခါ ရွာချသော မိုးရေသည် သစ်ပင်စသော မျိုးနှင့် မကင်းသော အရာဝတ္ထုများ အထောက်အပံ့ ပေးသကဲ့သို့ အားကြီး

သော စိတ် စေတသိက် ရုပ်ပညတ်တို့သည် နာမ်တရား တို့အား ကျေးဇူးပြုသည်။

ကျေးဇူးပြုပုံနမူနာ—

ရာဂကိုအမှီပြု၍ ကုသိုလ်ဖြစ်သောအခါ ရာဂသည် ကုသိုလ်စိတ်အား ပကတူပနိဿယဖြင့်ကျေးဇူးပြု၏။

ရာဂကိုအမှီပြု၍အကုသိုလ်ဖြစ်သောအခါ ရာဂသည် အကုသိုလ်စိတ်အား ပကတူပနိဿယဖြင့် ကျေးဇူးပြု၏။

ရာဂကိုအမှီပြု၍ ကာယိကသုခ, ကာယိကဒုက္ခ ဖြစ်သောအခါရာဂသည်အဗျာကတစိတ်အား ပကတူပ နိဿယဖြင့် ကျေးဇူးပြု၏။

ဤကား အကုသိုလ် ရာဂတရားက ကုသိုလ်, အကုသိုလ်, အဗျာကတတို့အား ပကတူပနိဿယဖြင့် ကျေးဇူးပြုပုံ အမြွက်တည်း။

ဒေါသ, မောဟ, မာန, ပတ္ထနာ စသည်တို့က ပြုပုံကို လည်း နည်းတူသိပါလေ။

သဒ္ဓါတရားကိုအမှီပြု၍ကုသိုလ်ဖြစ်လျှင် သဒ္ဓါတရား သည် ကုသိုလ်အား, အကုသိုလ်ဖြစ်လျှင်အကုသိုလ်အား, ကာယိကသုခ ဒုက္ခဖြစ်လျှင် အဗျာကတအား ပကတူပ နိဿယဖြင့် ကျေးဇူးပြုသည်။

သီလ, သုတ, စာဂ, ပညာစသည်တို့က ကျေးဇူး ပြုပုံ ကို သိပါလေ။

ဤကား ကုသိုလ်တရားက ကုသိုလ်, အကုသိုလ်, အဗျာကတ တရားတို့အား ပကတူပနိဿယဖြင့်ကျေးဇူးပြုပုံ အမြွက်တည်း။

သုခ ချမ်းသာကိုမှီ၍ ကုသိုလ်ဖြစ်လျှင် သုခ အဗျာ ကတသည် ကုသိုလ်အား၊ အကုသိုလ် ဖြစ်လျှင် အကုသိုလ်အား၊ အဗျာကတဖြစ်လျှင် အဗျာကတအား ပကတူပ နိဿယဖြင့် ကျေးဇူးပြု၏။ ဒုက္ခဆင်းရဲခြင်းကိုလည်းကောင်း၊ ပုဂ္ဂလသူတော်ကောင်း သူယုတ်မာ၊ ဘောဇန အစားအစာ၊ ဥတု အအေးအပူ ဥတု၊ သေနာသနအိပ်ရာနေရာ အိမ်အဆောက်အအုံ စသည်ကိုလည်းကောင်း အမှီပြု၍ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားတို့သည် ဖြစ်ကုန်၏။ ထိုအခါ အဗျာကတတရားက ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားတို့အား ကျေးဇူး ပြုပုံတည်း၊ အကျယ်ချဲ့၍သိပါလေ။

ဥပနိဿယ ပြီး၏။

(၁၀) ပုရေဇာတပစ္စည်း သည်—

(၁) ဝတ္ထုပုရေဇာတ၊

(၂) အာရမ္မဏပုရေဇာတ

ဟူ၍ ၂ ပါး။

ထိုတွင် ပဝတ္တိအခါ ဝတ္ထုရုပ် ၆ ပါးသည် ဝတ္ထုပုရေဇာတပစ္စည်းမည်၏၊ ဝတ္ထုပုရေဇာတ နိဿယနှင့်တူ၏။

အာရမ္မဏ ပုရေဇာတပစ္စည်း၊ အာရုံပြုခံရသော ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈ ပါးသည် အာရမ္မဏ ပုရေဇာတ ပစ္စည်းမည်၏။ ပဉ္စဝေါကာရဘုံ၌ ကာမစိတ် ၅၄၊ အဘိညာဏ်ဒွေး၊ (အပ္ပမညာမပါ) စေတသိက် ၅၀ တို့သည်ပစ္စယုပ္ပန်တရားဖြစ်ကုန်၏။ အလင်းရောင်ကို စောင့်တနေကြသော ကမ္ဘာဦးသား တို့အား နေထွက်ပေါ်လာ သကဲ့သို့၊ နိပ္ဖန္နရုပ် ၁၈ ပါးတည်း ဟူသော အာရုံ ၆ ပါးသည် ရှေးဦးစွာဖြစ်နှင့်၍ နောက်မှပေါ်လာသော စိတ်စေတသိက်တို့အား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

အသေးစိတ်အားဖြင့် ဖော်ပြရသော်-

ရူပါရုံသည် စက္ခုဒွါရိကစိတ် ၄၆ အား ပုရေဇာတ၊ သဒ္ဒါရုံသည် သောတဒွါရိကစိတ် ၄၆ အားပုရေဇာတ၊ ဂန္ဓာရုံသည် ဃာနဒွါရိကစိတ် ၄၆ အား ပုရေဇာတ၊ ရသာရုံသည် ဇိဝှါဒွါရိကစိတ် ၄၆ အား ပုရေဇာတ၊ ဖောဋ္ဌဗ္ဗာရုံသည် ကာယဒွါရိကစိတ် ၄၆ အား ပုရေဇာတ၊ ရုပ် ဓမ္မာရုံသည် မနောဒွါရိကစိတ် ၇၆ အား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ အာရုံလည်းဖြစ်, ကျေးဇူးခံ တရား၏ အရင်းလည်း ဖြစ်သောကြောင့် အာရမ္မဏပုရေဇာတဟုခေါ်သည်။

(၁၁) ပစ္ဆာဇာတပစ္စည်း။ ပဋ္ဌာဝေါ်ကာရဘုံ၌ အရူပ ဝိပါက် ၄ ခုမှတပါး ပထမဘဝင် အစရှိသော နောက်နောက် စိတ် ၈၅၊ စေတသိက် ၅၂ တို့သည် ပစ္ဆာဇာတပစ္စည်း မည်ကုန်၏။ ရှေးရှေးသောစိတ်နှင့် အတူဖြစ်၍ ဌီသို့ ရောက်ဆဲ ဖြစ်သော စတုဇရုပ်တို့သည် ပစ္စယုပ္ပန် မည်ကုန်၏။ ငှင်းတငယ် ကလေးများ ခန္ဓာကိုယ်ကြီးပွားမှုကို အားပေးသော အာသာ စေတနာကဲ့သို့ဘည်း။ ငှင်းတတို့ခမ္မဘာ သားငယ် မွေးဖွားပြီး နောက် ပျံသွားသည်မှာ ဘယ်တော့မှ ပြန်မလာပေ။ ငှင်းတ ငယ်ကလေးများက မိခင်သည် ပြန်လာလိမ့်မည်, ပြန်လာလိမ့် မည်ဟု အာသာ တဏှာ တောင့်တမှုဖြင့် သူတို့ ခန္ဓာကိုယ်၌ အာဟာရဇရုပ်ဖြစ်ပွားလျက်ကြီးပြင်းလာခဲ့ရသည်။ ထိုနည်းတူ နောက်နောက်သော ပဘမဘဝင် စသည်တို့က ရှေးရှေးသော ပဋိသန္ဓေ စသောစိတ် နှင့် အတူ ဥပါဒ်သော စတုဇရုပ်အား ကျေးဇူးပြုသည်။

နောက်ကပစ္စည်းတရား ရှေ့က ပစ္စယုပ္ပန် တရားဆိုရာ ဘယ်လောက်အထိ ရှေးကျသော တရားအား ကျေးဇူးပြုသနည်း မေးဖွယ်ရှိ၏။ နောက်ကျသော ပစ္ဆာဇာတပစ္စည်းသည် မိမိ၏ ရှေ့တဆယ့်ခြောက်ခုမြောက်စိတ်နှင့်အတူဥပါဒ်သော စတုဇရုပ် အထိ စိတ်နှင့်အတူဖြစ်သောရုပ်တို့အား ကျေးဇူးပြုသည်ဟုဖြေ။

ပစ္ဆာဇာတပြီး၏။

(၁၂) အာသေဝနပစ္စည်း။ ရှေးရှေးသော လောကီဇော ၄၇ ပါး၊ စေတသိက် ၅၂ တို့သည် အာသေဝနပစ္စည်း မည်ကုန်၏။ ပထမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော ၅၁၊ စေတသိက် ၅၂ ပါးတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ဖြစ်ကုန်၏။ ရှေးရှေးသော နံ့သာလိမ်းခြင်းသည် နောက်နောက်သော နံ့သာအား သာလွန်၍ မွှေးကြိုင်စေသကဲ့သို့ ရှေးရှေးက လေ့ကျက်သင်အံခဲ့သော စာပေပညာသည် နောက်နောက် စာပေပညာအား သာလွန်၍ တတ်စေသဖြင့် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးသော ဇောတို့သည် နောက်နောက်သောဇောတို့အား အာသေဝန (အထုံ,အရှိန်, အဟုန်) ပစ္စည်းဖြင့် ကျေးဇူးပြုလေသည်။

မဂ်ဇောသည် တကြိမ်သာဖြစ်၍နောက်၌ဖြစ်သော ပစ္စယုပ္ပန်တရားမရှိသောကြောင့် အာသေဝနပစ္စည်းမရပေ။

ဖိုလ်ဇောသည်ကား အကြိမ်များစွာဖြစ်၍နောက်၌ဖြစ်သော ပစ္စယုပ္ပန်တရားရှိသော်လည်း မဂ်၏အာနုဘော်ကြောင့်သာ ဖြစ်ရသောတရားမျိုးဖြစ်၍ ကိုယ်တိုင် သီးခြား ပယောဂဗျာပါရ ရှိသော တရား မဟုတ်သောကြောင့် အာသေဝနပစ္စည်း မရဟု ၏။

(၁၃) **ကမ္မပစ္စည်း။** ၎င်းသည်—

သဟဇာတကမ္မ၊ နာနက္ခဏိကကမ္မ

ဟူ၍ ၂ ပါးရှိ၏။

ထိုတွင် စိတ်ဂဇ၌ရှိသော စေတနာဂဇ**သည်** သဟဇာတကမ္မပစ္စည်း မည်၏။ အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ်စေတနာ ၃၃ပါးသည် နာနက္ခဏိက ကမ္မပစ္စည်းမည်၏။ စိတ်ဂဇ၊ စေတနာကြဉ်သော စေတသိက် ၅၁၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့သည် သဟဇာတကမ္မပစ္စယုပ္ပန်။ ဝိပါက် ၃၆၊ စေတသိက် ၃၈၊ အလုံးစုံသောကမ္မဇရုပ်တို့သည် နာနက္ခဏိက ကမ္မ၏ ပစ္စယုပ္ပန်တရားတို့ဖြစ်ကုန်၏။ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ကံဟူသော စေတနာဖြစ်၏။ ၎င်းစေတနာသည် မိမိကိစ္စ, သူတပါးကိစ္စကို ပြီးစေတတ်သော တပည့်ကြီး, လက်သမားကြီးကဲ့သို့လည်းကောင်း၊ မိမိ(မျိုးစေ့)နှင့် ပစ်ပင် အရွက် အလက် အခက် အညွန့် အပွင့်တို့ကို ဖြစ်စေတတ်သော မျိုးစေ့ကဲ့သို့လည်းကောင်း၊ အတူတကွဖြစ်သော တရားတို့အား ကမ္မသတ္တိဖြင့် ကျေးဇူးပြုတတ်**သည်**။

## သဟဇာတကမ္မနှင့်နာနက္ခဏိက ကမ္မအတူး

ပစ္စယုပ္ပန်တရားနှင့် အတူတကွ ဖြစ်သော စေတနာ ဂဇသည် သဟဇာတကမ္မပစ္စည်းမည်၏။ ပစ္စယုပ္ပန်တရားနှင့်အတူ မဖြစ်ပဲ အကြောင်းတရားက ရှေးဘဝက ဖြစ်ခဲ့၍ ခဏပမျိုး၊ အကျိုးပစ္စယုပ္ပန်က နောက်ဘဝတို့၌ဖြစ်၍ ခဏတမျိုး ဤသို့ အချိန်အခါ အမျိုးမျိုး၌ ကျေးဇူးပြုသော ကမ္မပစ္စည်းသည် နာနက္ခဏိက ကမ္မပစ္စည်းဖြစ်၏၊ ထိုကြောင့် ကုသိုလ်,အကုသိုလ် စေတနာ ၃၃သာရ၏။ ဤကမ္မပစ္စည်းထိုက်သောစေတနာသည်

သဘောနှစ်မျိုးရှိ၏။ မိမိနှင့်အတူတကွဖြစ်သော (သဟဇာတ) တရားတို့ကို စီရင်နှိုးဆော်ခြင်း(ကိစ္စ)သဘောတရားမျိုး နောက် အနာဂတ်ကာလ၌ အကျိုးဝိပါက်နှင့် ကမ္မဇရုပ်များကိုဖြစ်ပေါ် စေခြင်းငှာ အားထုတ်သော, ပျိုးထားသော ဥဿုဟသတ္တိ တမျိုးအားဖြင့် ၂မျိုးရှိ၏။ ထိုတွင် သဟဇာတကမ္မသည် ရှေ့ အမျိုးအစားဖြစ်၍ နာနက္ခဏိကကမ္မသည် နောက် အမျိုးအစားဖြစ်သည်။

(၁၄) ဝိပါကပစ္စည်း။ ဝိပါက်စိတ် ၃၆ပါး၊ စေတသိက် ၃၈ပါးသည် ဝိပါကပစ္စည်းမည်၏။ ဝိပါက် ၃၆၊ စေတသိက် ၃၈၊ ဝိညတ်ဒွေးကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။ ချမ်းအေးသောအရိပ်၌ နားနေသူအား သေပြေလေညင်းတိုက်ခတ်သကဲ့သို့ သဟဇာတဖြစ်သော နာမ်ရုပ် တရားတို့အား ဝိပါက်သတ္တိဖြင့် ကျေးဇူးပြုတတ်သည်။ ဝိပါက ဝိပါက်ဆိုသည်မှာ မှည့်ခြင်း,ရင့်ကျက်ခြင်း၊ တနည်း လောက၌ အသီးမျိုးတို့သည် မှည့်ရင့်ခြင်းသို့ ရောက်သောအခါ ရှိသမျှအစွမ်းတို့သည် ကုန်ခန်း၍ ငြိမ်းအေးခြင်းသို့ ရောက်ကုန်၏။ ထိုအတူ ဝိပါက်စိတ်များသည်လည်း ကံတရားမှ မှည့်ရင့်ခြင်းသို့ရောက်လာရသဖြင့် တစုံတရာ ကြောင့်ကြဗျာပါရ စိုက်ထုတ်မှု မရှိသောကြောင့် ဝိပါက်စိတ္တုပ္ပါဒ်တို့သည် သဟဇာတဖြစ်သော ဝိပါက်နာမက္ခန္ဓာ သဟဇာတရုပ်တို့အား ငြိမ်သက်တည်ကြည် အေးမြသော သတ္တိဖြင့် ကျေးဇူးပြုပေသည်။

(၁၅) အာဟာရပစ္စည်း။ ၎င်းသည်—

နာမ်အာဟာရ၊ ရုပ်အာဟာရ

ဟူ၍ ၂ မျိုးရှိ၏။

ထိုတွင် နာမ်အာဟာရပစ္စည်း၌ ဖဿ, စေတနာ, ဝိညာဏ် ဤတရားသုံးပါးတို့သည် နာမ်အာဟာရပစ္စည်းမည်ကုန်၏။ စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်, ပစ္စယုပ္ပန်။

ရုပ်အာဟာရပစ္စည်း၌ ပြင်ပ၌ဖြစ်သော၊ (ဝါ) အစာ အာဟာရ၌ပါသော အဆီဩဇာသည် တနည်း အဇ္ဈတ္တိက စတုသမုဋ္ဌာနိက ဩဇာ, ဗဟိဒ္ဓဥတုဇ ဩဇာသည် ရုပ်အာဟာရ ပစ္စည်းမည်၏။ အာဟာရဇရုပ်၊ ပစ္စယုပ္ပန်၊ (ဝါ) ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ, ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်။ အိမ်အိုကြီးကြိုက် မယိမ်းမယိုင် ခိုင်စေသော ကျားကဲ့သို့ ဖဿ, စေတနာ, ဝိညာဏ် ပစ္စည်းတို့သည် အတူဖြစ်သော စိတ်, စေတသိက်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇ ရုပ်အားလည်းကောင်း၊ ပြင်ပအာဟာရ အဆီဩဇာပစ္စည်း သည် အာဟာရဇရုပ်အားလည်းကောင်း ဆောင်ယူ ထောက်ပံ့ သောသတ္တိဖြင့် ကျေးဇူးပြုသည်။ တနည်း အတွင်းအပြင် ဖြစ် သော စတုသမုဋ္ဌာနိကဩဇာပစ္စည်းသည် ကလာပ်တူဩဇာမပါ သော် စတုသမုဋ္ဌာနိကရုပ်အား ထောက်ပံ့ခိုင်စေသောအားဖြင့် ကျေးဇူးပြုသည်။

(၁၆) ဣန္ဒြိယပစ္စည်း။ ၎င်းသည်—

သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ ဟူ၍ ၃ ပါးရှိ၏။

ထိုတွင် သဟဇာတိန္ဒြိယပစ္စည်း၌ နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဤ ၈ ပါးသည် သဟဇာတိန္ဒြိယပစ္စည်း မည်၏။

ပုရေဇာတိန္ဒြိယပစ္စည်း၌ မဇ္ဈိမာယုက ပဉ္စဝတ္ထုပသာဒရုပ် ၅ပါးသည် ပုရေဇာတိန္ဒြိယပစ္စည်း မည်၏။

ရူပဇီဝိတိန္ဒြိယပစ္စယ၌ ရုပ်ဇီဝိတသည် ရူပဇီဝိတိန္ဒြိယပစ္စည်းမည်၏။ တိုင်းပြည် တပြည်ထဲ၌ နယ်စားမင်းကလေးများသည် တဦးကိုတဦး မဟန့်တားကြပဲ ကိုယ့်နယ်နယ် ကိုယ်အုပ်စိုး၍ နေကြသကဲ့သို့ သဟဇာတိန္ဒြိယပစ္စည်း ၈ပါးတို့သည် စိတ္တုပ္ပါဒ်စိတ္တဇရုပ်, ကမ္မဇရုပ်တို့အား ဣန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြုသည်။ ပုရေဇာတိန္ဒြိယပစ္စည်း ၅ပါးတို့သည် ပဉ္စဝိညာဏ်စိတ္တုပ္ပါဒ်အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြု၏။ ရူပဇီဝိတိန္ဒြိယပစ္စည်း ၁ပါးသည် ပဋိသန္ဓေကမ္မဇရုပ် အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်။

အထူး မှတ်သားရန် အောက်သမုစ္စည်းပိုင်း၌ ပြခဲ့သော ဣန္ဒြေတရား ၂၂ပါးရှိ၏။ ဤ၌ကား ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ ၂ပါး မပါ၊ အကြောင်းရေးရန် ဣန္ဒြေ ၂၀ တရားကိုယ်အားဖြင့် ၁၄ ပါးသည်သာလျှင် ဣန္ဒြိယပစ္စည်းတတ်၏။ ၎င်းတရားကိုယ် ၁၄ပါးကိုခွဲဝေသော် နာမ်ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ, သတိ,ဧကဂ္ဂတာ,ပညာ တရားကိုယ် ၈ပါးသည် သဟဇာတိန္ဒြိယပစ္စည်း၊ စက္ခုပသာဒ, သောတ, ဃာန, ဇိဝှါ, ကာယ ပသာဒ ၅ပါးတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း။ ရုပ်ဇီဝိတ ၁ ပါးသည် ရူပဇီဝိတိန္ဒြိယပစ္စည်း,။ ဤသို့ ၃မျိုးဝေဖန်ထားသည်။

(၁၇) ဈာနပစ္စည်း။ ပဉ္စဝိညာဏ် ကြဉ်သောစိတ် ၇၉ ၌ ရှိသော ဝိတက်, ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာဈာန် ၅ ပါးသည် ဈာနပစ္စည်းမည်၏။ တောင်ထိပ်သို့တက်သောသူသည် အောက်လူတို့အား မြင်ရသကဲ့သို့ အဝေးကိုလည်းကောင်း၊ အနီးကိုလည်းကောင်း ကြည့်ရှုနိုင်သကဲ့သို့ ဈာနင် ၄ါးပါးတို့သည် သဟဇာတ်ဖြစ်သော စိတ်စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြုသည်။ ဤ၌ ဈာနဟူ

သည် တစိမ့်စိမ့်ရှု ကြည့်ခြင်း, စိုက်စိုက်စူးစူး မြဲမြဲမြံမြံ ရှုခြင်း တည်း။

(၁၈) မဂ္ဂပစ္စည်း။ သဟိတ်စိတ်၌ရှိသောမဂ္ဂင်တရားကိုယ် ၉ ပါး၊ (ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ) တို့သည် မဂ္ဂပစ္စည်း မည်ကုန်၏။ ဟိုဘက်ကမ်း ဤဘက်ကမ်းသို့ သွားလာပို့နေသော (ကုတို့) ကတို့လှေနှင့်တူ၏။ မဂ္ဂင်တရားကိုယ် ၉ ပါး, ပစ္စည်း တရားသည် သဟဇာတနာမ်ရုပ်တို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူး ပြုသည်။ မဂ္ဂဟူသည် သုဂတိဘုံဘဝနှင့် နိဗ္ဗာန်သို့ရောက်စေ သောအားဖြင့်လည်းကောင်း, ဒုဂ္ဂတိဘုံဘဝသို့ရောက်စေသော အားဖြင့်လည်းကောင်း ကျေးဇူးပြုသောတရားတည်း။

(၁၉) သမ္ပယုတ္တပစ္စည်း။ စိတ် ၈၉၊ စေတသိက် ၅၂ ပါး တို့သည် သမ္ပယုတ္တပစ္စည်းမည်ကုန်၏။ စတုမဓု (စတုမဓု) နှင့် တူ၏။ စတုမဓု ဟူသည် ထောပတ်, ဆီ, ပျားရည်, သကာ (တင်လဲရည်) ၄ မျိုး ဆတူ ရောစပ်ထားသော ရသာယန အားဆေး ဖြစ်သည်။ ၎င်း စတုမဓုသည် ထောပတ်အရသာ လည်းမဟုတ်, ဆီအရသာလည်း မဟုတ်, ပျားရည် အရသာ လည်းမဟုတ်, သကာ တင်လဲအရသာလည်းမဟုတ်၊ ၄ မျိုး ရောစပ်နေသော အရသာရှိသည်။ ထို့အတူ နာမ်ခန္ဓာလေး ပါးတို့သည်၊ (ဝါ) စိတ် စေတသိက်တို့သည် နာမက္ခန္ဓာလေး ပါးတို့အား၊ (ဝါ) စိတ် စေတသိက်တို့အား သမ္ပယုတ္တပစ္စည်း ဖြင့် ကျေးဇူးပြုသည်။ သမ္ပယုတ္တပစ္စည်းသဘောမှာ စိတ်နှင့် စေတသိက်တို့သည် ဖြစ်, ချုပ်, အာရုံ, မှီရာ လက္ခဏာလေးပါး ညီညွတ်စွာယှဉ်သောသဘောတည်း။ နာမ်ခန္ဓာလေးပါးတွင် ဝေဒနာသဘော, သညာသဘော, သင်္ခါရသဘော, ဝိညာဏ

သဘော သက်သက်မျှမဟုတ်တော့ပဲ၊ ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်,၄ပါးစပ်သော်သဘောသည် သမ္ပယုတ္တသဘောဖြစ်၏။

(၂၀) ဝိပ္ပယုတ္တပစ္စည်း။ ၎င်းသည်–

သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ်

ဟူ၍ ၃ မျိုး ရှိ၏။

ထိုတွင် **သဟဇာတဝိပ္ပယုတ်** ၌ ပဋိသန္ဓေ ကာလ ရှဲဖြစ်ခိုက် ဖြစ်နေ ပဉ္စဝိညာဏ်မှ ကပါး(ရုပ်ကိုဖြစ်စေနိုင်သော)စိတ် ၇၅၊ စေတသိက် ၅၂၊ ပဋိသန္ဓေကာလ ပဋိသန္ဓေ နာမက္ခန္ဓာ နှင့် ဟဒယဝတ္ထု တို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း မည်ကုန်၏။ ချို, ချဉ်, စပ်, ငန်, ဖန်, ခါး ရသာ ၆ ပါးတို့သည် အရသာ ချင်းချင်း မရောနှောမစပ်သကဲ့သို့၊ ရုပ်ကိုဖြစ်စေတတ်သောစိတ် ၇၅,စေတသိက် ၅၂,ပစ္စည်းတရားတို့သည် အတူတကွဖြစ်သော ရုပ်တို့အား မယှဉ်မစပ်သောအားဖြင့် (ဝါ) နာမ်နှင့်ရုပ်မရော နှောသောအားဖြင့် ကျေးဇူးပြုသည်။ ပဋိသန္ဓေကာလ ပဋိသန္ဓေ က ဟဒယဝတ္ထုအားလည်း အတူတကွဖြစ်သော်လည်း နာမ် နှင့်ရုပ် မယှဉ်စပ်သောအားဖြင့် ကျေးဇူးပြုသည်။

**ပုရေဇာတ ဝိပ္ပယုတ်** ၌ ပဝတ္တိအခါ ဝတ္ထုရုပ်ခြောက်ပါး တို့သည် ပုရေဇာတ ဝိပ္ပယုတ်ပစ္စည်းမည်ကုန်၏။ အကျယ်မှာ ဝတ္ထုပုရေဇာတနိဿယနှင့်တူ၏။ ဤ၌ကား ဝတ္ထုရုပ် ၆ ပါး ပစ္စည်းသည် သတ္တဝိညာဏဓာတ် ပစ္စယုပ္ပန်တရားအား မယှဉ်အပ် မစပ်မရောနှောသောအားဖြင့် ကျေးဇူးပြုသည်ဟု ဆိုရသည်။

**ပစ္ဆာဇာတဝိပ္ပယုတ်** ၌ ပဌမဘဝင်စသော နောက်နောက် သော စိတ်, စေတသိက်တို့သည် ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း မည်ကုန်၏။ ပစ္ဆာဇာတနှင့် အားလုံးတူ၏။ ဤ၌ကား နောက်

စိတ်, စေတသိက်က ပဋိသန္ဓေစသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်(ဖြစ်)သော စတုဇရုပ်အား မယှဉ်မစပ် မရောနှော သောအားဖြင့် ကျေးဇူးပြုသည်ဟုမှတ်ပါ။

(၂၁) **အတ္ထိပစ္စည်း**။ ၎င်းသည်—

သ ဟ ဇာ တ တ္ထိ၊ ပု ရေ ဇာ တ တ္ထိ၊ ပ စ္ဆာ ဇာ တ တ္ထိ၊

ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ

ဟူ၍ ၅ မျိုးရှိ၏။

ထိုတွင်-သဟဇာတတ္ထိ ဟူသည် သဟဇာတတ္ထိ ပစ္စည်းပင် ဖြစ်၏။

ပုရေဇာတတ္ထိ ဟူသည် ပုရေဇာတပစ္စည်းပင် ဖြစ်၏။

ပစ္ဆာဇာတတ္ထိ ဟူသည် ပစ္ဆာဇာတပစ္စည်းပင် ဖြစ်၏။

ရုပ်အာဟာရတ္ထိ ဟူသည် ရုပ်အာဟာရပစ္စည်းပင် ဖြစ်၏။

ရူပဇီဝိတိန္ဒြိယတ္ထိ ဟူသည် ရူပဇီဝိတိန္ဒြိယပင် ဖြစ်၏။

ဤ၅ အတ္ထိပစ္စည်း၏သဘောမှာ ရှိသောအားဖြင့် ကျေးဇူး ပြုတတ်သောတရားဖြစ်၏။ ဥပါဒ်,ဌီ,ဘင်,ခဏ ပစ္စုပ္ပန်ကာလ ဖြစ်ဆဲအားဖြင့် ထင်ရှားရှိသော တရားသည် အတ္ထိပစ္စည်းပင် ဖြစ်သည်ဟု ဆိုလို၏။ ဥပမာ မြေကြီးနှင့်မြင်းမိုရ်တောင်တို့သည် မြက်သစ်ပင်တို့အား ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသကဲ့ သို့တည်း။

(၂၂) **နတ္ထိပစ္စည်း**။ ချုပ်နှင့်ပြီးသော ရှေးရှေးသော စေတသိက်တို့သည် နတ္ထိပစ္စည်းမည်ကုန်၏။ ငြိမ်းသေလေပြီး သောဆီမီးသည် မိုက်မှောင်ကိုဖြစ်စေသကဲ့သို့၊ထို့အတူရှေးရှေး စိတ်, စေတသိက်တို့၏ ချုပ်ခြင်းသည် နောက်နောက် စိတ်, စေတသိက်တို့၏ဖြစ်ခွင့်ကိုပေးသည်နှင့်တူလေသည်။ ထိုကြောင့်

ရှေးရှေး စိတ္တုပ္ပါဒ်သည် နောက်နောက် စိတ္တုပ္ပါဒ်အား မရှိခြင်းအားဖြင့် ကျေးဇူးပြုသည်။

(၂၃) ဝိဂတပစ္စည်း။ ချုပ်နှင့်ပြီးသော ရှေးရှေးသော စိတ်စေတသိက် တို့သည် ဝိဂတပစ္စည်း မည်ကုန်၏။ နတ္ထိနှင့်တူ၏။ ဤ၌ ကင်းခြင်း အားဖြင့် ကျေးဇူးပြုသည်ဟုမှတ်ပါ၊ မရှိနှင့် ကင်းခြင်း အတူတူ၊ ဥပမာ နေရောင် ပျောက်သော် လရောင်မပေါ်သကဲ့သို့ဟူ၍ ဤဝိဂတပစ္စည်း၌ မှတ်ပါလေ။

(၂၄) အဝိဂတပစ္စည်း။ ၎င်းသည်....

သဟဇာတအဝိဂတ၊ ပုရေဇာတအဝိဂတ၊ ပစ္ဆာဇာတအဝိဂတ၊ ရုပ်အာဟာရအဝိဂတ၊ ရူပဇီဝိတိန္ဒြိယအဝိဂတ ဟူ၍ ၅ မျိုးရှိ၏။

အတ္ထိပစ္စည်းနှင့် အတူတူဖြစ်၏။ အဝိဂတ မကင်းခြင်းနှင့် အတ္ထိရှိခြင်းစကားသာကွဲသည်။ အဓိပ္ပာယ်အတူတူပင်။ ဥပမာ မဟာသမုဒ္ဒါရာသည် မိမိကိုမှီ၍ နေကြကုန်သော ငါးအပေါင်း ရေသတ္တဝါအပေါင်းတို့အား ရေနှင့်မကင်းမရှိသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မကင်းသော အားဖြင့် ကျေးဇူးပြုတတ်သည်ဟူလို။

ဤကား ၂၄ ပစ္စည်း အဓိပ္ပာယ် အကျဉ်းနှင့် အရ ကောက် များပေတည်း ။ ဤပဌာန်းတရားတော်ကား နက်နဲ မက်ခဲလှဘိတော်။ သို့ဖြစ်၍ ဘုရားရှင်၏ ဗုဒ္ဓညာဏ်တော် ဉာဏ်တော်သည် ဤပဌာန်း ဒေသနာရောက်မှ ကျက်စား လောက် သည် ဟု ဆိုလေသည်။

ပစ္စယ ဒ္ဒသပြီးပြီ။

တတိယအကြိမ်

## ပစ္စယနိဒ္ဒေသကို ပြပေအံ့။

၂၄ ပစ္စည်းကိုပြပြီး၍ ၎င်း ၂၄ ပစ္စည်းတို့ကိုသဘောတူပေါင်း၍ ပြဆိုခြင်းဌာ ''ဆဓာနာမန္တ ၊ နာမဿ''စသော ဂါထာကို ဆိုသည်။

စာကိုယ် (၁၈) ၁။ နာမ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း ၆ ပါး
၂။ နာမ်သည်နာမ်ရုပ်အား ။ ။ ။ ၅ ပါး
၃။ နာမ်သည်ရုပ်အား ။ ။ ။ ၁ ပါး
၄။ ရုပ်သည် နာမ်အား ။ ။ ။ ၁ ပါး
၅။ ပညတ်နာမ်ရုပ်တို့သည် နာမ်အား ။ ၂ ပါး
၆။ နာမရုပ် ၂ ပါးသည်နာမ်ရုပ် ၂ ပါးအား။ ၉ ပါး
ဤသို့ ခြောက်ပါးရှိသည်။

စာကိုယ် (၁၉) အကျယ်ပြဦးအံ့။ နာမ်သည် နာမ်အား ကျေးဇူးပြုသော ၆ ပါးမှာ--

(၁) အနန္တရပစ္စည်း၊ (၂) သမနန္တရပစ္စည်း (၃) နတ္ထိပစ္စည်း၊ (၄) ဝိဂတပစ္စည်း၊ (၅) အာသေဝနပစ္စည်း၊ (၆) သမ္ပယုတ္တ ပစ္စည်းများဖြစ်၏။ ကျေးဇူးပြုဟန်ကား-

အကြားမဲ့ဖြစ်၍ချုပ်ခဲ့လေပြီးသောရှေးရှေးသောစိတ်, စေတသိက်တရားတို့သည် ဟဖန်ဖြစ်ပေါ်ကုန်သော နောက်နောက်သော စိတ်, စေတသိက်တရားတို့အားအနန္တရ,သမနန္တရ,နတ္ထိ,ဝိဂတ၄-ပစ္စည်း တို့ဖြင့် ကျေးဇူးပြုကုန်၏။

ရှေးရှေး ဖြစ်ကုန်သောဇောတို့သည် နောက်နောက် ဇောတို့ အား အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြု၏။

အတူတကွဖြစ်ကုန်သော စိတ်, စေတသိက်တို့သည် အချင်းချင်း ယှဉ်သည်၏အစွမ်းဖြင့် (ဝါ)သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့ နာမ်ပစ္စည်းသည်နာမ်ပစ္စယုပ္ပန်အား၆ပစ္စည်းဖြင့်ကျေးဇူးပြု၏။

---

အဓိပ္ပာယ် (၁၉) အဓိပ္ပာယ်စကားကျမှာ ရှေးစိတ်သည် နောက်စိတ် အား အနန္တရပစ္စည်းဖြင့်ကျေးဇူးပြု၏။ ထို့အတူ

တတိယအကြိမ်

**စာကိုယ်** (၂) နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသောပစ္စည်း
(၂၀) ၅ ပါးမှာ-
(၁) ဟေတုပစ္စည်း၊ (၂) ဈာနပစ္စည်း၊ (၃) မဂ္ဂပစ္စည်း၊
(၄) ကမ္မပစ္စည်း၊ (၅) ဝိပါကပစ္စည်း၊ ဤငါးပါး ဖြစ်၏။

---

သမနန္တရ, နတ္ထိ, ဝိဂတတို့ဖြင့်လည်းကျေးဇူးပြု၏။ ရှေ့စိတ်သည် နောက်စိတ်အား မရှိသဖြင့် လည်းကောင်း, ကင်းသဖြင့် လည်းကောင်း ကျေးဇူးပြု၏ဟူလို။

ရှေ့ဇောစိတ်များသည် နောက်ဇောစိတ်အား အာသေဝန အထုံပေးသောအားဖြင့် ကျေးဇူးပြု၏။နောက်နောက် နံ့သာသည် သာလွန်၍ မွှေးအောင် ရှေးရှေးက ထုံထားနှင့်သော နံ့သာကဲ့သို့ ရှေ့ဇောများက နောက်ဇောအားရှိအောင် အားပေးသောအားဖြင့် ကျေးဇူးပြုသည်ဟူလို။

စိတ်နှင့်အတူဖြစ်သော စေတသိက်တို့သည် စေတသိက်ပိုင်း၌ ပြခဲ့ပြီးသော သမ္ပယောဂလက္ခဏာလေးပါးနှင့်အညီ ယှဉ်ကြသည်ကို အချင်းချင်းယှဉ်သောအားဖြင့် ကျေးဇူးပြုသည်ဟုဆိုရသည်။

**အဓိပ္ပာယ်** ကျေးဇူးပြုပုံကား-

(၂၀) ဟိတ် ၆ ပါး နာမ်တရားတို့သည် အတူတကွ ဖြစ်ကုန်သော စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြု၏။ဈာနင်တရားကိုယ် ၅ ပါး နာမ်တရားတို့သည် အတူတကွ ဖြစ်ကုန်သော စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြု၏။ မဂ္ဂင် ၉ ပါး နာမ်တရားတို့သည်

ဇာကိုယ် (၄) နာမ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ၁ပါး
(၂၁) မှာ ပစ္ဆာဇာတပစ္စည်း ဖြစ်၏။

---

သဟဇာတ် ဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြု၏။

စိတ် ၇၉ ၌ရှိသော စေတနာ ၇၉ ပါး သည် အတူတကွ ဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့ အား သဟဇာတ ကမ္မသတ္တိဖြင့် အကုသိုလ် စေတနာ ၁၂, ကုသိုလ်စေတနာ ၂၁, ပေါင်း ၃၃ ပါးသော စေတနာတို့သည် နာမက္ခန္ဓာဝိပါက် ကဋတ္တာရုပ်တို့အား နာနက္ခဏိက သမ္မသတ္တိဖြင့် ကျေးဇူးပြု၏။

ဝိပါက်စိတ် ၃၆ ပါး၊ စေတသိက်၃၅ပါး နာမ်တရားသည် အချင်းချင်းအားလည်းကောင်း အတူတကွဖြစ်သော စိတ္တဇရုပ် ကမ္မဇရုပ်တို့အားလည်းကောင်း ဝိပါကသတ္တိဖြင့်ကျေးဇူးပြု၏။ ဤသို့လျှင် ပစ္စည်းနာမ်တရားသည် ပစ္စယုပ္ပန်နာမ်တရားတို့အား ကျေးဇူးပြုပေသည်။

အဓိပ္ပာယ် ပစ္ဆေါကာရဘုံ၌ အရူပဝိပါက် လေးခုမှတပါး
(၂၁) ပဋမဘဝင် အစရှိသော နောက်နောက်သော စိတ် ၇၅ပါး, စေတသိက် ၅၂ တို့သည် ပဋိသန္ဓေအစ ရှိသော ရှေးရှေးစိတ်နှင့် အတူဖြစ်ပေါ် ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇ ကာယရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ အချုပ် မှာ ပစ္စည်းနာမ်သည် ရုပ်ပစ္စုပ္ပန်တရားအား ကျေးဇူးပြုသော ပစ္ဆာဇာတပစ္စည်း တပါးတည်း။

တတိယအကြိမ်

စာကိုယ် (၄) ရုပ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း
(၂၂) ၁ ပါးမှာ ပုရေဇာတပစ္စည်းဖြစ်၏။

စာကိုယ် (၅) ပညတ်နာမ်တို့သည် နာမ်အားကျေးဇူးပြုသော
(၂၃) ပစ္စည်း ၂ ပါးမှာ အာရမ္မဏနှင့် ဥပနိဿယ ပစ္စည်း ဖြစ်၏။

---

အဓိပ္ပာယ် ကျေးဇူးပြုဟန်ကား—

(၂၂) ပုရေဇာတသည် ဝတ္ထုပုရေဇာတ, အာရမ္မဏ ပုရေဇာတဟူ၍ ၂ ပါးရှိ၏။ထိုတွင် ပဝတ္တိအခါ ဝတ္ထု ၆ ပါးတို့သည် ၇ ပါးသော ဝိညာဏ ဓာတ်တို့အား ဝတ္ထုပုရေဇာတသတ္တိဖြင့် အာရုံ ၆ ပါး တို့သည် ပဉ္စဝိညာဏ်အား, ရုပ်ဓမ္မာရုံသည် မနောဒွါရိက စိတ္တုပ္ပါဒ်အား, အာရမ္မဏ ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြု၏။ ဤသို့လျှင် ပစ္စည်းရုပ်သည် ပစ္စယုပ္ပန်နာမ်အား ကျေးဇူးပြုသော ပုရေဇာတ ပစ္စည်းတပါး တည်း။

အဓိပ္ပာယ် ကျေးဇူးပြုဟန်ကား—

(၂၃) အာရုံ ၆ ပါးဖြစ်သော ပညတ် နာမ်ရုပ် တို့သည် စိတ် စေတသိက် နာမ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြု၏။ (အာရမ္မဏသင်္ဂဟကိုပြန်ကြည့်ပါ။)

တတိယအကြိမ်

**စာကိုယ်** ဥပနိဿယသည်-
(၂၄) အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ ဟူ၍ ၃ ပါးရှိ၏။

ထိုတွင် အလေးအမြတ်ပြုအပ်သော အာရုံ ၆ ပါးသည် အလေး ဒ မြတ် ပြုတတ်သော လောဘစိတ် ၈၊ မဟာကုသိုလ် ၈၊ မဟာ ကြိယာ ဉာဏသမ္ပယုတ်စိတ် ၄၊ လောကုတ္တရာစိတ် ၈၊ စေတသိက် ၄၅၊ (ဒေါစတုက်,ဝိစိကိစ္ဆာ,အပ္ပမညာ ၇ မပါ)တို့အား အာရမ္မ ဏူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

* ရှစ်လောဘဟု၊ မဟာကု၊ လေးခုကြိယာ။
လောကုတ် ၈ ခု၊ ဤစိတ်ခု၊ ၈ချုပြုတတ်စွာ။

**စာကိုယ်** ရှေးရှေးသောစိတ္တုပ္ပါဒ်သည် နောက်နောက်သော စိတ္တု
(၂၅) ပ္ပါဒ်အား အနန္တရူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။
**စာကိုယ်** အားကြီးသော စိတ်စေတသိက်ရုပ် ၂၈ ပါး ပညတ်တို့
(၂၆) သည် အလုံးစုံသော စိတ်စေတသိက်တို့အား ပကတူပနိ ဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ (အာရမ္မဏ၊အနန္တရ တို့နှင့်(ဝါ)အာရုံသဘော,အခြားမဲ့ဖြစ်ခြင်းသဘောတို့မှကင်းသော ပင်ကို အားကြီးသော မှီရာအကြောင်းကိုပင် ပကတူပနိဿယဆို သည်)၊ရာဂ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ စသောတရား (မကောင်းမှု အတွက်)။သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ,ပဉ္စနာ စသော တရား (ကောင်းမှုအတွက်) ကာယိကသုခ, ကာယိကဒုက္ခ, ကလျာဏမိတ္တ စသောပုဂ္ဂိုလ်,အစားစား,ရာသီဥတု,ကျောင်း,အိမ် စသော နေရာ (အဇ္ဈာကတ)တို့သည် ထိုက်သည် အားလျော်စွာ အတွင်းအပြင် ကုသိုလ်စသော တရားတို့အားလည်းကောင်း၊ ကံသည် ဝိပါက်တို့ အားလည်းကောင်း ပကတူပနိဿယဖြင့် ကျေးဇူးပြုသည်။ (ရှေ့ ပစ္စယုဒ္ဒေသတွင်ကြည့်ပါ အကျယ်ပါ၏။)

**စာကိုယ် (၂၅)** (၆)နာမ်ရုပ် ၂ ပါးသည် နာမ်ရုပ် ၂ ပါးအား ကျေးဇူးပြုသော ပစ္စည်း ၉ ပါးမှာ—

အဓိပတိ၊ သဟဇာတ၊အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတပစ္စည်းများဖြစ်၏။

**စာကိုယ်** ကျေးဇူးပြုပုံဟန်ကား-

**(၂၈)** အလေးအမြတ်ပြုအပ်သော (စိတ် ၈၄,စေတသိက် ၄၇, နိပ္ဖန္နရုပ် ၁၈,နိဗ္ဗာန်ဟူသော) အာရုံခြောက်ပါးတို့သည် အလေးအမြတ်ပြုတတ်သောစိတ်(လောဘစိတ် ၈ ပါး၊မဟာကုသိုလ် ၈၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄၊ လောကုတ္တရာ ၈)စေတသိက် ၄၅၊ (ဒေါသတုက် ၄၊ ဝိစိကိစ္ဆာ၊ အပ္ပမညာ ၂၊ပေါင်း ၇ မပါ) တို့အား သာရမ္မဏာဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုကုန်သည်။

အဓိပတိဇော ၅၂ ပါး၌ရှိသော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့တွင် တပါးသောအဓိပတိတရားသည် သဓိပတိဇော ၅၂ ခု၊ စေတသိက် ၅၁၊(ဝိစိကိစ္ဆာမပါ) စိတ္တဇရုပ်တရားတို့အား သဟဇာတ ဓိပတိ ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

**အဓိပတိပြီး၏။**

**စာကိုယ် (၂၉)** သဟဇာတ၌အကျုံးဝင်သော စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇ ရုပ်အား လည်းကောင်း၊ မဟာဘုတ် လေးပါးတို့သည် အချင်းချင်းအားလည်းကောင်း, ဥပါဒါရုပ်တို့အား လည်းကောင်း၊ ပဋိသန္ဓေအခါ ပဉ္စဝေါကာရ ပဋိသန္ဓေသည် ဟဒယဝတ္ထုအား ဟဒယဝတ္ထုသည် ပဉ္စဝေါကာရပဋိသန္ဓေအား သဟဇာတ ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

**စာကိုယ် (၃၀)** အညမည၌ အကျုံးဝင်ဖြစ်သော စိတ် စေတသိက်တို့သည် အချင်းချင်းအား၊ မဟာဘုတ် ၄ ပါးတို့သည် အချင်းချင်းအား၊ ပဋိသန္ဓေသည် ဟဒယအား၊ ဟဒယ ဝတ္ထုသည် ပဋိသန္ဓေအား အညမညပစ္စည်းဖြင့် ကျေးဇူးပြုသည်။

စာကိုယ် (၃၁) နိဿယဥ္စ အတူတကွဖြစ်သော စိတ်စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အား လည်းကောင်း၊ မဟာဘုတ် ၄ ပါးတို့သည် အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်တို့အား လည်းကောင်း၊ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုအား၊ ဟဒယဝတ္ထုသည် ပဋိသန္ဓေအား သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ပဝတ္တိအခါ ဝတ္ထုရုပ် ၆ ပါးသည် ဝိညာဏဓာတ် ၇ ပါးအား ပုရေဇာတနိဿယဖြင့် ကျေးဇူးပြု၏။

စာကိုယ် (၃၂) အာဟာရဥ္စ ကဗဠီကာရာဟာရခေါ် ဩဇာသည် ကလာပ်တူ ဩဇာမှတပါး စတုသမုဋ္ဌာနိက ကာယအား ရုပ်အာဟာရပစ္စည်းဖြင့် ကျေးဇူးပြုသည်။

ဖဿ, စေတနာ, ဝိညာဏ်, နာမ် အာဟာရ သုံးပါးသည် စိတ်စေတသိက် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား နာမ် အာဟာရ ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

စာကိုယ် (၃၃) ဣန္ဒြိယဥ္စ မဇ္ဈိမာယုကဖြစ်သော ပသာဒရုပ်ငါးပါးတို့သည် စက္ခုဝိညာဏ် စသော ဝိညာဏ်ငါးပါး တို့အား ပုရေဇာတ+ဣန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

ရုပ်ဇီဝိတသည် ဥပါဒိန္နရုပ်ခေါ် ကမ္မဇရုပ်တို့အားရုပဇီဝိတ+ဣန္ဒြိယ ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ ပညာ ဤနာမ်ဣန္ဒြေတရားကိုယ် ၈ ပါးတို့သည် စိတ်, စေတသိက်, စိတ္တရုပ်, ပဋိသန္ဓေကမ္မရုပ် တို့အား သဟဇာတ+ဣန္ဒြိယပစ္စည်းဖြင့် ကျေးဇူး ပြုကုန်၏။

တတိယအကြိမ်

**စာကိုယ်** ဝိပ္ပယုတ္တ၌ ပဋိသန္ဓေအခါ ဟဒယဝတ္ထုသည် ပဋိသန္ဓေ
**(၃၄)** ဝိပါက်နာမက္ခန္ဓာအား၊ ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာသည်
ဟဒယဝတ္ထုအား၊ ပဉ္စဝိညာဏ်မှတပါး စိတ် ၇၅ ပါး
စေတသိက် ၅၂ ပါးတို့သည် သဟဇာတ် ဖြစ်သော စိတ္တဇရုပ်, ပဋိ
သန္ဓေကမ္မဇရုပ်တို့အား သဟဇာတ်ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြု၏။
ပဝတ္တိအခါ ဝတ္ထု ၆ ပါးတို့သည် ၇ ပါးသော ဝိညာဏ်တို့အား
ပုရေဇာတဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။
ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် ၄ ခုမှ တပါးသောပထမဘဝင်
အစရှိသော နောက်နောက်သောစိတ် ၈၅ ပါး၊ စေတသိက် ၅၂ ပါး
တို့သည် ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍
ရပ်၏ဌီသို့ရောက်သော ဧကဇ, ဒွိဇ, တိဇ, စတုဇကာယအား ပစ္ဆာ
ဇာတ ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

**စာကိုယ်** အတ္ထိ၌ အထက်၌ပြခဲ့ပြီးသော–
**(၃၅)**

၁။ သဟဇာတပစ္စည်းသည် သဟဇာတတ္ထိပင်ဖြစ်၏။
၂။ ပုရေဇာတ " ပုရေဇာတတ္ထိပင်ဖြစ်၏။
၃။ ပစ္ဆာဇာတ " ပစ္ဆာဇာတတ္ထိပင်ဖြစ်၏။
၄။ အာဟာရ " အာဟာရတတ္ထိပင်ဖြစ်၏။
၅။ ရူပဇီဝိတိန္ဒြိယ " ရူပဇီဝိတိန္ဒြိယတ္ထိပင် ဖြစ်၏။

အဝိဂတ၌--

၁။ သဟဇာတ အဝိဂတ၊
၂။ ပုရေဇာတ အဝိဂတ၊
၃။ ပစ္ဆာဇာတ အဝိဂတ၊
၄။ အာဟာရ အဝိဂတ၊
၅။ ရူပဇီဝိတိန္ဒြိယ အဝိဂတ

ဟူ၍ အဝိဂတ်နည်းတူ ၅ ပါး ရှိသည်။ အားလုံး အတ္ထိပစ္စည်းနှင့် တူ၏။

တတိယအခြမ်း

စာကိုယ် (၃၆) အားလုံးသော ၂၄ ပစ္စည်းတို့သည် အာရမ္မဏ ပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်း တို့၌လည်း ပေါင်းဆုံခြင်းသို့ရောက်ကုန်၏၊ ဝင်ကုန်၏။ (၂၄ ပစ္စည်းတို့ကိုသိမ်းယူလျှင် အကျဉ်းစုယူလျှင် ပစ္စည်း ၄ ပါးတို့သည်သာလျှင် ဖြစ်ကုန်၏ဟု ဆိုလိုသည်။

---

အဓိပ္ပာယ် (၃၆) ပစ္စည်း ၄ မျိုး၌ဝင်ပုံမှာ-

၁။ **အဓိပတိတွင်** အာရမ္မဏာဓိပတိသည် ကမ္မမှတပါး ကျန် ၃ ပါး၌ဝင်၏။ သဟဇာတာ ဓိပတိသည် အတ္ထိ၌ဝင်၏။

၂။ **နိဿယတွင်** သဟဇာတ နိဿယနှင့် ပုရေဇာတ ၂ ပစ္စည်းသည် အတ္ထိ၌ပါဝင်၏။ ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယသည် အာရမ္မဏ,အတ္ထိ ၂ ပစ္စည်း၌ ပါဝင်၏။ အကယ်၍ အလေးအမြတ် ပြုပါက ဥပနိဿယ၌လည်း ပါဝင်၏။ (အာရမ္မဏ, ဥပနိဿယ, အတ္ထိ ၃ မျိုး၌ဝင်၏ဟူလို။)

၃။ **ပုရေဇာတတွင်** အာရမ္မဏနှင့် ဝတ္ထာရမ္မဏ ၂ ပါးသည် အာရမ္မဏ, အတ္ထိ ၂ မျိုး၌ ပါဝင်၏။ ဝတ္ထုပုရေဇာတသည် အတ္ထိ၌ပါဝင်၏။

၄။ **ကမ္မပစ္စည်းတွင်** သဟဇာတကမ္မသည် အတ္ထိပစ္စည်း၌ဝင်၏။ နာနက္ခဏိက ကမ္မသည် ဗလဝ နာနက္ခဏိက ဒုဗ္ဗလနာနက္ခဏိက ၂ မျိုးရှိ၏။ ထိုတွင် ဗလဝသည် အကာလိက, ကာလိကအားဖြင့် ၂ မျိုးရှိ၏။ ၎င်း

အကာလိက,ကာလိက ၂ မျိုးလုံးသည် ဥပနိဿယ၌ ဝင်၏။ ဒုဗ္ဗလနာနက္ခဏိက သည်ကား ကမ္မပစ္စည်းသာလျှင် ဝင်၏။ ကမ္မပစ္စည်း အာလုံးသည်အတ္ထိ၌ ဝင်၏။

၅။ ဣန္ဒြိယပစ္စည်း အားလုံးသည် အတ္ထိ၌ဝင်၏။

၆။ ဝိပ္ပယုတ္တပစ္စည်းတွင် သဟဇာတ ဝိပ္ပယုတ်, ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း ၂ မျိုးသည် လည်းကောင်း, ပစ္ဆာဇာတဝိပ္ပယုတ်သည်လည်းကောင်း အတ္ထိ၌ပါဝင်၏။ ဝတ္ထာရမ္မဏ ပုရေဇာတဝိပ္ပယုတ်သည် အာရမ္မဏ, အတ္ထိ ၂ မျိုး၌ဝင်၏။ အကယ်၍ အလေးအမြတ်ပြုသော် ဥပနိဿယ၌လည်း ဝင်၏။

၇-၁၄။ ကျန် ဟေတု, သဟဇာတ, အညမည, ဝိပါက, ဈာန, မဂ္ဂ, သမ္ပယုတ္တ, အဝိဂတ, ၈ ပစ္စည်း တို့သည် အတ္ထိပစ္စည်း၌ ဝင်ကုန်၏။

၁၅။ ပစ္ဆာဇာတသည်လည်း" အတ္ထိဝင်၏။
အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ ၅ ပစ္စည်းတို့သည် ဥပနိဿယ၌ဝင်ကုန်၏။ ဤသို့လျှင် ၂၄ ပစ္စည်းတို့သည် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ ၄ မျိုးတို့၌ ထိုက်သည် အားလျော်စွာ ပါဝင်ကုန်၏။

တတိယအကြိမ်

စာကိုယ် (၃၇) ၌ပြခဲ့ပြီးသော ပဋ္ဌာန်းနည်း၌ 'သဟဇာတရုပ်' (သဟဇရုပ်)ဟူ၍ ဆိုသောအရာအားလုံးတို့၌ပဝတ္တိအခါစိတ္တဇရုပ်၊ ပဋိသန္ဓေအခါ ကဋတ္တာ (ကမ္မဇ) ရုပ် ဟူ၍ရုပ်နှစ်မျိုးကို ကောက်ယူရမည်။

## ကာလ ၃ ပါးဖြင့် ဝေဖန်ခြင်း

စာကိုယ် (၃၈) ဟေတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဤ ၁၅ ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလ၌ဖြစ်ကုန်၏။

အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ, ၅ ပစ္စည်းတို့သည် အတိတ်ကာလ၌ ဖြစ်ကုန်၏။

ကမ္မပစ္စည်း၌ သဟဇာတကမ္မသည် ပစ္စုပ္ပန်ကာလ၊ နာနက္ခဏိက ကမ္မသည် အတိတ်ကာလ၌ ဖြစ်သည်။

အာရမ္မဏပစ္စည်းသည် (နာမ်, ရုပ်) ကာလ ၃ ပါး (နိဗ္ဗာန်ပညတ်) ကာလဝိမုတ်၌ ဖြစ်၏။

အဓိပတိ၌ အာရမ္မဏာဓိပတိ နိဗ္ဗာန်ကာလဝိမုတ်နာမ်ရုပ်ကာလ ၃ ပါး။ သဟဇာတာဓိပတိသည် ပစ္စုပ္ပန်၌ဖြစ်၏။

ဥပနိဿယပစ္စည်း၌ အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့်တူ၏။ အနန္တရူပနိဿယသည် အနန္တရနှင့်တူ၏။ ပကတူပနိဿယသည် အတိတ်ကာလ၌ဖြစ်၏။

## သန္တာန်အားဖြင့် ဝေဖန်ခြင်း

အာရမ္မဏ, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ, ပုရေဇာတ, အာဟာရ, အတ္ထိ, အဝိဂတ, ၁၀ ပစ္စည်းတို့သည် အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန် ၂ ပါး၌ဖြစ်ကုန်၏။ ကျန် ၁၄ ပစ္စည်းတို့သည် အဇ္ဈတ္တသန္တာန်၌သာ ဖြစ်ကုန်၏။

## သင်္ခတ အသင်္ခတ အားဖြင့်

အာရမ္မဏ, အဓိပတိ, ဥပနိဿယ တို့သည် သင်္ခတ, အသင်္ခတ ၂ မျိုးဖြစ်ကုန်၏။ ကျန် ၂၁ ပစ္စည်းတို့သည် သင်္ခတသာဖြစ်ကုန်၏။

ဎင်း ၂၄ ပစ္စည်းတို့သည် အကျဉ်းချုပ်လိုက်သော် ပညတ်,နာမ် ရုပ် ဟူ၍ ၃ ပါးသာရှိသည်။

ဓာကိုယ် ထိုတွင်—

(၃၉) ရုပ်သည် ရုပ်က္ခန္ဓာ။စိတ်,စေတသိက် နာမ်တို့သည် နာမ်ခန္ဓာ ၄ ပါး၊ နိဗ္ဗာန်နာမ် တပါး၊ ဤသို့ နာမ် ၅ မျိုးဟူ၍ ဆိုအပ်၏။

ဓာကိုယ် ပညတ်သည် အတ္ထပညတ်,သဒ္ဒပညတ် ၂ ပါးရှိသည်။

(၄၀) ထိုတွင် အတ္ထပညတ် ၆ ပါးရှိ၏။

၁။ သဏ္ဌာနပညတ်။
၂။ သမူဟပညတ်။
၃။ ဇာတိပညတ်။
၄။ ဒိသာဒိပညတ်။
၅။ အာကာသပညတ်။
၆။ နိမိတ္တပညတ်။

---

အဓိပ္ပာယ် အကျဉ်းမှာ ၂၄ ပစ္စည်းတို့သည် ပညတ်,နာမ်, ရုပ်

(၃၉) ဟူ၍ ၃ မျိုးသာရှိသည်။ ထိုတွင် ရုပ်သည် ရုပက္ခန္ဓာ တပါးသာ၊နာမ်သည် နာမ်ခန္ဓာ ၄ ပါး၊ နိဗ္ဗာန်နှင့် ၅ ပါးဖြစ်၏။

အဓိပ္ပာယ် ၁။ မြေကြီး, တော, တောင်, သစ်ပင် စသော

(၄၀) သဏ္ဌာနပညတ်။

(ဎင်းသည် ဘုတ် ၄ ပါးတို့၏ အလွှန်အကဲဖောက်ပြန်သော အခြင်းအရာကိုစွဲ၍ ဖြစ်ပေါ်သည်။)

တတိယအကြိမ်

၂။ အိမ်, ကျောင်း, ရထား, လှည်း စသော သမူဟ (အတ္ထ) ပညတ်။
(၎င်းသည်အဆောက်အအုံတို့၏ စုဝေးပေါင်းဆုံခြင်းကို အစွဲပြု၍ ဖြစ်ပေါ်သည်။)
၃။ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ စသော ဇာတိ (အတ္ထပညတ်)
(၎င်းသည် ခန္ဓာ ၅ ပါးကိုစွဲ၍ ဖြစ်ပေါ်သည်။)
၄။ အရပ်မျက်နှာ, အချိန်အခါ, နေ့, ည စသော ဒိသာ, ကာလ, မာသ (အတ္ထ) ပညတ်။
(၎င်းသည်လ, နေတို့၏လှည့်လည်ခြင်းကိုအစွဲပြု၍ ဖြစ်သည်။)
၅။ တွင်း, လိုဏ်, ဂူ, အပေါက် စသော အာကာသ (အတ္ထ) ပညတ်။
(၎င်းသည်မတွေ့ထိသောအခြင်းအရာကိုစွဲ၍ ဖြစ်ပေါ်သည်။)
၆။ ပထဝီကသိုဏ်းနိမိတ်, အသုဘနိမိတ် စသော နိမိတ္တ (အတ္ထ)ပညတ်။
(၎င်းသည် ထိုထိုထင်ရှားသောအာရုံကိုလည်းကောင်း, ဘာဝနာအထူးကိုလည်းကောင်း စွဲ၍ဖြစ်ပေါ်သည်။)

အထက်ပါ ပြဆိုခဲ့ပြီးသော ပညတ်သည် ပရမတ္ထ အားဖြင့် ထင်ရှားမရှိသော်လည်း ပရမတ္ထတို့၏ အရိပ်အရောင်အတု အားဖြင့် စိတ်, စေတသိက်တို့၏ အာရုံအဖြစ်သို့ရောက်၏။ ပရမတ္ထဓမ္မတို့၏ ဖြစ်ပုံအထူးကိုစွဲ၍ ထောက်၍(အကြောင်းပြု၍)ဉာဏ်ဖြင့် ကြံဆလျက် ရေတွက်အပ်၏၊ အမည် မှည့်အပ်၏၊ ခေါ်ဝေါ် သမုတ်အပ်၏၊ အပြားအားဖြင့် သိစေအပ်၏၊ ထို့ကြောင့် ပညတ် ဟူ၍ ခေါ်ဆိုအပ်၏။ ဤကား သိစေအပ်သော အတ္ထပညတ် တည်း။

## သဒ္ဒပညတ် ၆ ပါး

**စာကိုယ်** (၄၂-၄၅) အပြားအားဖြင့်သိစေတတ်သောကြောင့်သဒ္ဒပညတ် မည်၏။

ငင်းသည်–
၁။ ဝိဇ္ဇမာနပညတ်၊
၂။ အဝိဇ္ဇမာနပညတ်၊
၃။ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊
၄။ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။
၅။ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊
၆။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊
ဟူ၍ ၆ ပါးရှိ၏။

---

**အဓိပ္ပာယ်** (၄၅) ၁။ ရုပ်, ဝေဒနာ, သညာ, စိတ်စသော သဒ္ဒပညတ်တို့သည် ပရမတ္ထအားဖြင့် တကယ် ရှိသော အနက်ဒြပ်များကို ခေါ်ဝေါ် ပညတ်ထားသောကြောင့် "ဝိဇ္ဇမာနပညတ်" မည်ကုန်၏။

၂။ မြေကြီး, တော, တောင်, အိမ်, ကျောင်း စသော ပညတ်တို့သည် ပရမတ္ထအားဖြင့် တကယ်မရှိသော အရာများကို ခေါ်ဝေါ် ပညတ်ထားသောကြောင့် "အဝိဇ္ဇမာနပညတ်" မည်ကုန်၏။

၃။ အဘိညာဏ်ရသူ, ဈာန်ရပုဂ္ဂိုလ် စသော ပညတ်တို့သည် ပရမတ္ထအားဖြင့် တကယ်ရှိသော အဘိညာဏ်

ဈာန်တရားတို့ဖြင့် ပရမတ္ထအားဖြင့်မရှိသော ပုဂ္ဂိုလ်ပေါ်၌ ခေါ်ဝေါ် ပညတ်ထားသောကြောင့် ''ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်'' မည်ကုန်၏။

၄။ မိန်းမအသံ, ယောကျ်ား၏ မျက်စိ, ရဟန်း၏ စိတ် စသော ပညတ်တို့သည် ပရမတ္ထအားဖြင့် ရှိသော အသံ,မျက်စိ,စိတ်တို့အပေါ်၌ခေါ်ဝေါ်ပညတ်ထားသောကြောင့် ''အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်'' မည်ကုန်၏။

၅။ မျက်စိဖြင့် သိသောစိတ် (ဝါ-မြင်စိတ်) စိတ်ဖြင့်ခံစားခြင်း စသောပညတ်တို့သည် ပရမတ္ထအားဖြင့်တကယ်ရှိသော စက္ခုပသာဒရုပ်ဖြင့် ပရမတ္ထအားဖြင့် တကယ်ရှိသောသိတတ်သောစိတ်အပေါ်၌ ခေါ်ဝေါ်ပညတ်ထားသောကြောင့် ''ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်'' မည်ကုန်၏။

၆။ ရာဇပုတ္တော မင်း၏သား မင်းသား မင်းသမီး စသော ပညတ်တို့သည် ပရမတ္ထအားဖြင့် တကယ်မရှိသော မင်း စသည်တို့ဖြင့် ပရမတ္ထအားဖြင့် မရှိသော သားသမီးပညတ်အပေါ်၌ ခေါ်ဝေါ် ပညတ်ထားသောကြောင့် ''အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်'' မည်ကုန်၏။

တတိယအကြိမ်

စာကိုယ် နှုတ်မြွက်သံကို ကြားသဖြင့် သောတဝိညာဏဝီထိ တဝီထိ
(၄၆) ဖြစ်၏။ ၎င်း၏အခြားမဲ့၌ နာမပညတ်ကိုအာရုံပြု၍ မနော
ဒွါရဝီထိ တဝီထိဖြစ်၏။ ၎င်းနောက် ထိုနာမပညတ်ကို
အစဉ်လျောက်၍ အနက်ဒြပ်တို့ကိုသိသော မနောဒွါရဝီထိ တဝီထိ
ဖြစ်၏။ ထိုနာမပညတ်ကို လောကသင်္ကေတအားဖြင့် သိအပ်၏။

---

**အဓိပ္ပာယ်** နာမပညတ်၊ (ဝါ) သဒ္ဒပညတ်သည် အတ္ထကို (ဝါ)
(၄၆) အနက်ဒြပ်ကို အဘယ်သို့ သိစေသနည်း၊ ဤသို့
မေးသော် ပထမ အသံကို ကြားသော သောတ
ဝိညာဏ ဝီထိစိတ်ဖြစ်၍ ဒုတိယ အတိတ်ဖြစ်သော အသံကို
စိတ်မနောဖြင့် အာရုံပြု၍ မနောဒွါရ ဝီထိစိတ်များ ဖြစ်သည်။
ထိုနောက် တတိယနာမပညတ်ကို အာရုံပြု၍ မနောဒွါရဝီထိ
ဖြစ်၏။ စတုတ္ထအနက်ဒြပ်ကိုသိသော မနောဒွါရဝီထိ ဖြစ်လေ
သည်။ ဤသို့သော တဒ္ဒွါရဝီထိ ၁, တဒနုဝတ္တက မနောဒွါရ
ဝီထိ ၁, သုဒ္ဓမနောဒွါရဝီထိ ၂, ပေါင်း ၄ ဝီထိ ကျပြီးမှ
အနက် အဓိပ္ပါယ်ကို သိသည်မှတ်။

## နာမပညတ်၊ သဒ္ဒပညတ် ပေါ်လာပုံ

ကမ္ဘာဦးကာလ လူသတ္တဝါတွေ ဖြစ်ပြီးနောက် လောက၏
ဝတ္ထုပစ္စည်းများ အနက်ဒြပ်, အတ္ထပညတ်များသာ ရှိသေး၏။
၎င်းပစ္စည်းဝတ္ထု အနက်ဒြပ်အတ္ထပညတ်များကို လူအချင်းချင်း
နားလည်အောင် ပြောဆို သုံးစွဲဖို့ရာ သဒ္ဒပညတ်များ မရှိသေး
ချေ။ ထိုအခါ ဉာဏ်ရှိသူ လူ့ပညာရှိများက မြေ အစိုင် အခဲ
ဒြပ်ကို ကြည့်၍ ဘူမိ ပထဝီ စသော ပါဠိစကား နာမပညတ်
ကို တီထွင်လိုက်သည်။ နောက်နောင်အခါ ဘူမိပထဝီဟု ပြော
လိုက်လျှင် မြေကြီးဟု သိကြ၏။ ယခုခေတ်၌ကား မြန်မာ

စကားနာမပညတ် အင်္ဂလိပ်စကားနာမပညတ်, ကုလားစကား နာမပညတ်, တရုတ်စကား,ဂျပန်စကား,အူရဒူစကား, ပြင်သစ်စကား,ဂျာမန်စကား စသည်ဖြင့် နာမပညတ်ပေါင်း မြောက်မြားစွာ ပေါ်ပေါက်လျက်ရှိနေလေသည်။ ဤသို့ နာမပညတ်တို့သည် ပေါ်လာသည်ဟူလို။

အကျဉ်းမျှသာ အကျယ်ကိုလိုမူ အဘိဓမ္မာဂူဠှတ္ထ
နှင့် ဘာသာဋီကာတို့၌ ရှုကြပါကုန်။

ပစ္စည်းပိုင်း ပြီးပြီ။

## ကမ္မဋ္ဌာန်းပိုင်း

**စာကိုယ်** ဤပစ္စည်းပိုင်းကိုပြဆိုပြီးနောက် သမထဘာဝနာ,ဝိပဿ
(၁) နာ ဘာဝနာတို့၏ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း
၂ မျိုးတို့ကို အစဉ်အတိုင်း ပြဆိုပေအံ့။

(သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ပြဆိုရာ အပိုင်းကဏ္ဍကို "ကမ္မဋ္ဌာန်းပိုင်း"ဟု ခေါ်သည်။)

**အဓိပ္ပာယ်** ပစ္စည်းပိုင်းကို ပြဆိုပြီး၍ ကမ္မဋ္ဌာန်းပိုင်ကို ပြဆို
(၁) ပေအံ့ဟု ပဋိညာ ပြုသည်။ (ဝါ) အနုသန္ဓေ
(စကားအဆက်အစပ်) ပြုသည်။

### (က) သမထဘာဝနာ

သမထ ဘာဝနာ ဆိုသည်မှာ နီဝရဏ ကိလေသာ တို့ ကို ငြိမ်းအေးစေတတ်သော သမာဓိကို ကိုးပွားအောင်ပြုလုပ်ခြင်းတည်း၊ (ဝါ)သမာဓိရအောင် ပွားများခြင်းတည်း။ ချဲ့ဦးအံ့၊ သံသရာ၌ အဆက်ဆက်ဖြစ်နေကြသော သတ္တဝါ မှန်သမျှတို့၏ ရိုးရာစိတ်တို့သည် သမာဓိဓာတ်အား အလွန်နည်းပါးကြသဖြင့် လှုပ်နေသော တံခွန်ကုက္ကားကဲ့သို့ တည်ငြိမ်သည်မရှိ၊ လှုပ်ရှားပြေးသွားနေသော အလေ့အထရှိသည်။ ထိုအလေ့အထရှိသော စိတ်သည် "နီဝရဏ" ခေါ် ကိလေသာတို့ကို တိုးပွား ဖြစ်ထွန်းစေ၏။ အာရုံငါးပါး ကာမဂုဏ် နယ်ပယ် စားကျက်တို့၌သာ ကျက်စားမပျော်ပါ ၍ကိလေသာဓာတ်တို့ကိုမွေးမြူပေးနေသည်။ ထိုကဲ့သို့ ကိလေသာမွေးမြူရေးကိုသာ ဖြစ်ထွန်းစေသော ပကတိ ရိုးရာ "ခြိမ့်ရိုးလေ" စိတ်ကိုလှုပ်ရှားပြေးသွားခြင်း,ပျံ့လွင့်ခြင်း, မတည်ငြိမ်ခြင်း စသည်တို့မှ ကင်းဝေးစေရန် အာရုံ ကမ္မဋ္ဌာန်းတို့၌၊(ဝါ) အာရုံကမ္မဋ္ဌာန်းတည်းဟူသောချည်တိုင်၌ ချည်တုပ်

နှောင်ဖွဲ့၍ ထားရသည်။ ထိုသို့ ထားခြင်းအားဖြင့် ပြေးသွား ပျံ့လွင့်နေသော စိတ်သည် တည်ငြိမ်သွားလေသည်။ ထိုသို့ တည်ငြိမ်သွားသောအခါ ''နီဝရဏ''ခေါ် ကိလေသာတို့ကို မတိုးပွား မဖြစ်ထွန်းစေတော့ပေ။ အာရုံငါးပါးကာမဂုဏ်နယ် စားကျက်တို့၌ ကျက်စားလေ့၊ ပျော်ပါးလေ့ မရှိတော့ပေ။ ဤသည်ပင်လျှင် ''နီဝရဏ'' ကိလေသာတို့ကို တည်ငြိမ်သော သမာဓိတရားက ငြိမ်းအေးစေခြင်းဖြစ်၏။ ဤသို့သမာဓိတရား သည် စိတ်ကို ကမ္မဋ္ဌာန်းအာရုံတည်းဟူသော ချည်တိုင်၌ မြဲစွာ ချည်တုပ်နှောင်ဖွဲ့ထားနိုင်အောင် အကြိမ်ကြိမ် အထပ်ထပ် ပွား များအားထုတ်အပ်လေသည်။ ဤသို့ သမာဓိတရားဖြစ်အောင် ကမ္မဋ္ဌာန်းအာရုံ၌ အကြိမ်ကြိမ် အထပ်ထပ် ပွားများ အားထုတ် ခြင်းကို ''သမထဘာဝနာ'' ခေါ်သည်ဟု အသေအချာ မှတ် ပါလေ။

## (ခ) သမထကမ္မဋ္ဌာန်း

သမထကမ္မဋ္ဌာန်းဆိုသည်မှာ ကိလေသာတို့ကို ငြိမ်းအေးစေ တတ်သော သမာဓိဖြစ်သော ''သမထ'' လုပ်ငန်း၏ တည်ရာ အာရုံများပင် ဖြစ်ပေသည်။ ချွဲဦးအံ့၊ အောက်၌ ပြခဲ့ပြီးသော လွင့်နေသော စိတ်မိုက် စိတ်ရိုင်းကို ''သမထ'' ခေါ် သမာဓိ တရားဖြင့် တည်ငြိမ်အောင် သုပ်ရာ၌ ပြုလုပ်ရာဌာန တည်ရာ အာရုံများသည် ''ကမ္မမေဝဋ္ဌာနံ ကမ္မဋ္ဌာနံ သမထောစ သော ကမ္မဋ္ဌာနဉ္စာတိ သမထ ကမ္မဋ္ဌာနံ'' ဟူသည်နှင့်အညီ နီဝရဏ ကိလေသာ ငြိမ်းအေးစေသော သမထလုပ်ငန်း၏ တည်ရာဖြစ် သောကြောင့် သမထကမ္မဋ္ဌာန်းမည်၏။

**မာတိကာ** ၁။ ကသိုဏ်း .... ၁၀ ပါး
(၂) ၁။ အသုဘ .... ၁၀ ပါး
၃။ အနုဿတိ .... ၁၀ ပါး
၄။ အပ္ပမညာ .... ၄ ပါး
၅။ သညာ .... ၁ ပါး
၆။ စတုဓာတု ဝဝတ္ထာန် .... ၁ ပါး
၇။ အာရုပ္ပဈာန် .... ၄ ပါး
အမည်အားဖြင့် ၇ပါး၊ အပြားအားဖြင့် ၄၀ ရှိသည်။

## ၃။ စရိုက် ၆ပါး

**မာတိကာ** ၁။ ရာဂစရိုက်၊ ၄။ သဒ္ဓါစရိုက်၊
၂။ ဒေါသစရိုက်၊ ၅။ ဗုဒ္ဓိစရိုက်။
၃။ မောဟစရိုက်၊ ၆။ ဝိတက်စရိုက်။
ဤသို့အားဖြင့် ၆ ပါး။

---

လိုသမထကမ္မဋ္ဌာန်းတို့သည်—

*ကသိုဏ်း ဆယ်ဖြာ၊ ဆယ်သုဘာနှင့်၊ ဒသာနုဿတိ၊ လေးရှိပမညာ၊ သညာဝဝတ္ထာန်၊ လေးတန်အရူပ၊ သမထ၊ ဘေဒစတ္တာလီ ဟူသည်နှင့်အညီ အပြားအား ဖြင့် (၄၀) ရှိသည်။

**အဓိပ္ပာယ်** စရိတ=စရိုက် ဆိုသည်မှာ ပင်ကိုရိုးရာ သဘော (၃) ထက် ပိုမိုများပြားစွာ ဖြစ်တတ်သော သဘော, လွန်ကဲစွာ ဖြစ်ခြင်းကို ခေါ်သည်။ သတ္တဝါတို့ သန္တာန်၌ ရာဂစသော ၆ပါးလုံး ရှိနိုင်သော်လည်း လွန်ကဲစွာ ဖြစ်လေ့ဖြစ်ထရှိရာကို အကြောင်းပြု၍ ''ရာဂစရိုက်ရှိသူ, ဒေါသ စရိုက်ရှိသူ''စသည် ခေါ်ဝေါ် သမုတ်ရလေသည်။ ၎င်းစရိုက်

၆ ပါးအနက် တပါးသာ လွန်ကဲသည်မဟုတ်၊ ၂ ပါး လွန်ကဲသူ, ၃ ပါးလွန်ကဲသူ, ၄ ပါးလွန်ကဲသူ စသည်ဖြင့် ဖြစ်လေ့ရှိသည်။

သူတပါးစိတ်ကို သိနိုင်သော အဘိညာဏ် မရသူတို့သည် သူတပါး၏စရိုက်ကိုသိရန် ခဲယဉ်းလှ၏။ သို့ရာတွင် အသွားအလာအနေအထိုင် ဣရိယာပုထ်အားဖြင့်လည်းကောင်း၊ အလုပ်ကိစ္စအားဖြင့်လည်းကောင်း၊ အစားအသောက် အားဖြင့်လည်းကောင်း၊ ကြည့်ပုံမြင်ပုံ၊ နားထောင်ပုံ၊ ကြားပုံ စသော အာရုံအားဖြင့် လည်းကောင်း၊ ကိုယ်ကျင့်တရား အားဖြင့်လည်းကောင်း အကဲခတ်၍ သေချာစွာ ကြည့်ရှုတတ်ပါလျှင် စရိုက်ကို ခန့်မှန်းနိုင်ပါသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း စရိုက်သဘောကို အကဲခတ်နိုင်ရန် မှတ်သားပါ။

## (၁) ရာဂစရိုက်ရှိသူသည်

(၁) ယဉ်ကျေးသိမ်မွေ့စွာ သွားတတ်လာတတ်၏။

(၂) သေသပ်ကျနစွာ အလုပ်လုပ်တတ်၏၊ အဝတ်တန်ဆာတို့ကို သပ်ရပ်စွာ ဝတ်ဆင်တတ်၏။

(၃) ချို ဆိမ့် မွေးကြိုင် နူးညံ့သော အစား အစာကို နှစ်သက်တတ်၏။

(၄) လှပသော ရုပ်ပါရုံ, သာယာသော သဒ္ဒါရုံတို့ကို ကြည့်ချင် ကြားချင်တတ်၏။

(၅) ပရိယာယ် မာယာများ၏၊ ကောက်ကျစ် စဉ်းလဲမှုများ၏၊ မာနကြီးတတ်၏။ လောဘကြီး၏၊ ရာဂစရိုက်နှင့် အလားတူသော ဘဒ္ဒါစရိုက် ရှိသူသည်

ရာဂစရိုက် ရှိသူနှင့် မရော ၄ပါး အားလုံးတူ၍ (၅) ပရိယာယ် မာယာမများ, စိတ်သဘော မကောက်ကျစ်, မာနမကြီး, လောဘမကြီးပေ။

## (၂) ဒေါသစရိုက်ရှိသူသည်

(၁) ကြမ်းတမ်းစွာ သွားတတ် လာတတ်သဖြင့် လျင်မြန်ရှုံးရွား ခြေဖျားဖြင့်နင်းလျက် သွားတတ်၏။

(၂) မသေသပ် ဖရိုဖရဲ အလုပ်လုပ်တတ်၏၊ ဗရုသုကစ္စ အလုပ်လုပ်တတ်၏၊ ပျာယာခတ်နေတတ်၏၊ အဝတ်တန်ဆာတို့ကို သပ်ရပ်စွာ ဝတ်လေ့မရှိ။

(၃) ချဉ်,ငန်,စပ်, ခါးရှသော အစားအစာကို နှစ်သက်တတ်၏။

(၄) မဖွယ်မရာ ရွံမုန်းစရာအာရုံနှင့် ကြုံတွေ့လျှင် ယမ်းပုံမီးကျ စိတ်ဆိုးတတ်၏။

(၅) ရန်ငြိုး ထားတတ်၏၊ မနာလို ဝန်တိုတတ်၏၊ ဂုဏ်ပြိုင်တတ်၏၊ ပြော ဆိုဆုံးမခက်သော သဘောရှိ၏။

ဒေါသစရိုက်နှင့် အလားတူသော ဗုဒ္ဓိစရိုက် ရှိသူသည် ဒေါသစရိုက် ရှိသူနှင့် မရော ၄ပါးတူ၍ (၅) ရန်ငြိုး ထားခြင်းစသည် မတူပေ၊ ရန်ငြိုးမထားတတ်၊ မနာလိုဝန်တိုခြင်း မရှိ၊ ပြောဆိုဆုံးမလွယ်၏၊ စားဖွယ်တို့ကို ဆင်ခြင်၍ စားတတ်၏။ အရာရာတို့၌ အဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ၏။ ကုသိုလ်ကောင်းမှုတို့၌ လုံ့လဝီရိယ ရှိတတ်၏။

## (၃) မောဟစရိုက်ရှိသူသည်

(၁) လေးဆေး ပျင်းရိမှိုင်ငေး ပေါ့ပျက် ရှုပ်ယှက်ခတ် သွားလာတတ်သည်။

(၂) အလုပ်ကိစ္စတို့၌ ရှုပ်ထွေးပွေလိမ် လုပ်တတ်၏။ မရှင်း မလင်း လုပ်တတ်၏၊ ပြတ်သားစွာ မလုပ်တတ်။

(၃) မည်သည့် အစားအစာကို နှစ်သက်သည်ဟု အမှတ် မရှိ မပိုင်းခြားနိုင်လေ။

(၄) အကြောင်း အကျိုး အကောင်း အဆိုးကို မခွဲခြား မဝေဖန်တတ်၊ မဆုံးဖြတ်တတ်ပေ။

(၅) သတိတရား ပညာဉာဏ်တရားကင်းလျက် ထိုင်းမှိုင်း, ဖျင်းအ, ထိနမိဒ္ဓနှင့် ပျံ့လွင့်သော ဥဒ္ဓစ္စတို့နှင့်သာ အချိန်ကုန်လေ့ရှိ၏။

မောဟစရိုက်နှင့် အလားတူသော ဝိတက်စရိုက် ရှိသူသည် မောဟစရိုက်ရှိသူနှင့် အလားတူပင် ရှေ့ ၄-မျိုးဖြစ်၍(၅) သတိပညာမကင်းပဲ ထိုင်းမှိုင်း, ဖျင်း, ထိနမိဒ္ဓကင်းလျက် အကြံ အစည်များ၍ အလုပ်မရောက်ပဲ ဖြစ်တတ်သည်၊ အပြောသမား, အကြံအစည်သမားဖြစ်၍ အလုပ်မဖြစ်ပဲ ရှိတတ်၏။

အထက်ပါ အမူအရာ, အလေ့အကျင့်, အပြုအမူ, အလုပ် အကိုင် ကိုယ်ကျင့်တာရိတ္တတို့ကို ထောက်ဆ၍ စရိုက်သဘော ကို ဆုံးဖြတ်၍ နောက်၌ ပြလတ္တံ့သော ကမ္မဋ္ဌာန်းများကို အားထုတ်ရန် ပေးပါလေ။ ယခုကာလကမ္မဋ္ဌာန်းဆရာ လုပ်သူ တို့သည် ဤစရိုက်ကို နားလည်ရန် အကဲခတ်နိုင်ရန် အထူး လိုအပ်လှပေသည်။

စာကိုယ် (၄)
၁။ ပရိကမ္မဘာဝနာ
၂။ ဥပစာဘာဝနာ
၃။ အပ္ပနာဘာဝနာ ဟူ၍ 'ဘာဝနာ' ၃ ပါးရှိ၏။

စာကိုယ် (၅)
၁။ ပရိကမ္မနိမိတ်
၂။ ဥဂ္ဂဟနိမိတ်
၃။ ပဋိဘာဂနိမိတ်ဟူ၍ 'နိမိတ်အာရုံ' ၃ ပါးရှိ၏။

---

အစိပ္ပာယ် (၄)
၁။ ကမ္မဋ္ဌာန်း(၄၀)အနက် သင့်လျော်ရာကမ္မဋ္ဌာန်းကို ရှေးဦးစွာ စ၍ စီးဖြန်းပွားများ အားထုတ်မှုသည် "ပရိကမ္မဘာဝနာ"မည်၏။

၂။ ကမ္မဋ္ဌာန်းကို ပွားများဖန် များသဖြင့် ဥဂ္ဂဟနိမိတ် ထင်ပြီးနောက် ပဋိဘာဂနိမိတ် ထင်လာသောအခါ ဈာန်ရခါနီး ဈာန်၏ဥပစာတွင် ပွားများ အားထုတ်မှုသည် "ဥပစာရ ဘာဝနာ"မည်၏။

၃။ တကယ့်ဈာန်ရ၍ ဥပစာရ ဘာဝနာထက် ခိုင်မြဲစွာ အာရုံ၌ သက်ဝင်တည်နေသော ဈာန်တရားများသည် "အပ္ပနာဘာဝနာ"မည်၏။

အစိပ္ပာယ် (၅)
"နိမိတ်"ဟူသည် ဘာဝနာ၏ အကြောင်းအာရုံကို ခေါ်သည်။

၁။ ပရိကမ္မဘာဝနာ၏ အာရုံသည်၊ (ဝါ)စ၍ အားထုတ်သောဘာဝနာ၏ အာရုံသည် 'ပရိကမ္မနိမိတ်' မည်၏၊

၂။ မျက်စိပွင့်တ်၍ စိတ်ဖြင့် ယူအပ်သော အာရုံသည် 'ဥဂ္ဂဟနိမိတ်' မည်၏။ စိတ်ဖြင့် ကြည့်ရှုသောအခါ ထင်ရှားမြင်ရသော အာရုံဟူလို။

၃။ မူလ အာရုံနှင့်တူစွာ မူလအာရုံ၏ အတုအာရုံသည် 'ပဋိဘာဂနိမိတ်' မည်၏။

## ကသိုဏ်း ၁၀ ပါး

၁ ကိုယ် (၆) ၁။ ပထဝီကသိုဏ်း (မြေကြီးအာရုံ)
၂။ အာပေါကသိုဏ်း (ရေအာရုံ)
၃။ တေဇောကသိုဏ်း (မီးအာရုံ)
၄။ ဝါယောကသိုဏ်း (လေအာရုံ)
၅။ နီလကသိုဏ်း (အညိုရောင်အာရုံ)
၆။ ပီတကသိုဏ်း (အဝါရောင်အာရုံ)
၇။ လောဟိတကသိုဏ်း (အနီရောင်အာရုံ)
၈။ ဩဒါတကသိုဏ်း (အဖြူရောင်အာရုံ)
၉။ အာကာသကသိုဏ်း (ဟင်းလင်းအာရုံ)

ကသိုဏ်းဆိုသည်မှာ အားလုံးနှံ့သော အာရုံများဟု မှတ်ပါ။

## အသုဘ ၁၀ ပါး (အသေကောင်မသာ)

စ ၁ ကိုယ် (၇) ၁။ ဥဒ္ဓုမာတက (ဖူးဖူးရောင်သော အသေကောင်)
၂။ ဝိနီလက (ညိုမည်းကွက်ထနေသောအသေကောင်)
၃။ ဝိပုဗ္ဗက (ပြည်သွေးယိုစီးသော အသေကောင်)
၄။ ဝိစ္ဆိဒ္ဒက (အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်နေသော အသေကောင်)
၅။ ဝိက္ခာယိတက (ကိုက်ခဲ၍ စားပြီး ကျန်နေသော အသေကောင်)
၆၊ ဝိက္ခိတ္တကံ (လက်ပြတ်ခြေပြတ် ခေါင်းပြတ် အသေကောင်)
၇။ ဟတဝိက္ခိတ္တက (အစိတ်စိတ်အမြွာမြွာဖြစ်နေသော အသေကောင်)
၈။ လောဟိတက (သွေးစိမ်း ထွက်ယိုနေသော အသေကောင်)
၉။ ပုဠုဝက (ပိုးလောက်ပြည့်နေသော အသေကောင်)
၁၀။ အဋ္ဌိက (အရိုးစုသာရှိသော အသေကောင်)

## အနုဿတိ ၁၀ ပါး

စာကိုယ် ၁။ ဗုဒ္ဓါနုဿတိ (ဘုရားကို အဖန်ဖန်အောက်မေ့ခြင်း)

(၈) ၂။ ဓမ္မာနုဿတိ (တရားကိုအဖန်ဖန်အောက်မေ့ခြင်း)

၃။ သံဃာနုဿတိ (သံဃာကို အဖန်ဖန် အောက်မေ့ခြင်း)

၄။ သီလာနုဿတိ (မိမိသီလကို အဖန်ဖန် အောက်မေ့ခြင်း)

၅။ စာဂါနုဿတိ (မိမိဒါနကိုအဖန်ဖန်အောက်မေ့ခြင်း)

၆။ ဒေဝတာနုဿတိ (နတ်ကို ပမာပြု၍ မိမိအကျင့်ကို အဖန်ဖန် အောက်မေ့ခြင်း)

၇။ ဥပသမာနုဿတိ (ဥပသမ နိဗ္ဗာန်ကို အဖန်ဖန် အောက်မေ့ခြင်း)

၈။ မရဏာနုဿတိ (ခန္ဓာကိုယ်၌ အောက်မေ့ခြင်း)

၉။ ကာယဂတာသတိ (ခန္ဓာကိုယ်၌အောက်မေ့ခြင်း)

၁၀။ အာနာပါနဿတိ (ထွက်သက်ဝင်သက်၌ အောက်မေ့ခြင်း)

---

**မှတ်ချက်။** ။ရှေ့ဖြစ်သော ဗုဒ္ဓါနုဿတိစသော ၈ ပါးတို့၌ အနုဿတိဟုဆို၍ နောက်ကာယဂတာသတိ, အာနာပါနဿတိ ၂ ပါး၌ သတိဟုသာ ဆိုခြင်းသည် အောက်ပါအတိုင်း အဓိပ္ပါယ်ထူးခြား ကွဲပြား၏။ ရှေ့ဗုဒ္ဓါနုဿတိစသော ၈ပါးသည် ပရမတ်အာရုံဖြစ်၍ အပ္ပနာသမာဓိအဖြစ် မရောက်နိုင်၊ ဥပစာရသမာဓိသာ ရောက်နိုင်၏။ နောက် ၂ ပါးသည်ကား ပညတ်အာရုံဖြစ်၍ အပ္ပနာသမာဓိတိုင်အောင် ရောက်နိုင်သော ကမ္မဋ္ဌာန်းဖြစ်သည်ဟု အဓိပ္ပါယ် ကွဲပြား ထူးခြားလေသည်။ နောက်၌လည်း သဂြိုဟ်စာကိုယ်၌ဆိုလတ္တံ့။

**တတိယအကြိမ်**

## အပ္ပမညာ ၄ ပါး

စာကိုယ် ၁။ မေတ္တာ (ချစ်ခြင်း၊ မမုန်းခြင်း)
(၉) ၂။ ကရုဏာ (ဆင်းရဲလူကို သနားခြင်း)
၃။ မုဒိတာ (ချမ်းသာသူကို ဝမ်းမြောက်ခြင်း)
၄။ ဥပေက္ခာ (အလယ်တည့်ဖြစ်ခြင်း)

---

အဓိပ္ပာယ် (၉) "မေတ္တာ" ဟု လောက၌ ခေါ်ဝေါ်ကြသည်မှာ ချစ်ခြင်းကို ခေါ်၏။ သို့ရာတွင် သမီးရည်းစား တဏှာချစ်မျိုးကား မဟုတ်ပေ။ မိဘက သားသမီးကိုချစ်သော အချစ်မျိုးလောဟု မေးလျှင်လည်း မဟုတ်ဟုသာ ဖြေရမည်၊ ချဲ့ဦးအံ့၊ လောက၌ အချစ်သည် ရိုးရိုးချစ်၊ တဏှာ သံယောဇဉ်ချစ်၊ တဏှာရာဂချစ်ဟု၍ မူအား ဖြင့် ၃မျိုးကွဲပြား ခြားနားလေသည်၊ ထိုတွင် ရိုးရိုးချစ်သည် မေတ္တာချစ် ဖြစ်၏။ အမှန်မှာ မမုန်းခြင်းပင်၊ တဏှာ သံယောဇဉ်ချစ်သည် မိဘ မောင်ဖွား(ဘွား)အချစ်၊ (ဝါ)ဆွေချစ်မျိုးချစ်ဖြစ်၏။ တဏှာ ရာဂချစ်သည်ကား သမီးရည်းစားချစ်, အိမ်ထောင်သည်ချစ် ဖြစ်ပေသည်။ ရိုးရိုးချစ်သည် မေတ္တာကုသိုလ်စိတ်ဖြစ်၍ နောက် အချစ် ၂ ပါးကား တဏှာလောဘ အကုသိုလ်များသာဖြစ်၏။ ထို့ကြောင့် သံယောဇဉ်ချစ်, ရာဂ ချစ် ဘယ်အချစ်မျှမကောင်း ပေ။ သံယောဇဉ်ချစ်ထက် ရာဂချစ်သည် ဒီဂရီအားအရှိန် လွန်ကဲပေသည်။ ဤ၌ လိုအပ်သော မေတ္တာချစ် ရိုးရိုးမှာ သတ္တဝါ အနန္တတို့အပေါ်၌ မုန်းစိတ်မပေါ်ပဲ ချမ်းသာစေချင် သော အဒေါသနှင့်ယှဉ်သော ကုသိုလ်စိတ်ဘည်။ ၎င်းမေတ္တာ ကို....

(၁) သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊
(၂) သဗ္ဗေသတ္တာ အဗျာပဇ္ဇာ ဟောန္တု၊

(၃) သဗ္ဗေသတ္တာ အနီဃာ ဟောန္တု၊
(၄) သဗ္ဗေသတ္တာ သုခီအတ္တာနံ ပရိဟရန္တု၊
ဟူ၍ ပါဠိဘာသာအားဖြင့် ပွားများအားထုတ်ရာ၏၊ သို့မဟုတ်
(၁) သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ၊
(၂) သတ္တဝါအားလုံး ကြောင့်ကြကင်းကြပါစေ၊
(၃) သတ္တဝါအားလုံး ဆင်းရဲကင်းကြပါစေ၊
(၄) သတ္တဝါအားလုံး ချမ်းသာသုခ ပြည့်ဝကြပါစေဟူ၍
မြန်မာဘာသာအားဖြင့်လည်း ပွားများ အားထုတ်ရာ၏။

ကရုဏာ ဟူသည်မှာ ဆင်းရဲသူကို သနားခြင်းတည်း၊ ဆင်းရဲသော ဒုက္ခိတသတ္တဝါတို့အပေါ်၌ သနားကြင်နာသော ကရုဏာနှင့် ယှဉ်သော ကုသိုလ်စိတ်တည်း၊ ၎င်းကရုဏာကို "ဒုက္ခာမုစ္စန္တု ဆင်းရဲဒုက္ခမှ ကင်းလွတ်ကြပါစေ" ဟု ပွားများ အားထုတ်ရာ၏။

မုဒိတာ ဟူသည် ချမ်းသာသူကို ဝမ်းမြောက်ခြင်းတည်း၊ ချမ်းသာသော သုခိတ သတ္တဝါတို့ အပေါ်၌ မနာလိုမရှိပဲ ဝမ်းသာ ရွှင်လန်းသော မုဒိတာနှင့် ယှဉ်သော ကုသိုလ်စိတ်တည်း၊ ၎င်းမုဒိတာကို "ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု- လက်ရှိ စည်းစိမ်တို့သည် မပျောက် မပျက်ကြပါစေနှင့်" ဟု ပွားများအားထုတ်ရာ၏။

ဥပေက္ခာ ဟူသည် မမုန်းသောအားဖြင့် ချစ်ခြင်း, သနားခြင်း, ဝမ်းမြောက်ခြင်းမရှိပဲ သတ္တဝါတို့အပေါ်၌ ကံအတိုင်းဖြစ်မည်ဟု လျစ်လျူပြုခြင်းတည်း။ ၎င်းဥပေက္ခာမှာ တတြမဇ္ဈတ္တတာစေတသိက်နှင့် ယှဉ်သော ကုသိုလ်စိတ်ပင် ဖြစ်၏။

**တတိယအကြိမ်**

"သဗ္ဗေသတ္တာ ကမ္မဿကာ- သတ္တဝါ အားလုံး တို့သည် ကံအတိုင်းသာဖြစ်ကုန်၏"ဟု ပွားများအားထုတ်ရာ၏။

ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာ 'မေတ္တာပို့'ဟု ခေါ်သော မေတ္တာပွားနည်း(၅၂၈)ရှိသည်။

ဩဓိသမေတ္တာ ၇ ပါး၊ အနောဓိသမေတ္တာ ၅ ပါး ဟူ၍ မူအားဖြင့် ၁၂ ပါးရှိသည်။ ၎င်း ၁၂ ပါးကို သဗ္ဗေသတ္တာ အဝေရာဟောန္တုစသော ပြွဲပြီးလေးပါးနှင့်မြှောက်၊ ၄၈ ပါး ဖြစ်၏။ ၎င်း ၄၈ ပါးကို အရပ် ၁၀ မျက်နှာနှင့် မြှောက် ၄၈၀ ဖြစ်၏။ အရပ် ၁၀ မျက်နှာနှင့် မမြှောက်ရသော မူလ ၄၈ ပါးသက်သက်နှင့် ပေါင်းသော်(၅၂၈)သွယ်မေတ္တာ ဖြစ်၏။

ဩဓိသမေတ္တာ ၇ပါးမှာ—

၁။ သဗ္ဗာဣတ္ထိယော (မိန်းမအားလုံးတို့သည်)
၂။ သဗ္ဗေပုရိသာ (ယောကျ်ားအားလုံးတို့သည်)
၃။ သဗ္ဗေအရိယာ(အရိယာပုဂ္ဂိုလ်အားလုံးတို့သည်)
၄။ သဗ္ဗေအနရိယာ(ပုထုဇဉ်ပုဂ္ဂိုလ်အားလုံးတို့သည်)
၅။ သဗ္ဗေဒေဝါ (နတ်အားလုံးတို့သည်)
၆။ သဗ္ဗေမနုဿာ(မနုဿ လူသားအားလုံးတို့သည်)
၇။ သဗ္ဗေဝိနိပါတိကာ (ဝိနိပါတ သတ္တဝါ အားလုံးတို့သည်)

ထို ၇ မျိုးသောသတ္တဝါတို့ကို ပိုင်းခြားသတ်မှတ်၍ မေတ္တာပို့အပ်သောကြောင့် ဩဓိသမေတ္တာ ဟု ခေါ်သည်။

တတိယအကြိမ်

**စာကိုယ် (၁၁)** အစာ အာဟာရ၌ စက်ဆုပ်ဖွယ် အမှတ်သညာသ သညာမည်၏။

---

အနောဓိသ မေတ္တာ ၅ ပါးမှာ—

၁၊ သဗ္ဗေသတ္တာ (သတ္တခေါ် သတ္တဝါအားလုံးတို့သည်)
၂။ သဗ္ဗေပါဏာ (ပါဏခေါ် သတ္တဝါအားလုံးတို့သည်)
၃။ သဗ္ဗေဘူတာ (ဘူတခေါ် သတ္တဝါအားလုံးတို့သည်)
၄။ သဗ္ဗေပုဂ္ဂလာ (ပုဂ္ဂလခေါ် သတ္တဝါအားလုံးတို့သည်)
၅။ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ (အတ္တဘော၌ အကျုံးဝင်သော သတ္တဝါအားလုံးတို့သည်)

ထို ၅ မျိုးကို မိန်းမ ယောကျ်ားစသည်ပိုင်းခြား သတ်မှတ်ခြင်းမရှိပဲ အားလုံး သိမ်းကျုံး၍ မေတ္တာပို့ သောကြောင့် အနောဓိသမေတ္တာ ဟု ခေါ်သည်။

အရပ် ၁၀ မျက်နှာဟူသည် အရှေ့, အနောက်, တောင်, မြောက် ၄ပါး၊ ထောင့်အရပ် ၄ ပါး၊အထက်အောက် ၂ ပါး၊ ပေါင်း ၁၀ ပါးတည်း။ကရုဏာ,မုဒိတာ,ဥပေက္ခာတို့ကိုလည်း ပွားသော် ၁၃၂ ပါးစီ အသီးသီးရအပ်သေသည်။

ဤ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ၄ ပါးကို ဗြဟ္မဝိဟာရ ၄ ပါးဟုလည်း ခေါ်၏။ ဗြဟ္မစိုရ်တရား ၄ ပါး ဟူ၍လည်းခေါ်၏။

**အဓိပ္ပာယ် (၁၀)** စားသောက်ဖွယ်အစာအာဟာရတို့၌ တပ်မက်ခြင်း တဏှာကို ပယ်လျက် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်၍ စားသောက်ခြင်းသည် ကမ္မဋ္ဌာန်းဖြစ်၏၊ မက်မောစွာမစားပဲ အောက်ပါအတိုင်း ဆင်ခြင်စားသောက်ရာ၏။

တတ်ယအကြိမ်

(၁၁) ခေတ်ကြီး ၄ ပါးကို ပိုင်းခြား သတ်မှတ်ခြင်းသည် ဝဝဋ္ဌာန်မည်၏။
(၁၂) အာကာသာနဉ္စာ ယတန စသော ၄ ပါး ကို့သည် အာရုပ္ပမည်ကုန်၏၊ ဤသို့အားဖြင့် သမထ ကမ္မဋ္ဌာန်း ၃၀ ရှိသတည်း။

---

"ဆွမ်းခံသွားရခြင်း၊ အစာရအောင်ရှာဖွေခြင်း၊ သုံးဆောင် စားသောက်နေရခြင်း၊ ရောဂါဥပါဒ် ရောက်ဘတ်ခြင်း၊ အစာ မကြေခြင်း၊ ကြေပြီးနောက် မစင်ဖြစ်ခြင်းစသည်တို့ဖြင့် စက်ဆုပ် ဖွယ် ကောင်းလှပါတကား"ဟု ဆင်ခြင်မှတ်သားရာ၏။

"အိုးတိုလက်စွဲ၊ ဘုန်းစားနဲ့သို့၊ ရှင်မွဲရောင်ခြောက်" စသည် ဖြင့် "ဦးပြဲရဟန်း၊ ဖိုချောင်ခန်းမှာ၊ ကျိုးကန်းအသော၊ ရှာရ မောသည်၊ အဟော စက်ဆုပ်ဖွယ်ပါတကား"ဟူ၍ လင်္ကာ ပေါင်းများစွာနှင့် ကျေးဇူးရှင်မဟာဝိသုဒ္ဓာရာမဆရာတော်ကြီး ရေးသား ထားခဲ့လေသည်။ အကျယ်ကိုလိုမူ ပရမတ္ထ သရူပ ဘေဒနီ ဒုတိယတွဲမှာ ယူကြပါကုန်။

အခိပ္ပာယ် (၁၁) ပထဝီခေတ်၊ အာပေါ၊ တေဇော၊ ဝါယောခေတ်ကြီး လေးပါးတို့ကို ထက်မြက်သူဖြစ်က အကျဉ်းအားဖြင့် ပွား၍၊ မထက်မြက်သူဖြစ်က အကျယ်ပွားအပ်၏။

စန္ဒာကိုယ်ပေါ်၌ ခက်မာပထဝီ၊ ယိုစီးအာပေါ၊ ပူအေးတေဇော ထောက်ကန်ဝါယောဟု ပိုင်းခြားရှုဆင်ခြင်ရမည်။

အခိပ္ပာယ် (၁၂) စတုတ္ထစျာန်၊ သို့မဟုတ် ပဉ္စမစျာန်ကို ရပြီးသော ယောဂီ ပုဂ္ဂိုလ်သည် ကသိဏကာယရုပ်ကို အပြစ် မြင်၍ ထိုကသိဏကာယရုပ်နှင့် အလားတူဖြစ်သော

ပဥ္စမစျာန်၏အာရုံဖြစ်သော ကသိုဏ်းပဋိဘာဂနိမိတ်ကို ငြိးငွေ့စက်ဆုပ်လျက် ထို ကသိုဏ်းပဋိဘာဂ နိမိတ်ကို အာရုံမပြုပဲ၊ (ဝါ)ထိုကသိုဏ်း ပဋိဘာဂနိမိတ်မှခွာ၍ ထိုနိမိတ်၏ မတွေ့ထိ ပွံ့နှံ့ရာကောင်းကင်အရပ်ကိုသာ အာရုံပြု၍ပွားများ အားထုတ်လေသည်။ ဥပမာအားဖြင့်ဆိုသော် အိုးဝကိုပဝါပိတ်၍ ကြည့်ရှုနေစဉ် လေတိုက်သဖြင့် ရုတ်တရက် ပွင့်လတ်သည့် အခါ ကောင်းကင် ဟင်းလင်းကိုသာ ထင်လာမြင်လာ သကဲ့သို့တည်း။ ဤကား ဦးစွာသော အာကာသာနဉ္စာ ယတနစျာန်၏ အာရုံကမ္မဋ္ဌာန်းပေတည်း။ ဒုတိယ ဝိညာနဉ္စာယတနစျာန်၏ အာရုံကမ္မဋ္ဌာန်းမှာကား ရှေ့အာကာသစျာန်စိတ်ပင်ဖြစ်၏။ တတိယ အာကိဉ္စညာယတနစျာန်စိတ်၏အာရုံကမ္မဋ္ဌာန်းကား နတ္ထိဘောပညတ်ဖြစ်၏။ စတုတ္ထနေဝသညာနာသညာယတန စျာန်စိတ်၏ အာရုံကမ္မဋ္ဌာန်း သည်ကား တတိယစျာန်စိတ်ပင် ဖြစ်သည်။ အလွန် ကျယ်လှ၏။ အကျဉ်း မှတ်သားပါလေ။ ဤသို့လျှင် အာရုပ္ပစျာန် ၄ ပါးတို့ကို ပွားများအားထုတ်အပ်ကုန်၏။

## အာရုံ အာရမ္မဏိက ကမ္မဋ္ဌာန်း ခွဲပြချက်

ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ကသိုဏ်း ၁၀ ပါး, အသုဘ ၁၀ ပါး, အနုဿတိ ၁၀ ပါး၊ ပေါင်း ၃၀ တို့သည် အာရုံကမ္မဋ္ဌာန်းများတည်း။ မေတ္တာ စသော အပ္ပမညာ လေးပါး, သညာတပါး, ဝဝတ္ထာန်တပါး, အာရုပ္ပ လေးပါး ပေါင်း ၁၀ ပါးတို့သည်ကား အာရမ္မဏိက (အာရုံပြုတတ်သော နာမ်) ကမ္မဋ္ဌာန်းများ ဖြစ်လေသည်၊ ၎င်း အာရမ္မဏိက ကမ္မဋ္ဌာန်း၏ အာရုံများကား—

၁။ မေတ္တာ၏အာရုံမှာ သတ္တဝါပညတ်တည်း။
၂။ ကရုဏာ၏အာရုံမှာ ဒုက္ခိတသတ္တဝါ ပညတ်တည်း။
၃။ မုဒိတာ၏အာရုံမှာ သုခိတ သတ္တဝါပညတ်တည်း။
၄။ ဥပေက္ခာ၏အာရုံမှာ အဇ္ဈတ္တ သတ္တဝါ ပညတ်တည်း။
၅။ သညာ၏အာရုံမှာ အစာအာဟာရတည်း။
၆။ ဝဝတ္ထာန်၏အာရုံမှာ ဓာတ်ကြီးလေးပါးတည်း။

အာရုပ္ပဈာန်လေးပါး၏ အာရုံလေးပါးမှာကား—

၇။ ကောင်းကင်ပညတ်။
၈။ ပဌမာရုပ္ပဝိညာဏ်ခေါ် ပဌမအရူပစိတ်။
၉။ နတ္ထိဘာဝပညတ်။
၁၀။ တတိယာရုပ္ပဝိညာဏ်ခေါ် တတိယအရူပစိတ်။

ဤသို့အားဖြင့် အာရမ္မဏိက ကမ္မဋ္ဌာန်း ၁၀ ပါးတို့၏ အာရုံကမ္မဋ္ဌာန်းများကို ခွဲခြားမှတ်သားပါလေ။

သမထကမ္မဋ္ဌာန်းလေးဆယ် ပြီး၏။

တတိယအကြိမ်

## သပ္ပါယဘေဒ — စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်း

ခြောက်ပါး စရိုက် ၆ပါးတို့တွင် ရာဂစရိုက်ရှိသူသည် အသုဘ၁၀ပါး၊

(၁၃) ကာယဂတာသတိ ၁ပါး၊ ဤ၁၁ပါးသောကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်ရန် သင့်လျော်၏။

(၁၄) ဒေါသစရိုက် ရှိသူသည် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ၄ပါး၊ နီလကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်း ၄ပါး၊ ဤ ၈ ပါးသော ကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်ရန် သင့်လျော်၏။

(၁၅) မောဟစရိုက် ရှိသူသည် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ရန် သင့်လျော်၏။

ဝိတက်စရိုက် ရှိသူသည်လည်း အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရန် သင့်လျော်၏။

(၁၆) သဒ္ဓါစရိုက်ရှိသူသည် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ။

ဤ ၆ပါးသော ကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်ရန်သင့်လျော်၏။

(၁၇) ဗုဒ္ဓိစရိုက်ရှိသူသည် မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေပဋိကူလသည် စတုဓာတုဝဝတ္ထာန်၊ ဤ၄ပါးသော ကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်ရန် သင့်လျော်၏။

(၁၈) ကြွင်းကျန်သော ပထဝီကသိုဏ်း, အာပေါ, တေဇော, ဝါယောကသိုဏ်း, အာကာသ, အာလောကကသိုဏ်း, ၆ပါးနှင့် အရူပဈာန် လေးပါး၊ ပေါင်း ၁၀ ပါးသောကမ္မဋ္ဌာန်း တို့သည်ကား ပုဂ္ဂိုလ်အားလုံးတို့နှင့် သင့်လျော်ကုန်၏။

ခြောက်ပါး ထိုကမ္မဋ္ဌာန်း ၁၀ အနက် ကသိုဏ်း ၆ပါးတို့၌ ကောက်

(၁၉) နယ် ဘလင်းလောက် ကြီးသော ကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူနှင့် သင့်လျော်၏။ မန်း,ဆန်ကော, ခွက်များလောက် သေးငယ်သော ကသိုဏ်းဝန်းသည် ဝိတက်ရှိသူနှင့် သင့်လျော်၏။

ဤသည်ကား သပ္ပါယဘေဒတည်း

## ဘာဝနာဘေဒ

**စာ၊ကိုယ် (၂၀-၂၂)** ဘာဝနာ ၃မျိုးတို့တွင် ပရိကမ္မဘာဝနာကို ကမ္မဋ္ဌာန်း ၄၀ လုံးတို့၌ ရအပ်၏။ ဥပစာရ ဘာဝနာကိုလည်း ကမ္မဋ္ဌာန်း ၄၀ လုံးတို့၌ ရအပ်၏။ အပ္ပနာ ဘာဝနာကိုကား ကမ္မဋ္ဌာန်း ၃၀ ၌တို့သာ ရအပ်၏၊ ဗုဒ္ဓါနုဿတိ စသော ၈ ပါး, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်၊ ဤ ၁၀ ပါးသော ကမ္မဋ္ဌာန်းတို့၌ မရအပ်။

---

**အဓိပ္ပာယ် (၂၀-၂၂)** ကမ္မဋ္ဌာန်း မှန်သမျှတို့၌ ရှေးဦးစွာ စီးဖြန်း အားထုတ်မှုဖြင့်သာ အထက် အထက် ဘာဝနာသို့ ရောက်သောကြောင့် ကမ္မဋ္ဌာန်း လေးဆယ်လုံးတို့၌ "ပရိကမ္မဘာဝနာ"ကို ရအပ်လေသည်။ ထိုမှတဆင့် ပွားများမှုရင့်သန်၍ သမာဓိအား ကောင်းလာသောအခါ 'အပ္ပနာ' ခေါ် ဈာန်၏ အနီးအနား ဥပစာသို့ ရောက်မှုသည်လည်း ကမ္မဋ္ဌာန်း ၄၀ တို့၌ ရအပ်၏။ "အပ္ပနာဘာဝနာ" ခေါ် ဈာန်သို့ကား ကမ္မဋ္ဌာန်း ၄၀လုံးတို့ကို ပွားများအားထုတ်သဖြင့် မရအပ်၊ မရောက်အပ်ပေ။ ကမ္မဋ္ဌာန်း ၄၀ အနက် တချို့ကို ပွားများအားထုတ်မှသာ ရောက်အပ်၏။ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပါသမာနုဿတိ မရဏာနုဿတိဟူ၍ အနုဿတိ ၈ ပါး၊ အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်၊ ဤကမ္မဋ္ဌာန်း ၁၀ ပါးတို့ကို ပွားများအားထုတ်သဖြင့် "အပ္ပနာဘာဝနာ" ဈာန်သို့မရောက်နိုင်ပေ။ ဈာန်ရနိုင်သော ကမ္မဋ္ဌာန်းများမဟုတ်ဟူလို။ ဘုရား,တရား,သံဃာစသော ကမ္မဋ္ဌာန်းအာရုံများသည် ကျယ်ဝန်းများပြားသောကြောင့်လည်းကောင်း၊ ပရမတ်အာရုံများဖြစ်သောကြောင့်လည်းကောင်း၊ အပ္ပနာ ဘာဝနာဈာန်တဆူသို့ မရောက်နိုင်ဟု အဋ္ဌကထာဋီကာကျမ်းတို့၌ လာ၏။ အကျယ်မလိုလှပေ။

## ကမ္မဋ္ဌာန်းဖြင့် ရနိုင်သောဈာန်များ

ဓာ္ဌကိုယ် အပ္ပနာဈာန်သို့ ပေါက်ရောက်အောင် ဆောင်စွမ်းနိုင်

(၂၃) သောကမ္မဋ္ဌာန်း ၃၀ တို့တွင် ကသိုဏ်း ၁၀ ပါး, အာနာပါန ၁ပါး၊ ဤ ၁၁ ပါးတို့သည် ဈာန် ၅ ပါးလုံးသို့ ရောက်အောင် ဆောင်စွမ်းနိုင်၏။

(၂၄) အသုဘ ၁၀ ပါး, ကာယဂတာသတိ ၁ပါး၊ ဤ၁၁ပါး တို့သည် ပထမဈာန်သို့သာ ရောက်အောင် ဆောင်စွမ်း နိုင်၏။

(၂၅) မေတ္တာ, ကရုဏာ, မုဒိတာ၊ ဤ ၃ ပါးသောကမ္မဋ္ဌာန်း တို့သည် ပ, ဒု, တ, စတုတ္ထဈာန် ၄ပါးအထိရောက်အောင် ဆောင်စွမ်းနိုင်၏။

(၂၆) ဥပေက္ခာသည်ကား ပဥ္စမဈာန် တခုကိုသာ ဆောင်စွမ်း နိုင်၏။

(၂၇) အာရုပ္ပ ၄ပါးတို့သည် အရူပဈာန် ၄ပါးသို့ရောက်အောင် ဆောင်စွမ်းနိုင်၏။

ဤကား ဘာဝနာဘေဒ အပြီးတည်း။

◈◈

## ဂေါစရဘေဒ

ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်တို့၌ ထင်မြင်လာသော နိမိတ် အာရုံများကို ခွဲခြားပြသော အပိုင်းကဏ္ဍကို ''ဂေါစရဘေဒ'' ခေါ် သည်။ ''နိမိတ္တဘေဒ'' ဟူ၍လည်း ခေါ်နိုင်၏။ ထိုထင်မြင်လာ သော နိမိတ်တို့သည် အောက်၌ ပြခဲ့ပြီးအတိုင်း ပရိကမ္မနိမိတ်, ဥဂ္ဂဟ နိမိတ်, ပဋိဘာဂနိမိတ်ဟူ၍ သုံးမျိုးရှိသည်။

### တတိယအကြိမ်

စာကိုယ် (၂၈) ထိုတွင် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ် ၂ ပါးကို ကမ္မဋ္ဌာန်း ၄၀ လုံးတို့၌ထိုက်သည်အားလျော်စွာပရိယာယ်အားဖြင့် ရအပ်၏။

(၂၉) ပဋိဘာဂနိမိတ်ကိုကား ကသိုဏ်း ၁၀ ပါး, အသုဘ ၁၀ ပါး၊ ကာယဂတာသတိ ၁ ပါး, အာနာပါန ၁ ပါး၊ဤ ၂၂ ပါး သော ကမ္မဋ္ဌာန်းတို့၌သာလျှင် ရအပ်၏။ မှန်၏။ ထို ၂၂ ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ ဥပစာရသမာဓိ, အပ္ပနာ သမာဓိ တို့သည်လည်း ဖြစ်ပေါ်ကြကုန်၏။

---

အဓိပ္ပာယ် (၂၈) မည်သည့် ကမ္မဋ္ဌာန်း မဆို အာရုံနှင့် မကင်းနိုင်၊ အာရုံနှင့်ကင်းသော ကမ္မဋ္ဌာန်းမည်သည် မရှိနိုင် သောကြောင့် ပရိကမ္မနိမိတ်ကိုရသော ကမ္မဋ္ဌာန်း ချည်းဖြစ်၏။ ပရိကမ္မနိမိတ်ရလျှင် ၎င်းနှင့်တူစွာ ဥဂ္ဂဟနိမိတ် ရနိုင်သည်သာဖြစ်သောကြောင့်ကမ္မဋ္ဌာန်း ၄၀ လုံးတို့၌ရသည်။

သို့သော် ကမ္မဋ္ဌာန်း ၄၀ လုံးတို့၌ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟ နိမိတ်ကို တိုက်ရိုက်သေချာမရနိုင်။ ပဋိဘာဂနိမိတ်ရကောင်း သောကမ္မဋ္ဌာန်း ၂၂ ပါးတို့သာမုချရနိုင်၏။ ကျန် ၁၈ ပါးသော ကမ္မဋ္ဌာန်းတို့၌ ပရိယာယ်အားဖြင့်၊ (ဝါ) သဒိသူပစာအား ဖြင့်သာရနိုင်သည်။ ထိုကြောင့် "ယထာရဟံ-အာရုံအားလျော်စွာ ပရိယာယေန-ပရိယာယ်အားဖြင့်" ဟူ၍ ဆိုတော်မူသည်။

အဓိပ္ပာယ် (၂၉) ပဋိဘာဂနိမိတ်ရကောင်းသော ကမ္မဋ္ဌာန်း ၂၂ ပါး၊ မရကောင်းသောကမ္မဋ္ဌာန်း ၁၈ ပါး၊ ၎င်း ၁၈ ပါး တို့မှာ အနုဿတိမှရှေ့ပိုင်း ၈ ပါး၊ ဗြဟ္မဝိဟာရ ၄ ပါး၊ အာဟာရေပဋိကူလသညာ ၁ ပါး၊ စတုဓာတုဝဝတ္ထာန် ၁ ပါး၊ အာရုပ္ပ ၄ ပါး၊ ပေါင်း ၁၈ ပါးတည်း။ ၎င်း ၁၈ ပါး တို့သည် အထည် ကိုယ်ဒြပ် အာရုံများမဟုတ်ကြသောကြောင့် ပဋိဘာဂနိမိတ်မရနိုင်။ ထိုကြောင့် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟ

**စာကိုယ်** (၃၀) အဘာယ်သို့လျှင် နိမိတ် ၃ ပါးကိုအာရုံပြု၍ ဘာဝနာမယ သမာဓိ ၃ ပါးတို့ ဖြစ်ပေါ်ကြကုန်သနည်း။ စဉ်းကမ္မဋ္ဌာန်း အားထုတ်သူသည် မြေဝန်း စသည်တို့အနက် တခုခုကို အာရုံပြု၍ အားထုတ်၏။ ထိုအာရုံသည် ''ပရိကမ္မနိမိတ်'' မည်၏။ ထိုသွားများအားထုတ်သော ဘာဝနာသည် ''ပရိကမ္မဘာဝနာ'' မည်၏။

---

နိမိတ်လည်း မုချ တိုက်ရိုက် မရနိုင်။ ပရိယာယ်အားဖြင့်သာ ရနိုင်ကြောင်း အထက်၌ပြခဲ့ပြီ။

ဗုဒ္ဓါနုဿတိ စသောကမ္မဋ္ဌာန်းများသည် အထည်ကိုယ်ဒြပ် ရှိသောအာရုံများမဟုတ်၊ စက္ခုဒွါရ မျက်စိဖြင့်မြင်ကောင်းသော အာရုံများမဟုတ်၊ စိတ်ဖြင့်သာ ဂုဏ်တော် စသည်ကိုအာရုံပြု၍ အားထုတ်ရွှားများရသည်။ ထိုကြောင့်ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် တိုက်ရိုက်သောချာမရနိုင်။ ထိုနိမိတ်များတိုက်ရိုက်သေချာမရနိုင် ပါက ထို အစစ်နိမိတ်များမှ ပြောင်းလဲလာသော ပဋိဘာဂ နိမိတ်၊ (ဝါ) အတုအာရုံအဘာယ်မှာရနိုင်တော့အံ့နည်း။ မရနိုင် တော့သည်သာ။ ၂၂ ပါးသောကမ္မဋ္ဌာန်းများသာလျှင် နိမိတ် ၃ ပါးလုံးရ၍ သမာဓိဘာဝနာ ၃ ပါးလုံးရနိုင်သည်ဟုမှတ်ပါ။ အပ္ပနာကိုစွမ်းဆောင်နိုင်သော ကမ္မဋ္ဌာန်း ၃၀ အနက် ဗြဟ္မ ဝိဟာရ ၄ ပါးနှင့် အာရုပ္ပ ၄ ပါး၊ ကျရှစ်ပါးသောကမ္မဋ္ဌာန်းတို့ သာလျှင် ပဋိဘာဂနိမိတ်ကိုမရသော်လည်း၊ (ဝါ) ပဋိဘာဂ နိမိတ်ကိုအာရုံမပြုရသော်လည်း အပ္ပနာသမာဓိရောက် ပေါက် မြောက်နိုင်လေသည်မှတ်။

**အစ်ပွာယ်** (၃၀) သမထ ကမ္မဋ္ဌာန်းကို အားထုတ်လိုသော၊ (ဝါ) ဈာန်ရလိုသော ယောဂီ ပုဂ္ဂိုလ်သည် ကျမ်းဂန် များ၌လာသော အတိုင်း တထွာနှင့် လက်လေး သစ်ခန့်ရှိသော ပထဝီကသိုဏ်းဝန်း စသည်တို့အနက် တခုခုကို

စာကိုယ် အကြင်အခါ ထိုပရိကမ္မနိမိတ်ကို စိတ်ဖြင့်ကောင်းစွာသူ့အပ်

(၃၁) ၏။ မျက်စိဖြင့်မြင်သကဲ့သို့မနေဘဲ ရှေ့၌ထင်လာ၏။ ထိုအခါ၌ ထိုအာရုံသည်ပင် ဥဂ္ဂဟနိမိတ်မည်၏။ ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည်လည်း ပို၍တည်ကြည်၏။

(၃၂) ပဋိဘာဂနိမိတ်ထင်လာပုံမှာ ထိုကဲ့သို့ တည်ကြည်သော ယောဂီ ပုဂ္ဂိုလ်သည် ဥဂ္ဂဟ နိမိတ်ထင်ပြီးနောက် ထိုဥဂ္ဂဟနိမိတ်ကို ပရိကမ္မသမာဓိဖြင့် အဖန်ဖန်လဲလဲ ပွားများအားထုတ်အပ်သည်ရှိသော် ထိုဥဂ္ဂဟနိမိတ်နှင့်အလားတူ သော ဂဏ္ဌိဖြစ်ပရမတ္ထဋ္ဌမှ လွတ်သော ပညတ်ဟုဆိုအပ်သော ဘာဝနာကြောင့်ဖြစ်ပေါ်လာသော အာရုံသည် စိတ်၌ငြိမ်သက်စွာ တည်နေ၏။ ကောင်းစွာသက်ဝင်၏။ ထိုအာရုံသည် ''ပဋိဘာဂနိမိတ်'' မည်၏။ (ဈာန်မပေါ်သေး)။

(၃၃) ထိုပဋိဘာဂနိမိတ် ထင်လာသည်မှစ၍ တည်ကြည်သော သမာဓိ၏ဘေးရန်ဖြစ်သော နီဝရဏတရားတို့ကို ပယ်ရှားတတ်သော ကာမာဝစရသမာဓိဖြစ်သော ''ဥပစာရဘာဝနာ'' သည် ဖြစ်ပေါ်လာတော့သည်။

(၃၄) ထိုနောက်ထိုပဋိဘာဂနိမိတ်ကိုပင် လျှင် ဥပစာရသမာဓိဖြင့် ကောင်းစွာအားထုတ် မှီဝဲသည်ရှိသော် ရူပါဝစရ ပထမ ဈာန်ဇောသည်သက်ရောက်လေ၏။ အပ္ပနာဘာဝနာသို့ဆိုက်ရောက် ပြီဟုလို။ (ဈာန်ပေါ်သွားပြီ)။

---

ရှေ့၌ချထား၍ ''ပထဝီ, ပထဝီ-မြေ, မြေ'' ဟု စီးဖြန်း အားထုတ် ရာ၏။ နှုတ်ကဆိုသည်ဖြစ်စေ, မဆိုဘဲ စိတ်ထဲ၌ ဆင်ခြင်၍ဖြစ်စေ စီးဖြန်းရာ၏။ ထိုကဲ့သို့ မျက်စိဖြင့် ကြည့်ရှုအပ်, စိတ်ဖြင့် ဆင်ခြင် အပ်သော အာရုံသည် ''ပရိကမ္မနိမိတ်'' မည်၏။ ထိုနိမိတ်ကို အာရုံပြု၍ ပွားများမှုသည် ''ပရိကမ္မဘာဝနာ'' မည်၏။

အဓိပ္ပာယ် ဤကဲ့သို့ ပရိကမ္မနိမိတ်ကို မျက်စိဖြင့်ကြည့်ရှုဆင်ခြင်

(၃၁) ပွားများ အားထုတ်ဖန် များလတ်သော် မျက်စိ မှိတ်၍ ဆင်ခြင်သော်လည်း ဖွင့်၍ကြည့်ရသကဲ့သို့

စာကိုယ် ထိုနောက်ထိုပထမဈာန်ကိုပင်နှလုံးသွင်းခြင်း, ဝင်စားခြင်း

(၃၅) ဆောက်တည်ခြင်း, ဈာန်မှထခြင်း, ဆင်ခြင်ခြင်း, ဤ ငါးပါးသော ဝသီဘော် တို့ဖြင့် ထုံခြင်းကိုပြု၍ ဝိတက်စသောကြမ်းတမ်းသောဈာန်အင်္ဂါကိုပယ်ဖို့ရာဝိစာရစသောသိမ်မွေ့သောဈာန်အင်္ဂါဖြစ်လာဖို့ရာ အားထုတ်သည်ရှိသော် အစဉ်အတိုင်း ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ဇောတို့သည် သက်ရောက်ကုန်၏၊ (ဝါ) ဖြစ်ပေါ်ကုန်၏။

(၃၅) ဤသို့လျှင် ပထဝီကသိုဏ်း အစရှိကုန်သော ၂၂ ပါးသော ကမ္မဋ္ဌာန်းတို့၌ ''ပဋိဘာဂနိမိတ်'' ကို ရအပ်၏။

(၃၆) ကြွင်းကျန်သော ကမ္မဋ္ဌာန်း ၈ ပါးတို့တွင်အပ္ပမညာ ၄ ပါးတို့သည် သတ္တပညတ်၌ ဖြစ်ကုန်၏။(အာရုပ္ပ ၄ ပါးတို့ကို အထက် ၃၈, ၃၉, ၄၀, ၄၁ တို့၌ပြလတ္တံ့။

---

စိတ်ထဲ၌ ထင်ရှားစွာ ပေါ်လာ၏။ ထိုအာရုံသည် ''ဥဂ္ဂဟနိမိတ်'' မည်၏။ ထို ဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ ပွားများမှုသည်ကား ပရိကမ္မဘာဝနာပင်ရှိသေး၏။ သို့သော် ထိုပရိကမ္မဘာဝနာသည် ရှေးဖြစ်သော ပရိကမ္မနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာထက်ပိုလွန်၍တည်ကြည်မှုသမာဓိအားကောင်းပေပြီ။ ထိုကြောင့် အဘိဓမ္မတ္ထသင်္ဂဟ၌ ''သာစ ဘာဝနာ သမာဓိယတိ'' ဟု ဆိုတော်မူသည်။

## သမထကမ္မဋ္ဌာန်း ဈာန်တက်လမ်း

အဓိပ္ပာယ် ဈာန်ရလိုသော ယောဂီပုဂ္ဂိုလ်သည် ပထမဦးစွာ (၃၀-၃၇)မိမိ၏ သီလကို စင်ကြယ်အောင် စောင့်ရှောက်ထိန်း သိမ်းရမည်။ (ရဟန်းဖြစ်က စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံရမည်။ လူဖြစ်က ငါးပါး, ရှစ်ပါး, ဆယ်ပါး,

သီလတို့တွင် တခုခုနှင့်ပြည့်စုံ၍ ဣန္ဒြေစောက်ပါးလုံခြုံရမည်။)

ထိုသီလလုံခြုံမှုကို အခြေခံအုတ်မြစ်ပြုလျက် ပလိဗောဓကြီးဆယ်ပါးကိုဖြတ်၍ ကလျာဏမိတ္တ မိတ်ဆွေစစ်ဖြစ်သော ဆရာသမားထံချဉ်းကပ်လျက် မိမိစရိုက်နှင့်သင့်လျော်သောကမ္မဋ္ဌာန်းကိုယူ၍ မိမိနှင့်သင့်မြတ်သောအရပ်သို့သွားပြီးလျှင် ခေါင်းရိတ်ခြင်း, လက်သည်းခြေသည်း လှီးဖြတ်ခြင်း, သင်္ကန်း ဖွပ်လျှော်ခြင်း, ဖာထေးဖွယ်ကို ဖာထေးခြင်းစသော ပလိဗောဓငယ်တို့ကိုပြုလုပ်ပြီးလျှင် တင်ပျဉ်ခွေထိုင်နေလျက် ကိုယ်ကို ဖြောင့်မတ်စွာထားလျက် သီတင်းသုံးဖော်နှင့် ကျောင်းတိုက်စောင့် နတ်စသည်တို့ကိုမေတ္တာပို့၍ မရဏဿတိကိုပွားကာ အသုဘသညာရှေ့ပြေးလျက်(မေတ္တာ,မရဏဿတိ,အသုဘ ဤသုံးပါးကို ကမ္မဋ္ဌာန ယောဂီပုဂ္ဂိုလ်တိုင်း ဦးစွာအလိုရှိအပ်သောကြောင့်သဗ္ဗတ္ထကမ္မဋ္ဌာန်းခေါ်သည်)၊ပထဝီကသိုဏ်းဝန်းကို ကြည့်ရှုအားယူတ်ရမည်။

ထိုပထဝီကသိုဏ်းဝန်းဆိုသည်မှာ ရှေးရှေးဘဝတို့က ရှင်ရဟန်းရဖူးသူ, အားထုတ်ဖူးသူ ဖြစ်ကာ ဂင်ကို မြေကြီး, ကောက်နယ်တလင်း, လယ်ကျင်းခွက် မြေ စသည်ကို ရှုနိုင်၏။ ရှေးဘဝကမလေ့လာအားမထုတ်ဖူးသူဖြစ်ကာ အရုဏ်ရောင်အဆင်း ရှိသောမဝင်းလွန်းမဝါလွန်းသော နုံးမြေစေးကို ညက်ညက်ပါအောင်ဆင်းလျက် ရေနှင့် ဖျော်ကာ ဟတ္ထနှင့် လက်လေးသစ်ခန့်လောက်ရှိသော ပျဉ်ချပ်၌ဖြစ်စေ, သားရေပေါ်၌ဖြစ်စေ, မဲနယ်ဆေးဒါန်းစသည်ဖြင့် အနှောကွပ်ထားသော ကသိုဏ်းဝန်းကိုရှုရမည်။ ကသိုဏ်းဝန်းနှင့် ၂ တောင်ကွာဟတ္ထပါသ်၌ ထိုင်ရမည်။

ထိုကသိုဏ်းဝန်းကို ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းဂုဏ်တို့၌ အပြစ်မြင်အောင်ဆင်ခြင်၍ ရတနာသုံးပါး၏ ဂုဏ်ကို အာရုံပြုသော ပီတိပါမောဇ္ဇဖြစ်စေလျက် ငါရှုဆင်ခြင် သော ကသိုဏ်းသည်ကား အရိယာသူတော်ကောင်းတို့ ကျင့်စဉ် လမ်းရိုးတည်းဟု ရိုသေလေးစားလျက် မှန်ကြေးမုံတွင်မျက်နှာ ရိပ်ကိုကြည့်သကဲ့သို့ မဖွင့်လွန်းမမှိတ်လွန်းပဲ ကြည့်ရှု အားထုတ် ရာ၏။ ထိုအခါ အဆင်းကိုလည်း မကြည့်ရှုအပ်၊ ပထဝီ၏ ခက်မာခြင်းလက္ခဏာကိုလည်း မဆင်ခြင်အပ်၊ အဆင်းနှင့်စပ် သော မြေဒြပ်၏မြေကြီးအားလုံး(အတ္ထပညတ်)၌ စိတ်ရောက်၍ "ပထဝီ,ပထဝီ၊မြေကြီး,မြေကြီး"စသည်ဖြင့် မျက်စိဖွင့်၍ လည်း ကောင်း,မှိတ်၍ လည်းကောင်း စီးဖြန်း အားထုတ်ရာ၏။ ဤ အချိန်၌ **ပရိကမ္မဘာဝနာ,ပရိကမ္မနိမိတ်ဖြစ်၏။**

ထိုကဲ့သို့ အားထုတ်ဖန် များလတ်သော် အကြင်အခါ၌ မျက်စိဖြင့်ကြည့်ရှုသကဲ့သို့ ဆင်ခြင်သော(မနောဒွါရ) စိတ်ထဲ၌ ထင်လာ၏။ **ထိုအခါ ပရိကမ္မဘာဝနာ,ဥဂ္ဂဟနိမိတ် ထင်လာပြီ။**

ထိုနောက် ကသိုဏ်းဝန်းမှခွာ၍ ပထဝီ,ပထဝီ စသည်ဖြင့် ပွားမြဲတိုင်း ပွားများအပ်၏။ သမာဓိနုသေး၍ ဥဂ္ဂဟနိမိတ် ပျောက်ကွယ်သွားခဲ့လျှင် ကသိုဏ်းဝန်းရှိရာသို့ ပြန်၍ ချဉ်းကပ် အားထုပ်အပ်၏။ ဥဂ္ဂဟနိမိတ်ထင်သော် ကသိုဏ်းဝန်းမှ ခွာ၍ ပွားများအားထုတ်ရမည်။ ဤသို့ အဖန်ဖန် ပွားများအပ်သည် ရှိသော် အကြင်အခါ ကိလေသာ အနည်(နယ်)ကျ၍ နီဝရဏ ငြိမ်းအေးခြင်းဖြင့် ပုလဲနှစ်, ပွတ်သစ်စ ခရုသင်း, အိမ်မှ ထုတ်စ ကြေးမုံကဲ့သို့၊ မိုးတိမ်ညိုဝ၌ ပျံသန်းနေသော ဇာဂျင်းဖြူပမာ ကသိုဏ်းဝန်း၏ အပြစ်ဒေါသတို့မှ ကင်းစင်လျက် ဥဂ္ဂဟနိမိတ်မှ

ခွဲ၍ထွက်လာသကဲ့သို့၊ တိမ်ပုပ်ထဲမှထွက်လာသော လကလေးလို အလွန်စင်ကြယ်သောနိမိတ်အာရုံ ထင်လာလေသည်၊ ထိုအခါ ပဋိဘာဂနိမိတ် ထင်လာလေပြီ။ ဥပစာရဘာဝနာ, ဥပစာရသမာဓိဖြစ်လေတော့သည်။ထိုဥပစာရသမာဓိဖြင့် ရထားသော ပဋိဘာဂနိမိတ်ပင်ဖြစ်တောင့်ဖြစ်ခဲ,ရတောင့်ရခဲသဖြင့်မပျောက်မပျက် မဆုံးရှုံးရအောင် စောင့်ရှောက်အပ်၏။ စကြဝတေးမင်းလောင်း၏ ကိုယ်ဝန်ကို စောင့်ရှောက်သကဲ့သို့စောင့်ရှောက်အပ်၏။

(မလျောက်ပတ်သော ကျောင်း, အိပ်ရာ, နေရာ စသော ၇ ပါးကို ရှောင်ကြဉ်၍ လျောက်ပတ်သောကျောင်း, အိပ်ရာ, နေရာစသော ၇ ပါးကို မှီဝဲခြင်းဖြင့် စောင့်ရှောက်ရာသည်။)

ထိုသို့ စောင့်ရှောက်ထားသော ပဋိဘာဂနိမိတ်ကို ဒးဖန်တလဲလဲ ပွားများ အားထုတ်အပ်သည်ရှိသော် အပ္ပနာစျာန်ဖြစ်ပေါ်လာလေသည်။ဉာဏ်ထက်သော ပုဂ္ဂိုလ်တို့အား အပ္ပနာလွယ်ကူစွာပေါ်လာ၍ ဉာဏ်မထက်လှန်းသော ပုဂ္ဂိုလ်တို့အားနှေးကွေးစွာ ဖြစ်ပေါ်လာလေသည်။ ထိုအခါ အပ္ပနာသမာဓိဖြင့် ပဋိဘာဂနိမိတ်ဖြစ်လေသည်။ ပထမစျာန်သို့ ပေါက်ရောက်လေပြီ။

ထိုနောက် ဒုတိယစျာန်သို့တက်လိုသောယောဂီသည် ရပြီးသောပထမစျာန်ကိုပသီငါးပါးတို့ဖြင့်လေ့လာပြီးနောက်ပထမစျာန်၌ပါသော ဝိတက်စျာန်အင်္ဂါကို အပြစ်မြင်လာလျက် ပွားများအားထုတ်သည်ရှိသော်ဒုတိယစျာန်ပေါ်လာ၏။ ထိုနောက် ဝိစာရကိုအပြစ်မြင်လျက် အားထုတ်သည်ရှိသော် တတိယစျာန်

ပေါ်လာ၏။ ထိုနောက် ပီတိကိုအပြစ်မြင်လျက် အားထုတ်သည် ရှိသော် စတုတ္ထဈာန်ဖြစ်ပေါ်လာ၏။ ထိုနောက် သုခကို အပြစ် မြင်လျက် အားထုတ်သည်ရှိသော်ပဉ္စမဈာန်ဖြစ်ပေါ်လာသည်။ ဤသို့လျှင် ရူပါဝစရဈာန်တို့သည် အစဉ်အတိုင်း ဆက်လက် အားထုတ်သည်ရှိသော် ပေါ်လာကြကုန်၏။ ဤအစဉ်သည်ကား မန္ဒပညယောဂီ(ပညာညံ့သောယောဂီ)၏ဖြစ်စဉ်တည်း။ တိက္ခ ပညယောဂီအတွက်မူကား ဝိတက်ဝိစာရ အင်္ဂါနှစ်ပါးလုံးကို အပြစ်မြင်လျက် အားထုတ်သည်ရှိသော် ဒုတိယဈာန်၊ ပီတိကို အပြစ်မြင်လျက် အားထုတ်သည်ရှိသော် တတိယဈာန်၊ သုခကို အပြစ်မြင်လျက်အားထုတ်သည်ရှိသော် စတုတ္ထဈာန် ဖြစ်ပေါ် လာ၏၊ ဤသို့ တိက္ခပညပုဂ္ဂိုလ်အတွက် ရူပါဝစရဈာန်တို့သည် ၄ ပါးသာရှိကုန်၏။ အောက်စိတ်ပိုင်းရူပါဝစရစိတ် အခန်းတွင် စတုက္ကနည်း, ပဉ္စကနည်းဈာန်တို့ကို ပြန်ကြည့်ပါ။ (ရူပါဝစရ စိတ်တို့မှာ)ဤကဲ့သို့ ကမ္မဋ္ဌာန်းအားထုတ်နိုင်ပါမှဖြစ်ပေါ်သော စိတ်များဖြစ်ပေသည်။ ဤကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ဋီကာ တို့မှလာသောအဓိပ္ပာယ်ကို ကျေးဇူးရှင့် ကျေးဇူးရှင် ဖြစ်တော် မူသော မဟာဝိသုဒ္ဓာရုံ ဘုရားတော်ဘုရားတို့၏ အလိုတော်ကျ အတိုင်း ရေးသားပါသည်။

ကျောင်းသားလူငယ်တို့အတွက် ဤမျှသောကျင့်စဉ်အကျဉ်း ဈာန်တက်လမ်းကသာ မှတ်သားသင့်သည်ဖြစ်၍ အကျဉ်းမျှသာ ဖော်ပြပါသည်။ အကျယ်လိုမူ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဋီကာနှင့် ပရမတ္ထသရူပဘေဒနီကို ဒုတိယတွဲမှ ယူကြပါကုန်။

တတိယအကြိမ်

## အရူပဈာခန်း

**စာကိုယ်** (၄၈) ရူပပဉ္စမဈာန်ကိုရပြီးသော ယောဂီပုဂ္ဂိုလ်သည် အာကာသကသိုဏ်းသည့်ကြဉ်အပ်သော ကသိုဏ်း ၉ပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကို အဆုံးမရှိ, အပိုင်းအခြား မရှိဟု စီးဖြန်းမှုပရိကံကိုပြု၍ အားထုတ်ပွား°များ အပ်သည်ရှိသော် ရှေးဦးစွာသော အရူပဈာန်စိတ်သည် ဖြစ်ပေ၏။

---

**အဓိပ္ပာယ်** (၃၈) ရူပ ပဉ္စမဈာန်ကို ရပြီးနောက် ရုပ်ကို အပြစ်မြင်၍ အာကာသာနဉ္စာယတနဈာန်ကို ရလိုသော ယောဂီသည် အာကာသကသိုဏ်းမှ တပါးသော ကသိုဏ်း ၉ ပါးတို့တွင် တပါးပါး၌ မိမိရပြီးသော ပဉ္စမဈာန်ကို ဝသီဘော် ငါးပါးတို့ဖြင့် အဖန်ဖန် လေ့လာပြီးနောက် အပြစ်မြင်နေသော ကရဇရုပ်နှင့်တူသော ပဋိဘာဂနိမိတ်ကိုလည်း အပြစ်မြင်လျက် "ငါ၏ ပဉ္စမဈာန်သည် ငါ ငြိုငွင်သော ကသိုဏ်းပဋိဘာဂနိမိတ်ကို အာရုံပြု၏"ဟု ပဉ္စမဈာန်စိတ်ကို ပါ အပြစ်မြင်၍ ပထမာရုပ္ပဝိညာဉ်သည် ငြိမ်သက်၏ဟု ထင်လျက် ကသိုဏ်းပဋိဘာဂနိမိတ်ကို အာရုံမပြုပဲ ထိုနိမိတ်၏ တွေ့ထိပျံ့နှံ့ရာ ကောင်းကင် အရပ်ကိုသာ အာရုံပြု၍ အာကာသော အနန္တော, အာကာသောအနန္တော (ကောင်းကင်သည် အဆုံးအပိုင်းအခြားမရှိ)ဟု အဖန်ဖန်စီးဖြန်းလျက် ကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို ခွါအပ်၏။ ထိုသို့ စီးဖြန်း၍ ကသိုဏ်းပဋိဘာဂနိမိတ်ကွာသောအခါ အိုးဝကို ပဝါပိတ်၍ ကြည့်ရှုနေစဉ် လေတိုက်သဖြင့် ပဝါလွင့်၍ ဟင်းလင်းဖြစ်သွားသကဲ့သို့ ပဋိဘာဂနိမိတ်ပျောက်၍ အာကာသကောင်းကင် အကွက်သာ ထင်လေသည်။ ထိုထင်သော ကောင်းကင်ကို "အာကာသော အာကာသော"ဟုစီးဖြန်းဖန်များလတ်သော် အာကာသာနဉ္စာ

**စာကိုယ်** ထိုပထမ အရူပစိတ် (အာကာသာနဉ္စာ ယတနစိတ်)

(၃၉) ကိုပင်လျှင် အာရုံပြု၍ အဆုံး အပိုင်း အခြား မရှိသည်၏ အစွမ်းဖြင့် စီးဖြန်းမှု ပရိကံကို ပြုသော သူအား ဒုတိယ အရူပစိတ်သည် အပ္ပနာအားဖြင့် ဖြစ်ပေါ်၏။

(၄၀) ထိုပထမအရူပစိတ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ် ကိုပင်လျှင် အာရုံပြု၍ နတ္ထိကိဉ္စိဟူ၍စီးဖြန်းမှုပရိကံကို ပြုသောသူအား တတိယအရူပဈာန်စိတ်သည် အပ္ပနာ အား ဖြင့် ဖြစ်ပေါ်၏။

---

ယတနဈာန်သို့ ရောက်လေ၏။ (ဝါ) အာကာသာနဉ္စာယတန ဈာန်စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာပြီ။

**အဓိပ္ပာယ်** ဝိညာဏဉ္စာယတနဈာန်ကို ရလိုသော ယောဂီသည်

(၃၉) ပထမအရူပဈာန်ကို ဝသီဘော်ငါးပါးတို့ဖြင့်အဖန် ဖန် ဝင်စားပြီးနောက် ပထမအရူပဈာန်ကို အပြစ် မြင်လျက် ထိုပထမအရူပစိတ်ကို ''ဝိညာဏံ အနန္တံ - ပထမအရူပ ဝိညာဏ်သည် အဆုံးမရှိ'' ဟု စီးဖြန်းအားထုတ်သည်ရှိသော် အာကာသာနဉ္စာယတနဈာန်နှင့် ကောင်းကင်ပညတ်ကို လွန် မြောက်၍ဒုတိယအရူပဈာန်စိတ်သည်သက်ဝင်ကျရောက်လေ၏။

(၄၀) အာကိဉ္စညာယတနဈာန်စိတ်ကို ရလိုသောယောဂီ သည် ဒုတိယ အရူပဈာန်ကို ဝသီဘော်ငါးပါးတို့ ဖြင့် အဖန်ဖန်ဝင်စားပြီးနောက် ဒုတိယအရူပဈာန်ကို အပြစ် မြင်လျက် ပထမအရူပဈာန်စိတ် မရှိခြင်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြုလျက် ''နတ္ထိ ကိဉ္စိ-နည်းငယ် စိုးစဉ်းမျှမရှိ'' ဟု စီးဖြန်းအားထုတ်သည်ရှိသော် ဝိညာဏဉ္စာယတနဈာန်နှင့် အာရုံကိုလွန်မြောက်၍ တတိယအရူပဈာန်စိတ်သည် သက်ဝင် ကျရောက်လေ၏။ (အောက်ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟလာ အာရုံပြုပုံကို ပြန်ကြည့်ပါ။)

**စာကိုယ်** တတိယအရူပစိတ်ကိုအာရုံပြု၍ ''ထိုနေဝသညာနာသညာ (၄၁) ချာန်သည် ငြိမ်သက်၏။ ထိုနေဝသညာနာသညာဈာန်သည် မွန်မြတ်၏'' ဟု စီးဖြန်းမှုပရိကံ ပြုသောသူအား စတုတ္ထအရူပဈာန်စိတ်သည်အပ္ပနာဖြင့် ဖြစ်ပေါ်၏။

**စာကိုယ်** ကမ္မဋ္ဌာန်း လေးဆယ်အနက် အပ္ပနာကို ဆောင်စွမ်းနိုင် (၄၂) သောကမ္မဋ္ဌာန်း ၃၀ မှတပါး ကြွင်းကျန်သော ကမ္မဋ္ဌာန်း ၁၀ ပါးတို့တွင် ဗုဒ္ဓါနုဿတိစသောကမ္မဋ္ဌာန်းတို့၌ ဘုရားဂုဏ်တော် စသောအာရုံကို အာရုံပြု၍ စီးဖြန်းခြင်း ပရိကံကိုပြု၍ ထိုအာရုံကိုကောင်းစွာယူအပ်သည်ရှိသော် ထိုအာရုံ၌ပင်ပရိကမ္မဘာဝနာသမာဓိနှင့် ဥပစာရ ဘာဝနာသမာဓိ ပြည့်စုံရာဖြစ်၏၊ အပ္ပနာသမာဓိကား မဖြစ်လေ။

---

**အဓိပ္ပာယ်** နေဝသညာ နာသညာ ယတနဈာန်ကို ရလိုသော (၄၁) ယောဂီသည် တတိယအရူပဈာန်ကို ဝသီတော် ငါးပါးတို့ဖြင့် လေ့လာဝင်စားပြီးနောက် တတိယအရူပဈာန်ကို အပြစ်မြင်လျက် ထိုတတိယအရူပစိတ်ကို အာရုံပြု၍ သညာသည် အနာရောဂါနှင့်တူ၏၊ နေဝသညာနာသညာဈာန်သည် ငြိမ်သက်၏၊ မွန်မြတ်၏ဟု စီးဖြန်းမှုပရိကံပြုသည်ရှိသော် အာကိဉ္စညာယတနဈာန်စိတ်နှင့် ၎င်း၏အာရုံကို လွန်မြောက်၍ စတုတ္ထအရူပဈာန်စိတ်သည် သက်ဝင်ကျရောက်လေ၏၊ ခက်၏၊ ကြံ့စည်ပါလေ။

အရူပဈာန်လေးပါးတက်ခန်း ပြီး၏။

အပ္ပနာသို့ရောက်အောင် ဆောင်စွမ်းနိုင်သော ကမ္မဋ္ဌာန်း ၃၀ ပြီးပြီ။

**အဓိပ္ပာယ်** အပ္ပနာဈာန်သို့ ရောက်နိုင်သော ကမ္မဋ္ဌာန်း ၁၀ (၄၂) ပါးတို့၏ အဓိပ္ပာယ်များကို အောက်၌ပြခဲ့ပြီ ဖြစ်၍ ဤ၌ သရုပ်ကိုသာ ခွဲ၍ ပြအံ့။

တတိယအကြိမ်

ပြခဲ့သော သမထကမ္မဋ္ဌာန်းကို အားထုတ်၍ ဈာန်ရခြင်းဖြင့် မည်သည့် အကျိုးကို ရပါသနည်း။ နိဗ္ဗာန်ကို တိုက်ရိုက်ရနိုင်ပါသလော။ ဤသို့ မေးရန်ရှိသည်ကို ဖြေဆိုသောအားဖြင့် ဈာန်ရခြင်း အကျိုးတရား ၅ ပါးကို ပြဆိုပေအံ့။

**ဈာန်၏အကျိုးတရား ၅ ပါး**

**စာကိုယ်** ၁။ ရဟန္တာပုဂ္ဂိုလ်ဖြစ်သော် မျက်မှောက်ချမ်းသာရခြင်း။
(၄၃) ၂။ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့ဖြစ်သော် ဝိပဿနာ အခြေခံ အကျိုးရခြင်း။
၃။ ဥပစာရဘာဝနာဖြင့် ကာမသုဂတိအကျိုး၊ အပ္ပနာဘာဝနာဖြင့် ဗြဟ္မာဖြစ်ရခြင်း အကျိုးကို ရခြင်း။
၄။ အသိညာဏ်ကို ရခြင်း။
၅။ နိရောဓသမာပတ် ဝင်စားနိုင်ခြင်း။

---

ကမ္မဋ္ဌာန်းလေးဆယ်တို့တွင်–
၁။ ပရိကမ္မဘာဝနာရသော ကမ္မဋ္ဌာန်း ၄၀။
၂။ ဥပစာရဘာဝနာရသော ကမ္မဋ္ဌာန်း ၄၀။
၃။ အပ္ပနာဘာဝနာရသောကမ္မဋ္ဌာန်း ၃၀ (၁၀) မရ။
၁။ ပရိကမ္မနိမိတ်ရသော ကမ္မဋ္ဌာန်း ၄၀ } ပရိယာယ်
၂။ ဥဂ္ဂဟနိမိတ်ရသော ကမ္မဋ္ဌာန်း ၄၀ } အားဖြင့် ရှိ၏။
၃။ ပဋိဘာဂနိမိတ်ရသော ကမ္မဋ္ဌာန်း ၂၂ (၁၀) မရ။

ဤပြခဲ့ပြီးသော ဘာဝနာနှင့်နိမိတ်တို့၏ ကမ္မဋ္ဌာန်း လေးဆယ်၌ သရုပ်ခွဲကို ကျေပွန်အောင်ခွဲ၍ နာနာလေ့ကျက်ရမည်။ သို့မှသာ အသိဉာဏ်ရှင်းမည်။

ရူဂ အရူပဈာန်တက်ခန်း ပြီးပြီ။

**အဓိပ္ပာယ်** ထိုအကျိုး ငါးပါးတို့တွင် ၃ နံပါတ် အကျိုးကို
(၄၃) အောက် (ဘုံပိုင်း) ဝီထိမုတ်ပိုင်း၊ ပဋိသန္ဓိစတုက္ကဝိပါက်တို့၏ အကျိုးပေးပြသော အခန်း၌ ပြခဲ့ပြီ။

## အဘိညာဏ်ခန်း

အဘိညာဏ်ဆိုသည်မှာ အထူးအားဖြင့် သိသောဉာဏ်ကို ခေါ်သည်။ ရွှဦးအံ့-ပထမဈာန်သမာဓိမှအဆင့်ဆင့်တက်လာ၍ ပဉ္စမဈာန်သမာဓိသို့ ရောက်သောအခါ ဈာနလာဘီပုဂ္ဂိုလ်သည် သမာဓိအား အလွန်ကောင်းနေသဖြင့်ထက်မြက်ရကား အလွန်အကြူးအထူးအားဖြင့် သိတတ်သော ရူပပဉ္စမဈာန်စိတ်၌ပါသောဉာဏ်သည် အဘိညာကိစ္စကို ရွက်ဆောင်နိုင်လေသည်။ ထိုရူပပဉ္စမဈာန်၌ပါသော ပညာစေတသိက်သည်ပင်အထူးအားဖြင့်သိတတ်သောကြောင့်အဘိညာဏ်မည်၏။

**စာကိုယ်** ထိုအဘိညာဏ်သည်–

(၄၄) ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တဝိဇာနနာ။
ပုဗ္ဗေနိ ဝါသာနုဿတိ၊ ဒိဗ္ဗစက္ခူတိ ပဉ္စဓာ။ ။

ဟူသည်နှင့် အညီ–

၁။ ဣဒ္ဓိဝိဓ အဘိညာဏ်။
၂။ ဒိဗ္ဗသောတ အဘိညာဏ်။
၃။ ပရစိတ္တ ဝိဇာနန အဘိညာဏ်။
၄။ ပုဗ္ဗေ နိဝါသာနုဿတိ အဘိညာဏ်။
၅။ ဒိဗ္ဗစက္ခု အဘိညာဏ် ဟူ၍ ငါးပါးရှိသည်။

---

၄ နံပါတ် အဘိညာအကျိုးကို ယခုပြပေအံ့။ ၅ နံပါတ် နိရောဓသမာပတ်အကျိုးကို နောက်ဝိပဿနာခန်း၌ ပြဆိုပေအံ့။

**အဓိပ္ပာယ်** ထိုတွင်– (၁) ဣဒ္ဓိဝိဓအဘိညာဏ်ဟူသည် တန်ခိုးအမျိုးမျိုးကို ဖြစ်စေနိုင်သောအဘိညာဏ်ဖြစ်၏။ (၄၄)

ချွဲအံ့၊ တခုကို တရာဖြစ်အောင်, တထောင်ဖြစ်အောင်, တရာကို တယောက်, တထောင်ကို တယောက်ဖြစ်အောင် စွမ်းနိုင်ခြင်း၊ ကိုယ်ဖျောက်နိုင်ခြင်း၊ ကိုယ်ထင်ရှားပြနိုင်ခြင်း၊ နံရံတံတိုင်းခြားသော်လည်းဟိုမှာဘက်သွားနိုင်ခြင်း၊ မြေပြင်ကို ရေအသွင်ပြုနိုင်ခြင်း၊ ရေပြင်ကို မြေအသွင်ပြုနိုင်

ခြင်း၊ ကောင်းကင်၌သွားနိုင်ခြင်း၊ လ,နေ တို့ကို ကိုင်တွယ်နိုင်ခြင်း၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ သွားနိုင်ခြင်း စသော တန်ခိုးအမျိုးမျိုး၊ နဂါး, ဂဠုန်, ကုမ္ဘာန်, ယက္ခ, ဂန္ဓဗ္ဗ စသော အယောင်ဆောင်နိုင်ခြင်း၊ စိတ်အလိုအတိုင်းပြီးစီးသော မနော မယ စသော တန်ခိုးအမျိုးမျိုးတို့ကို ဖန်ဆင်းနိုင်သော အဘိညာဏ်သည် ဣဒ္ဓိဝိဓအဘိညာဏ်မည်၏။

(၂) ဒိဗ္ဗသောတအဘိညာဏ်ဟူသည် နတ်တို့၏နားကဲ့သို့ ဝေးလံသောအရပ်မှအသံ သိမ်မွေ့နူးညံ့သောအသံ စသည်တို့ကို ကြားစွမ်းနိုင်သော အဘိညာဏ်ဖြစ်၏။

(၃) ပရစိတ္တဝိဇာနန အဘိညာဏ်ဟူသည် သူတပါးတို့၏ စိတ်ဓာတ်ကို သိစွမ်းနိုင်သော အဘိညာဏ်ဖြစ်၏။

(၄) ပုဗ္ဗေနိဝါသအဘိညာဏ်ဟူသည် ရှေးရှေးကဖြစ်ခဲ့သော မိမိခန္ဓာကိုယ်, သူတပါးခန္ဓာကိုယ်, အမည်, အမျိုးအနွယ် စသည်တို့ကိုသိစွမ်းနိုင်သော အဘိညာဏ်ဖြစ်၏။

(၅) ဒိဗ္ဗစက္ခုအဘိညာဏ်ဟူသည် နတ်တို့၏ မျက်စိကဲ့သို့ တံတိုင်း နံရံ ခြားနေသော ရူပါရုံ, ဝေးကွာသော အဆင်း, သေးငယ်သော အဆင်း စသည်တို့ကို မြင်စွမ်းနိုင်သော အဘိညာဏ်ဖြစ်၏။ ဤအဘိညာဏ်ငါးပါးသည်ကား လောကီအဘိညာဏ်ဖြစ်၏။ အာသဝက္ခယဉာဏ်သည့်ပါက အဘိညာဏ် ၆ ပါးဖြစ်၏။ ဒိဗ္ဗစက္ခုကို ယထာကမ္မုပဂ အနာဂတံသအဘိညာဏ် ခွဲလိုက်ကအဘိညာဏ် ၇ ပါးဖြစ်၏။ ထိုကြောင့်–

* စ,သော,ဣဒ်,ပ၊ ပုဗ်,ယ,အာ,ဟု၊ သတ္တာဘိညာ၊
ငါးဖြာဖြစ်က၊ ယ,နှင့်အ,ကို၊စ၌သွင်းယူ၊ခြောက်မူ
အာသဝက်၊ ထိုဝယ်စွက်၊ သုံးချက်နားလည်စေ။

သမထကမ္မဋ္ဌာန်းပြီး၏။

# ဝိပဿနာကမ္မဋ္ဌာန်း

၍ဝိပဿနာကမ္မဋ္ဌာန်း၌ အခြေခံသိသင့်သော—

၁။ ဝိသုဒ္ဓိ ၇ ပါး။
၂။ လက္ခဏာ ၃ ပါး။
၃။ အနုပဿနာ ၃ ပါး။
၄။ ဝိပဿနာဉာဏ် ၁၀ ပါး။
၅။ ဝိမောက္ခ ၃ ပါး။
၆။ ဝိမောက္ခမုခ ၃ ပါး။

ဤခြောက်မျိုးကိုအကျဉ်းဥဒ္ဒေသအားဖြင့်လည်းကောင်း,အကျယ်နိဒ္ဒေသအားဖြင့်လည်းကောင်း, ဝေဖန်ပိုင်းခြား၍ ပြဆိုပေအံ့။

## (၁) ဝိသုဒ္ဓိ ၇ ပါး

**စာကိုယ်** သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ,ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိ,

(၄၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ,ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ ဟူ၍ ၇ ပါးရှိ၏။

## (၂) လက္ခဏာ ၃ ပါး

(၄၆) အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာဟူ၍ ၃ ပါးရှိ၏။

## (၃) အနုပဿနာ ၃ ပါး

(၄၇) အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ ဟူ၍ ၃ ပါးရှိ၏။

## ဝိပဿနာဉာဏ် ၁၀ ပါး

(၄၈) ၁။ သမ္မသနဉာဏ် ၆။ နိဗ္ဗိဒါဉာဏ်
၂။ ဥဒယဗ္ဗယဉာဏ် ၇။ မုစ္စိတုကမျတာဉာဏ်
၃။ ဘင်္ဂဉာဏ် ၈။ ပဋိသင်္ခါဉာဏ်
၄။ ဘယဉာဏ် ၉။ သင်္ခါရုပေက္ခာဉာဏ်
၅။ အာဒီနဝဉာဏ် ၁၀။ အနုလောမဉာဏ်

ဟူ၍ ၁၀ ပါးရှိ၏။

## ဝိမောက္ခ ၃ ပါး

(၄၉) သုညတ ဝိမောက္ခ, အနိမိတ္တ ဝိမောက္ခ, အပဏိဟိတ ဝိမောက္ခဟူ၍ ၃ ပါးရှိ၏။

## ဝိမောက္ခမုခ ၃ ပါး

(၅၀) သုညတာ နုပဿနာ ဝိမောက္ခမုခ,
အနိမိတ္တာ နုပဿနာ ဝိမောက္ခမုခ,
အပ္ပဏိဟိတာ နုပဿနာဝိမောက္ခမုခ ဟူ၍ ၃ ပါးရှိ၏။
ဤကား (ဥဒ္ဒေသ) အကျဉ်းအားဖြင့် ပြဆိုခြင်းတည်း။

ဥဒ္ဒေသပြီး ပြီ။

နိဒ္ဒေသ

## သီလဝိသုဒ္ဓိ

စာကိုယ် (၅၁) ပါတိမောက္ခ သံဝရသီလ, ဣန္ဒြိယ သံဝရသီလ, အာဇီဝ ပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ၊ ဤသီလ ၄-ပါး၏ စင်ကြယ်ခြင်းသည် သီလဝိသုဒ္ဓိမည်၏။

---

အဓိပ္ပာယ် (၅၁) ၁။ ပါတိမောက္ခသံဝရသီလ ဟူသည် ရဟန်း, ရဟန်း မိန်းမတို့၏ သိက္ခာပုဒ်ဖြစ်သော ပါတိမောက်လာ သီလအားလုံးကို စောင့်ရှောက် ထိန်းသိမ်းခြင်းတည်း။

တတိယအကြိမ်

ရဟန်းသိက္ခာပုဒ်တော် အကျဉ်း ၂၂၇ ပါးရှိ၏။ အကျယ်အားဖြင့် ကုဋေ ကိုးထောင်ကျော် (၉၁၈၀၅၀၃၆၀၀၀) ဖြစ်သည်။

အကျဉ်းမှတ်ရန် သိက္ခာပုဒ်သင်္ချာလင်္ကာမှာ–

* နေ့,နတ်,နီး,တိုင်၊ ဂ,နိုင်,မိုး,နံ၊ ဟုံ,ယဉ်,ချွန်၊
မှတ်ရန်သိက္ခာဂဏန်းတည်း။

၂။ ဣန္ဒြိယသံဝရသီလ ဟူသည် မျက်စိ, နား, နှာ, လျှာ, ကိုယ်, မနော, ဣန္ဒြေ ၆ ပါး (တံခါး ၆ ပေါက်) တို့ကို အကုသိုလ်မဖြစ်စေရအောင် စောင့်စည်း ဆို့ပိတ်ခြင်းတည်း။

မျက်စိတံခါးပေါက်ကို စောင့်စည်းရန်မှာ ရူပါရုံအဆင်းလှကိုဖြစ်စေ, အရုပ်ဆိုးကိုဖြစ်စေ မြင်သောအခါ အဆင်းရူပါရုံပဲဟုသာ ကြည့်ရမည်၊ မိန်းမ,ယောကျ်ား အမှတ်အသားဖြင့် မကြည့်ရ၊ ထိုထက်ပိုလွန်၍ မျက်စိ,နှာခေါင်း,ပါးစပ်,ခြေလက်, တင်ပါး,ရင်းသားစသောကိုယ်အင်္ဂါအစိတ်အပိုင်းကို ကြည့်လျှင်မူကား အကုသိုလ် လောဘဇောတွေ တရဟော ဖြစ်မည်သာ။ အရုပ်ဆိုးသောရူပါရုံဖြစ်က ဒေါသဇောတွေ တရဟော ဖြစ်မည်သာ။ သို့ဖြစ်၍ (အနုဗျဉ္ဇနခေါ်) ကိုယ်အင်္ဂါအစိတ်အပိုင်းကိုလည်းမကြည့်အပ်,မကြည့်ရှုရပေ။ ရူပါရုံအဆင်းကို အဆင်းဟူ၍သာကြည့်က ဣန္ဒြိယသံဝရသီလ လုံခြုံတော့သည်မှတ်။

သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ တို့၌လည်း ဤနည်းတူမှတ်။ ထိုကြောင့် ဒီဃနိကာယ်စသော သုတ္တန်တို့၌ "ကထဉ္စ မဟာရာဇ ဘိက္ခု ဣန္ဒြိယေသု ဂုတ္တဒွါရော ဟောတိ။ ဣဓ မဟာရာဇ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ၊ နာနုဗျဉ္ဇနဂ္ဂါဟီ" စသည်ဖြင့် ဟောတော်မူ၏။ အကျယ်ကိုလိုမူ ဒီဃနိကာယ် သာမညဖလသုတ်မှာ ယူပါလေ။

## စိတ္တဝိသုဒ္ဓိ

**စာကိုယ်** ဥပစာရ သမာဓိ, အပ္ပနာသမာဓိ ၂ ပါးသည် စိတ္တဝိသုဒ္ဓိ (၅၂) မည်၏။

၃။ **အာဇီဝပါရိသုဒ္ဓိသီလ** ဟူသည် အသက်မွေးမှုစင်ကြယ်ခြင်းတည်း။ ဤ၌ ရဟန်းတော်များသည် ဒကာတို့အား သစ်သီးပေးခြင်း, ပန်းပေးခြင်း စသော မအပ်သော အနေသနတို့ဖြင့် ရှာမှီးခြင်းကိုရှောင်ကြဉ်၍ စင်ကြယ်စွာရအပ်သော ပစ္စည်းဖြင့် အသက်မွေးမှုသာ စင်ကြယ်၏။

လူတို့မှာကားဒုစရိုက်မှုဖြင့် အသက်မွေးခြင်းကိုရှောင်ကြဉ်၍ ကောင်းသော ကုန်သွယ်,လယ်လုပ် စသော သမ္မာအာဇီဝဖြင့် အသက်မွေးမှုသာ စင်ကြယ်၏။

၄။ **ပစ္စယသန္နိဿိတသီလ** ဟူသည် ပစ္စည်း လေးပါးကို မှီ၍ဖြစ်သော သီလ၏စင်ကြယ်ခြင်းတည်း။ ဤသီလသည် ရဟန်းတော်များနှင့် သာလွန်၍ဆိုင်၏။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း ၄ ပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍သုံးဆောင်လျှင် စင်ကြယ်၏။ လူတို့သည်လည်း အသက်ရှည်ဖို့ အနာရောဂါကင်းဖို့ တရားအားထုတ်နိုင်ဖို့ စားသောက်သည်ဟု ဆင်ခြင်ရမည်သာ။

သီလဝိသုဒ္ဓိပြီးပြီ။

**အဓိပ္ပာယ်** အောက်သမထ ကမ္မဋ္ဌာန်း၌ ပြခဲ့ပြီးသော ဥပစာရ (၅၂) သမာဓိ,အပ္ပနာသမာဓိ ၂ ပါးသည် စိတ်၏စင်ကြယ်ခြင်းဖြစ်၏။ သမာဓိတည်ကြည်သောအခါ နီဝရဏ တရားအညစ်အကြေးတို့မှစင်ကြယ်သောကြောင့်စိတ်စင်ကြယ်ပြီ ဟုခေါ်ရသည်။ စိတ်ရိုးရိုးတို့သည် နီဝရဏကိလေသာ အညစ်အကြေးတို့နှင့်ရောနှော စပ်ယှက်သောကြောင့် မစင်ကြယ်ပေ။

## ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ

**စာကိုယ်** လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့်
(၅၃) နာမ်ရုပ်ကို သိမ်းဆည်းနိုင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။
(၅၄) ထိုနာမ်ရုပ်တို့၏ သာလျှင် အကြောင်းကို သိမ်းဆည်းနိုင်ခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

---

**အဓိပ္ပာယ်** နာမ်ရုပ်တို့၏ အမှတ်အသား လက္ခဏာ, အလုပ်
(၅၃) ကိစ္စ, ထင်လာသော အခြင်းအရာ, အကြောင်းရင်း ဤ ၄ ချက်ဖြင့် နာမ် ရုပ် တို့ကို ဆင်ခြင်လိုက်သော အခါ အတ္တတရားပျောက်၍ အတ္တဟူသော ဒိဋ္ဌိအညစ်အကြေး တို့မှ စင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီ၊ ဒိဋ္ဌိကို အမြစ်ဖြတ် ပယ်သည်မဟုတ် ရှိသေးသည်။ သို့ရာတွင် ဆင်ခြင်လိုက်သော အခါ အတ္တပျောက်သွားခြင်းမျှသာ ရှိသေးသည်။

(၅၄) ငါသည် ရှေးကဖြစ်ခဲ့ဖူးရဲ့လား, ဘုရားဆိုတာ ရှိမှ ရှိရဲ့လား စသော ယုံမှားမှု(ကင်္ခါ)ကို လွန်မြောက် နိုင်သော ဉာဏ်သည် နာမ်ရုပ်တို့၏ အကြောင်းတရားကို ပိုင်း ခြား၍ ယူနိုင်သောကြောင့် ကင်္ခါဝိတရဏ မည်၏။

ကင်္ခါဝိတရဏမည်သော ထိုဉာဏ်သည် အဟေတုက ဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိတည်းဟူသောအညစ်အကြေးတို့မှ စင်ကြယ် သောကြောင့် ဝိသုဒ္ဓိသည်း ဖြစ်ပေသည်၊ ထိုကြောင့် ယုံမှားမှု ကို ပယ်ဖျောက် ကျော်လွန်နိုင်သော နာမ်ရုပ်တို့၏ အကြောင်း တရားကို ပိုင်းခြား၍သိသော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်၏မှတ်။

ဝိတ္တ, ဒိဋ္ဌိ, ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိပြီး၏။

## မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ

စာကိုယ် (၅၅) ကင်္ခါဝိတရဏာဝိသုဒ္ဓိဖြစ်ပြီးသည့်နောက် ထိုဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့် ပိုင်းခြား၍ ယူအပ်ကုန်သော အကြောင်းနှင့်တကွဖြစ်ကုန်သောအတိတ်စသည်အပြားအားဖြင့် ပြားကုန်သော တေဘူမကသင်္ခါရတို့၌ ခန္ဓစသောနည်းကို အစွဲပြု၍ အပေါင်းအားဖြင့်ရုံး၍ အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ သမ္မသနဉာဏ်ဖြင့် လက္ခဏာယဉ်သုံးပါးအပေါင်းကိုသုံးသင်သော ယောဂီအားလည်းကောင်း၊

အတိတ်ကာလ စသည်အစွမ်းဖြင့်လည်းကောင်း, အစဉ်၏အစွမ်းဖြင့်လည်းကောင်း, ခဏ၏အစွမ်းဖြင့်လည်းကောင်း, သမ္မသနဉာဏ်ဖြင့် သုံးသပ်သောယောဂီအားလည်းကောင်း၊

ထိုတေဘူမကသင်္ခါရတို့၌သာလျှင် အကြောင်းအားဖြင့် လည်းကောင်း, ခဏအားဖြင့်လည်းကောင်း, ဥဒယဗ္ဗယဉာဏ်ဖြင့် အဖြစ်အပျက်ကို အဖန်ဖန်ရှုသောယောဂီအားလည်းကောင်း၊

(၁) အရောင်အလင်း၊ (၂) နှစ်သက်ခြင်း (၃) ကိုယ်စိတ်ငြိမ်းခြင်း၊ (၄) သက်ဝင်ယုံကြည်ခြင်း၊ (၅) စိတ်ကိုချီးမြှောက်ခြင်း၊ (၆) ချမ်းသာခြင်း ၊ (၇) ဝိပဿနာဉာဏ်၊ (၈) မြဲစွာတည်သောသတိ၊ (၉) ဥပေက္ခာ၊ (၁၀) နှစ်သက်တတ်သောတဏှာ ဤ၁၀ပါးသော ဝိပဿနာ၏ညစ်ညူးကြောင်းဘေးရန်ကို ပိုင်းခြား၍ ယူသည်၏အစွမ်းဖြင့် ဝိပဿနာ၏လမ်းမှန် လမ်းမမှန် လက္ခဏာကို ပိုင်းခြားသတ်မှတ်ဆုံးဖြတ်တတ်သောဉာဏ်သည် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။

---

(ဤမှစ၍ ဝိပဿနာ ကမ္မဋ္ဌာန်းဖြင့် သောတာပန် စသော အရိယာပုဂ္ဂိုလ်ဖြစ်အောင် တရားအားထုတ်ရာ စခန်း၌ အသိဉာဏ် ၁၀ ပါး ပေါ်လာပုံ ဉာဏ်စဉ်ကို ပြပေအံ့)အမှာ။

အစီပွာယ် (၅၅) ရှေးဦးစွာ သီလဝိသုဒ္ဓိ ဖြစ်ရမည်၊ သီလစင်ကြယ်အောင် စောင့်ထိန်း၍ သမာဓိ ဘာဝနာကို အားထုတ်ရမည်။ ထိုဘာဝနာသည် ဥပစာရ သမာဓိမျှ

ရောက်သည်ဖြစ်စေ, အပ္ပနာစျာန် တိုင်အောင် ပေါက်ရောက်သည် ဖြစ်စေ, စိတ္တဝိသုဒ္ဓိဖြစ်ပြီး၊ (စိတ်သည် လောဘ, ဒေါသစသော ကိလေသာတို့မှ စင်ကြယ် သန့်ရှင်းပြီးဟု ဆိုရတော့သည်။) ထိုနောက် နာမ်ရုပ်ကို ပိုင်းခြား၍ ယူနိုင်လာလျှင် ဒိဋ္ဌိဝိသုဒ္ဓိသို့ ရောက်သည်။ (အယူ စင် ကြယ် ပြီ ဟု ဆို ရ မည်။) ထိုနောက် နာမ်ရုပ်တို့၏ ဖြစ်ပေါ်ရာ အကြောင်းတရားကို ခွဲခြား၍ ယူနိုင်လျှင် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်တော့သည်။ (ယုံမှားခြင်း ၈ ပါး, ၁၆ ပါးတို့ပျောက်၍ စင်ကြယ်သန့်ရှင်းပြီးဟု ဆိုရမည်။) ထိုနောက် ကမ္မဋ္ဌာန်းခွင်သို့ ဝင်၍ ကိုယ်ကိုဖြောင့်မတ်စွာ တင်ပျဉ်ခွေထိုင်၍ အတိတ်သင်္ခါရ, အနာဂတ်သင်္ခါရ, ပစ္စုပ္ပန်သင်္ခါရစသော တေဘူမကသင်္ခါရ တရားတို့ကို (ကုန်ခန်းပျက်စီးခြင်း သဘောကြောင့်) အနိစ္စ၊ (ဘေးဟူသော ကြောက်စရာ သဘောကြောင့်) ဒုက္ခ၊ (အနှစ်အသားမရှိခြင်းကြောင့်) အနတ္တဟူ၍ ပွားများ အားထုတ်ရာ၏။

ဤသို့ အားထုတ်နည်းမှာ ခန္ဓာ ငါးပါးတို့တွင် တပါးပါးကို တပေါင်းတည်း (ကလာပနည်း) အား ဖြင့် လည်း ကောင်း ကာလ(အဒ္ဓါ) နည်းအားဖြင့်လည်းကောင်း ဖြစ်စဉ် (သန္တတိနည်း အားဖြင့်လည်းကောင်း, ဥပါဒ်, ဌီ,ဘင်(ခဏနည်း)အားဖြင့်လည်းကောင်း, ပွားများအားထုတ်ရာ၏။၊ ဤသို့ ပွားများအားထုတ်နေသောအခါ အနိစ္စ,ဒုက္ခ,အနတ္တဟု ဆင်ခြင်သုံးသပ်တတ်သောဉာဏ်သည် သမ္မသနဉာဏ်မည်၏။

ဤအခါမှ ပထမဆုံး သမ္မသနဉာဏ်ပေါ်သည်။ ရှေးဖြစ်သော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိ ၄ ပါးတို့၌ စင်ကြယ်မှု အခြေခံသာဖြစ်၏။ ဝိပဿနာဖြင့် မဆင်ခြင် မသုံးသပ်ရသေးသောကြောင့် သမ္မသနဉာဏ် မဖြစ်

ပေါ်သေး။ ဤမှနောက်ယခုပြဆဲဖြစ်သောမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစခန်းသို့ တက်လှမ်းမည့်အခါမှသာ ဖြစ်ပေါ်လေသည်။

ထိုသမ္မသနဉာဏ် ရင့်သန်ပြီးနောက် ဆက်လက် အားထုတ်သောအခါ ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်လာ၏။ (နာမ်တရားနှင့် ရုပ်တရားတို့သည် မဖြစ်မီ တနေရာ၌ စု၍ နေသည် မဟုတ်၊ အကြောင်းတရားကြောင့် ဖြတ်ကနဲဖြစ်ပေါ်လာ၏။ ချုပ်ပျက်သောအခါ၌လည်း တနေရာ၌ သွားရောက်၍၊ ကွယ်ပျောက်၍ စုပုံနေသည်မဟုတ်၊ အနိစ္စသဘောအားဖြင့် ချုပ်ပျောက်သွားခြင်းဖြစ်၏။ ဥပမာ ဆိုင်းသံ ဗုံသံတို့သည် တီးခြင်းတို့ကြောင့် အသံပေါ်လာ၍ အတီးရပ်သည်နှင့်တပြိုင်နက် အသံတိတ်သွားသကဲ့သို့ မှတ်အပ်၏။) ဤသို့ အဖြစ်နှင့်အပျက်ကိုသာသိသော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာပြီးနောက် ထိုယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ အလွန်ကြည်လင်သဖြင့် ရုပ်ကြည်လင်၏။ ထိုရုပ်၏ ကြည်လင်ခြင်းကြောင့်—

(၁) ဩဘာသခေါ် ကိုယ်ရောင်ကိုယ်ဝါ ထွက်ပေါ်လာ၏။ ထိုကိုယ်ရောင်ကိုယ်ဝါကိုပင် မဂ်ဖိုလ်ရပြီးဟု ထင်မှတ်တတ်၏။ ထိုကိုယ်ရောင်ကိုယ်ဝါကို တပ်နှစ်သက်လျက် ဝိပဿနာလမ်းလွဲတတ်သည်။ ထို့ကြောင့် ဝိပဿနာပျက်ကြောင်း ဘေးရန်ဟု ခေါ်ဆိုရ၏။

(၂) ပီတိ နှစ်သက်ခြင်း၅မျိုးလည်း ထိုက်သလိုပေါ်တတ်၏။ ထိုပီတိကိုပင် အလွန် နှစ်သက် ကျေနပ်နေက ဝိပဿနာလမ်းလွဲတတ်သည်။

(၃) ပဿဒ္ဓိ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးမှုလည်းဖြစ်တတ်၏။ ထိုပဿဒ္ဓိကိုပင် မဂ်ဟုထင်ပါက ဝိပဿနာ လမ်းလွဲ၏။

(၄) အဓိမောက္ခအာရုံ၌ သက်ဝင် ဆုံး ဖြတ် တတ် သော

သဒ္ဓါတရားလည်း ဖြစ်ပေါ် လာတတ်၏၊ ထိုသဒ္ဓါကို မဂ်ဟု ထင်နေပါက ဝိပဿနာလမ်းလွဲ၏။

(၅) ပဂ္ဂဟ- နောက်မဆုတ်ရအောင် အားပေးချီးမြှောက်တတ်, ထောက်ပံ့တတ်သော လုံ့လဝီရိယလည်း ဖြစ်ပေါ်လာတတ်၏၊ ထိုဝီရိယကို မဂ်ဟုထင်နေပါက ဝိပဿနာ လမ်းလွဲ၏။

(၆) သုခ- ယောဂီပုဂ္ဂိုလ်၏ တကိုယ်လုံး၌ မွန်မြတ်သော သုခဝေဒနာလည်း ဖြစ်ပေါ်တတ်၏၊ ထိုသုခကို မဂ်ဟုထင်နေပါက ဝိပဿနာ လမ်းလွဲ၏။

(၇) ဉာဏ-ဝရဇိန် မိုးကြိုးကဲ့သို့ အမြင်သန်သော ဝိပဿနာဉာဏ်လည်း ဖြစ်ပေါ်တတ်၏။

(၈) ဥပဋ္ဌာန-ကမ္မဋ္ဌာန်းအာရုံ၌ အလွန် တည်သော သတိတရားလည်း ဖြစ်ပေါ်တတ်၏။

(၉) ဥပေက္ခာ - ဝိပဿနုပေက္ခာ, အာဝဇ္ဇနုပေက္ခာ ၂မျိုးလည်း ဖြစ်ပေါ်တတ်၏။

(၁၀) နိကန္တိ-အထက်ပါ ဩဘာသ စသည်တို့ဖြင့် ဖြစ်ပေါ်လာသောဝိပဿနာကို အလွန်သာယာနှစ်သက်တတ်သော တဏှာ တရားသည်လည်း ဖြစ်ပေါ်လာတတ်၏။ ထိုတဏှာကို ဝိပဿနာ၌ မွေ့လျော်ခြင်းရတိဟု ထင်မှားတတ်၏၊ ဤသို့ ထင်စွာ ပေါ်လာသော ဝိပဿနာ ပျက်စီးကြောင်း အညစ်အကြေး ဘေးရန်တို့ကို မဂ်ဟုထင်မှတ်က ဝိပဿနာ လမ်းလွဲတတ်သည်။

ထို ၁၀ပါးကို သိသော ယောဂီပုဂ္ဂိုလ်မှာ တဏှာ, မာန, ဒိဋ္ဌိတို့ မဖြစ်ပေါ်ပဲ မသိသော ယောဂီမှာ တဏှာ, မာန, ဒိဋ္ဌိ တို့ ဖြစ်၍ ဝိပဿနာ၏ဘေးရန် ဖြစ်လေသည်။ ထိုဩဘာသ စသော ၁၀ ပါးတို့ကို သာယာနှစ်သက်၍နေခြင်းသည် လမ်းမှန်မဟုတ်, မဂ္ဂမဟုတ်, အမဂ္ဂတည်း၊ ထို ၁၀ ပါးကို အလေး မပြုပဲ

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

**စာကိုယ်** (၅၆) ထိုဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့် ဘေးရန်တို့မှ လွတ်ပြီးသော ယောဂီ ပုဂ္ဂိုလ်သည် လက္ခဏာယဉ် သုံးပါးသို့ တင်၍ ဝိပဿနာ ဉာဏ် အဆက်ဆက်ဖြင့် ကြိုးစားအားထုတ်သည်ရှိသော် ဥဒယဗ္ဗယဉာဏ်မှစ၍အနုလောမ ဉာဏ်တိုင်အောင် ကိုးပါးသော ဝိပဿနာဉာဏ်တို့သည် ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိမည်၏။

---

အားထုတ်မြဲဝိပဿနာသာလျှင် လမ်းမှန်လမ်းကောင်းမဂ္ဂတည်း ဟု လမ်းကောင်းလမ်းမှန်နှင့် လမ်းမမှန်ကို ပိုင်းခြားတတ်သော ဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ထိုဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။

ထိုအချိန်၌ ဉာဏ်မှာ သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်ရှေ့ ပိုင်း ရောက်ပြီဟု မှတ်ပါ၊ ဝိသုဒ္ဓိကား ၅ ပါး ပြည့်စုံပေပြီ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

**အဓိပ္ပာယ်** (၅၆) ထိုမဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိဖြင့် ဝိပဿနာ၏ ဘေးရန် ၁၀ပါးမှ လွတ်ပြီးသော ယောဂီသည် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာယဉ် သုံးပါးသို့ တင်၍ တေဘူမကသင်္ခါရ တို့ကို ဥဒယဗ္ဗယဉာဏ် ဖြင့် လည်း ကောင်း၊ ထိုနောက် ဘင်ဉာဏ်၊ ထိုနောက် ဘယဉာဏ်၊ ထို နောက် အာဒီနဝဉာဏ်၊ ထိုနောက် နိဗ္ဗိဒါဉာဏ်၊ ထိုနောက် မုစ္စိတုကမျတာဉာဏ်၊ ထိုနောက် ပဋိသင်္ခါဉာဏ်၊ ထိုနောက် သင်္ခါရုပေက္ခာဉာဏ်၊ ထိုနောက် အနုလောမဉာဏ် ဖြင့်လည်း ကောင်း၊ ဤသို့ ဝိပဿနာဉာဏ် အဆက်ဆက်အားဖြင့် သုံးသပ် ဆင်ခြင်လျက် အားထုတ်ကြိုးကုပ်သည်ရှိသော် ထိုဉာဏ်ကိုးပါး အဆုံးသတ်သည်ရှိသော် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်၏။

ဘင်္ဂဉာဏ်-နာမ်ရုပ် တို့၏ အဖြစ်နှင့်အပျက် ၂ ပါးလုံးကို ထင်ရှားအောင်ရှု၍ အလွန် ထင်ရှားသည့်အခါ အဖြစ်အပျက်တို့က အလွန်မြန်ရကား အဖြစ်ကိုစိတ်မရောက်တော့ပဲ အပျက်တခုကိုသာ မြင်လျက်နေတော့၏။ ထိုသို့ မြင်သော ဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

ဘယဉာဏ်-နာမ်ရုပ်တို့၏ အပျက်ကို ဘင်္ဂဉာဏ်ဖြင့် မြင်နေသောသူသည် ဤနာမ်ရုပ်တို့ကို အလွန် ကြောက်လာလေသည်၊ ချမ်းသာလို၍ ဘေးကိုကြောက်တတ်သောသူသည် တစ္ဆေသရဲ တိရစ္ဆာန်ပေါသော တောကြီးမျက်မည်းမြင်လျှင် ကြောက်စရာ မှတ်ထင်သကဲ့သို့ နာမ်ရုပ်တရားတို့၏ အပျက်ကိုသာ မြင်သူသည် ကြောက်စရာတွေပဲဟု အသိဉာဏ် ဖြစ်ပေါ်လာသည်။ ထိုဉာဏ်သည် ဘယဉာဏ်မည်၏။

အာဒီနဝဉာဏ်- နာမ်ရုပ်တို့ကို ကြောက်စရာဟု ဘယဉာဏ် ဖြစ်ပေါ်လာသောအခါ အပြစ်ကင်းသည်မထင်တော့ပဲ အပြစ်မြင်လာသည်။ ထိုအပြစ် မြင်လာသောဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

နိဗ္ဗိဒါဉာဏ်-နာမ်ရုပ်တို့ကိုအပြစ်မြင်လာသောအခါ မပျော်ရွှင်တော့ပဲ ငြီးငွေ့လာ၏။ ထို ငြီးငွေ့လာသော ဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။

မုစ္စိတုကမျတာဉာဏ်- နာမ်ရုပ်တို့ကို ငြီးငွေ့လာသောအခါ ထိုနာမ်ရုပ်သင်္ခါရတို့မှ လွတ်မြောက်လိုသောဉာဏ် ပေါ်လာ၏။ ထိုဉာဏ်သည် မုစ္စိတုကမျတာဉာဏ်မည်၏။

ပဋိသင်္ခါဉာဏ်-ထိုသို့သင်္ခါရတို့မှလွတ်လိုသောအခါ သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟု ထပ်မံ၍ရှုလေသည်။ ထိုသို့ နောက်ထပ်တဖန်ရှုသောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

စာကိုယ် (၅၇) ဤသို့ ဝိပဿနာဉာဏ် အစဉ်အားဖြင့်အားထုတ်ကျင့်ကြံသောထိုယောဂီပုဂ္ဂိုလ်အား ဝိပဿနာ၏ရင့်ကျက်ခြင်းကို အစွဲပြု၍'ယခုပင်မဂ်ဖိုလ်ပေါ်တော့မည်'ဟုဆိုသင့်ရာခဏ၌ ဖြစ်ပေါ်နေသောဘဝင်စိတ်သည် ပြတ်၍ မနောဒွါရာ ဝဇ္ဇန်းစိတ်ဖြစ်၏။ ထိုနောက် ဥပစာ,အနုလုံ နှစ်ကြိမ်၊ပရိကံ,ဥပစာ, အနုလုံ ဟု သုံးကြိမ် ဝိပဿနာစိတ်တို့သည် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ပေါ်ကုန်၏။

---

သင်္ခါရုပေက္ခာဉာဏ်—ထိုရုပ်နာမ်သင်္ခါရတို့ကို ပဋိသင်္ခါဉာဏ်ဖြင့် ရှုဆင်ခြင်ပြီးသောအခါ သင်္ခါရတို့ကို မရှုတော့ပဲလျစ်လျူပြုသော ဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

အနုလောမဉာဏ်- ထို သင်္ခါရုပေက္ခာဉာဏ် နောက်သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟု ဆင်ခြင်လျက်ပင် အထက်သို့တဆင့်တက်လျှင် မဂ်ဖိုလ်ပေါ်တော့မည်ဖြစ်၍မဂ်ခဏ၌ ရလတ္တံ့သော ဗောဓိပက္ခိယတရားအား လည်းကောင်း,ဥဒယဗ္ဗ စသောအောက်ဉာဏ် ၈ ပါးအားလည်းကောင်း, လျော်သော မဂ္ဂဝီထိ၌ပါသော ပရိကံ, ဥပစာ, အနုလုံခေါ်သော ဉာဏ်သည် အနုလောမဉာဏ်မည်၏၊(နောက်၌ မဂ္ဂဝီထိစိတ်အစဉ်ကို ပြလတ္တံ့)။ ဤကား ဉာဏ်ဆယ်ပါးဖြစ်ပုံ အကျဉ်းတည်း။

**အဓိပ္ပာယ်** (၅၇) ဤအထက်ပါ စကားရပ်တို့ဖြင့် မဂ္ဂဝီထိကျသော စိတ်အစဉ်ကိုပြသည်။ အောက်ဝီထိပိုင်း၌လာသော မဂ္ဂဝီထိ စိတ်အစဉ်အတိုင်း ဘဝင်,ဘဝင်,မနောဒွါရာဝဇ္ဇန်း, ပရိကံ,ဥပစာ,အနုလုံဟု မဂ္ဂဝီထိ၏ရှေ့ပိုင်းစိတ်အစဉ်ကို ပြသည်ဟုမှတ်။

**ဓာတိယသကြိမ်**

စာကိုယ် (အထွတ်အထိပ်သို့ရောက်သော အနုလောမ ဉာဏ်နှင့်
(၅၈) တကွဖြစ်သော သင်္ခါရုပေက္ခာ ဉာဏ်ကို 'ဝုဋ္ဌာနဂါမိနီ ဝိပဿနာ'ဟူ၍ ခေါ်ဆိုအပ်၏။) (စကားချပ်)

(၅၉) ထို အနုလုံနောက် ဂေါတြဘူစိတ်သည်နိဗ္ဗာန်အာရုံပြု၍ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးလျက် အရိယာအနွယ်သို့ ရောက်စေလျက် ဖြစ်ပေါ်လာ၏။

(၆၀-၆၁)ထိုဂေါတြဘူစိတ်၏အခြားမဲ့၌သာလျှင် ဒုက္ခသစ္စာကိုပိုင်းခြားသိလျက် သမုဒယသစ္စာကို ပယ်စွန့်လျက် နိရောဓသစ္စာကိုမျက်မှောက်ပြုလျက် မဂ္ဂသစ္စာကို ပွားများသဖြင့်အပ္ပနာဝီထိသို့ သက်ရောက်၏၊ (ဂါ)မဂ်စိတ်တကြိမ်ဖြစ်၏၊ ထိုနောက် ၂ ကြိမ် ၃ ကြိမ်သော ဖိုလ်စိတ်တို့သည်ဖြစ်၍ ဘဝင်စိတ်ကျလေသည်။
(သောတာပန် ဖြစ်သွားပြီ)။

---

ဒေါ်မိပွာယ် ၅၈ နံပါတ်စာကိုယ်မှာ 'ဝုဋ္ဌာနဂါမိနီ' ဟူသော
(၅၈-၆၀) ဝိပဿနာ၏ အဓိပ္ပာယ်ကို ပြဆိုပေသည်။

ဘုရားဟော ကျမ်းဂန်တို့၌ 'ဝုဋ္ဌာနဂါမိနီဝိပဿနာ' ဟု ဟောထားသော အရာတို့၌ သိလွယ်စေရန် စကားချပ်၍ ပြခြင်းဖြစ်သည်။

(၅၉) မဂ္ဂဝီထိ၏ရှေ့ပိုင်းဖြစ်သော ဘဝင်,ဘဝင်, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ အနုလုံ ကျပြီးနောက် နိဗ္ဗာန်ကိုအာရုံပြုသော ဂေါတြဘူစိတ် ဖြစ်ပေါ်လာ၏။ ၎င်းဂေါတြဘူစိတ်သည် ပုထုဇဉ်အနွယ် ပုထုဇဉ်ဇာတ်ကို ဖြတ်တတ်သောကြောင့်လည်းကောင်း, အရိယာအနွယ် အရိယာဇာတ်သို့ ရောက်တတ်သောကြောင့်လည်းကောင်း ဂေါတြဘူမည်၏။

(၆၀--၆၁) ထို ဂေါတြဘူစိတ် အခြားမဲ့၌ ကိစ္စလေးချက်ကို တပြိုင်နက်ပြီးစေတတ်သောမဂ်စိတ်တကြိမ် ဖြစ်၏။ ထိုနောက် ဖိုလ်စိတ်သည် မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် ၂ ကြိမ်, တိက္ခ

စာကိုယ် ထို မဂ္ဂဝီထိ ကျပြီးနောက် ဘဝင်ခြား၏။ ထိုဘဝင် ပြတ်
(၆၂) သောအခါ ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ကုန်၏။
(၆၃) လောကုတ္တရာပညာရှိသည် မဂ်ကိုလည်းကောင်း, ဖိုလ်ကို လည်းကောင်း,နိဗ္ဗာန်ကိုလည်းကောင်း ကေန်ဆင်ခြင်၏။
ပယ်ပြီးကိလေသာနှင့် ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်သည် လည်း ရှိ၏၊ မဆင်ခြင်သည်လည်း ရှိ၏။

---

ပုဂ္ဂိုလ်ဖြစ်လျှင် ၃ ကြိမ်ဖြစ်၏။ ထိုနောက် ဘဝင်ကျလေသည်။ ဤစကားရပ် တို့ဖြင့် မဂ္ဂဝီထိ ကျပုံကို ပြသည်။ မဂ္ဂဝီထိမှာ အောက်ပါအတိုင်းဖြစ်၏။

ဘဝင်၊ဘဝင်န၊ဒ၊မ၊ မနော၊ ပ၊ ဥ၊ အနု၊ဂေါ၊မဂ်၊ ဖိုလ်၊ ဘဝင်, ၎င်း ဝီထိ၏အဆုံး၌ အရိယာတို့၏ နယ်ပယ်သို့ ဦးစွာ ရောက်သော သောတာပန် ဖြစ်သွားလေပြီ၊မဂ်စိတ်၏သတ္တိသည် ကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေနိုင်သည် ဆိုသည်မှာ ဆီမီး သည် မီးစာကိုလောင်၍ အမှောင်ကိုပယ်လျက် အလင်းကို ဖြစ် စေသဖြင့် ဆီကိုခန်းစေသကဲ့သို့၊ထို့အတူ မဂ်စိတ်သည် ဒုက္ခကို ဒုက္ခဟုပိုင်းခြားသိ၍ သမုဒယလောဘကို ပယ်လျက် နိရောဓ နိဗ္ဗာန်ကိုမျက်မှောက်ပြုကာ မဂ္ဂင်ရှစ်ပါးကို ဖြစ်ပွားစေသည်၊ ဤသို့ ကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေသည်။
အစိပ္ပာယ် ထို မဂ္ဂဝီထိကျ၍ သောတာပန် ဖြစ်ပြီးနောက် မိမိ
(၆၂–၆၃)ရသောမဂ်နှင့် ဖိုလ်ကိုလည်းကောင်း, ၎င်း မဂ်ဖိုလ် တို့၏ အာရုံဖြစ်သောနိဗ္ဗာန်ကိုလည်းကောင်း ပြန်၍ ဆင်ခြင်ရသည်၊ထိုသို့ပြန်၍ဆင်ခြင်သည်ကို ပစ္စဝေက္ခဏာ ဝီထိ ကျသည်ဟု ဆိုသည်။ ပယ်ပြီး ကိလေသာကို လည်းကောင်း, မပယ်ရသေးသော ကျန်နေသော ကိလေသာကို လည်းကောင်း ဆင်ခြင်လိုက ဆင်ခြင်၍ မဆင်ခြင်လိုက မဆင်ခြင်ပဲလည်း နေ ကြသည်။ အောက်ဝီထိပိုင်း၌ ပြခဲ့ပြီးသော ပစ္စဝေက္ခဏာ ဝီထိ

# ဉာဏဒဿန ဝိသုဒ္ဓိ

**စာကိုယ်** ဤသို့ ၆ ပါးသောဝိသုဒ္ဓိတို့၏အစဉ်ဖြင့်ပွါးများအပ်သော
(၆၄) လေးပါးသောမဂ်ကို'ဉာဏဒဿနဝိသုဒ္ဓိ'ဟူ၍ဆိုအပ်၏။
ဤကား ဝိသုဒ္ဓိခုနစ်ပါး အပြီးတည်း။

---

၁၉ ဟူသည် ဤအရာဌာန၏ ပစ္စဝေက္ခဏာဉာဏ်များ ကျရောက်ဖြစ်ပေါ်ခြင်းကိုပင် ပြဆိုထားခြင်းဖြစ်ပေသည်။ဝီထိကို လိုက အောက်ဝီထိပိုင်းမှာ ကြည့်ရှုကြပါကုန်။

**အဓိပ္ပာယ်** ပြခဲ့ပြီးသော သီလဝိသုဒ္ဓိ စသော ၆ ပါးသော
(၆၄) ဝိသုဒ္ဓိတို့ဖြင့် အစဉ်အတိုင်း အဆင့်ဆင့်တက်လာ၍ ရအပ်သော ဖြစ်ပေါ်လာ သောမဂ်လေး ပါး ကို ဉာဏဒဿနဝိသုဒ္ဓိဟု ဆိုသည်။ ထိုကြောင့် ၎င်းဉာဏဒဿန ဝိသုဒ္ဓိသည် လောကုတ္တရာဝိသုဒ္ဓိဖြစ်၏။ ကျန်ဝိသုဒ္ဓိ ခြောက်ပါးသည် လောကီဝိသုဒ္ဓိဖြစ်၏။ တနည်းအားဖြင့် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ ၂ ပါးသည် အခြေခံဝိသုဒ္ဓိဖြစ်၏။ အလယ် ၄ ပါးသည် အထည်ကိုယ် ဝိသုဒ္ဓိဖြစ်၏။ အထက်ဆုံး ဉာဏဒဿန ဝိသုဒ္ဓိသည် အထွတ်ဝိသုဒ္ဓိ ဖြစ်၏။

ဝိသုဒ္ဓိ ၇ ပါးနှင့် ဉာဏ် ၁၀ ပါး တိုက်ဆိုင်ပုံမှာ သီလဝိသုဒ္ဓိ, စိတ္တ, ဒိဋ္ဌိ, ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းတို့၌ သမ္မသနဉာဏ်ပင် မဖြစ်ပေါ်သေး။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသို့ တက်လှမ်းသော အခါမှသာ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ပေါ်သည်။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစခန်း၌ ဥဒယဗ္ဗယဉာဏ် စသော နောက်ဉာဏ် ၉ ပါးတို့သည် ပေါ်လာကုန်၏။ ဉာဏဒဿနဝိသုဒ္ဓိကား လောကုတ္တရာသို့ ကူးသွားပြီ ဖြစ်၍ ဝိသနာရှုရန် ဉာဏ်မလိုတော့ပြီ၊ လောကုတ္တရာမဂ်ဉာဏ်များသာ ပေါ်လာတော့သည်။

ဝိသုဒ္ဓိ ၇ ပါး ပြီးပြီ။

## ဝိမောက္ခဘေဒ

**စာကိုယ် (၆၅)** ထိုဝိပဿနာ ရှုခန်း၌ အနတ္တဟု အဖန်ဖန် ရှုသော အနတ္တာနုပဿနာသည်အတ္တအစွဲအလမ်းကိုလွှတ်၍ရှုနိုင်သောကြောင့် သုညတာနုပဿနာမည်သောဝိမောက္ခမုခ မည်၏။

---

**အဓိပ္ပာယ် (၆၅)** ဤဝိမောက္ခဘေဒ အခန်းမှစ၍ ရှေ့အဖို့၌ လုပ်ငန်းစဉ်.. သိစရာမရှိတော့၊ အောက်အခန်းများမှ ပြီးခဲ့ပြီ။ သို့ရာတွင် ဝိပဿနာရှုရာ၌အခြင်းအရာ အမျိုးမျိုးဖြစ်ပေါ်လာသောအခါထိုအခြင်းအရာတို့ကိုသရုပ်ခွဲ၍ ကာ နာမည်ပေးလျက် အမွှန်းတင်၍ပြဆိုထားခြင်းသာဖြစ်သည်။

ဤဝိမောက္ခမုခဟူရာ၌ ဝိမောက္ခဆိုသည်မှာ ဆန့်ကျင်ဘက် ကိလေသာတို့မှ လွတ်တတ်သောမဂ်နှင့်လွတ်ပြီး ဖိုလ်တရားကို ခေါ်သည်။ မုခဟူသည် အဝင်ဝကိုဆိုသည်၊ ထိုကြောင့် မဂ် ရအောင် ဝိပဿနာအားထုတ်ရာ သင်္ခါရတရားတို့ကို အနတ္တဟု ရှုသဖြင့် မဂ်ပေါက် ဖိုလ်ဝင် ဖြစ်သွားပါအံ့၊ ထို ပုဂ္ဂိုလ်၏ ဝိပဿနာသည် သုညတာနုပဿနာဝိမောက္ခမုခ နာမည်ရ၏၊ (ဝါ)အတ္တမှကင်းဆိတ်လျက် သုည ဟု ထင်အောင် ရှုသော ဝိပဿနာသည် မဂ်ဖိုလ်ပေါက်ရောက်ရာ အဝင်ဝမည်လေသည်။

ထင်ရှားအောင်ပြဦးမည်၊ ဝိပဿနာကို အားထုတ်သော ယောဂီသည် သင်္ခါရတရားတို့ကို အနတ္တ ဟုရှုသော သုညတာ နုပနာဖြင့် ရှုဆင်ခြင်သောအခါ အတ္တကင်းပျောက်၍ ဘာမျှမရှိ သုညချည်းသာဖြစ်၏ဟုထင်မြင်လျက် ဝိမောက္ခမည်သောမဂ်သို့ လည်းကောင်း, ဖိုလ်သို့လည်းကောင်း ပေါက်ရောက်လေ၏။ ထိုပုဂ္ဂိုလ်၏ ဝိမောက္ခမုခသည် သုညတာနုပဿနာဝိမောက္ခမုခ

ဓာကိုယ် အနိစ္စ ဟု အဖန်ဖန်ရှုသော အနိစ္စာ နုပဿနာသည်
(၆၆) ဖောက်ပြန်စွာ ထင်မှတ်ခြင်း၊ (ဝိပလ္လာသ)အကြောင်း နိမိတ်ကို လွှတ်၍ရှုနိုင်သောကြောင့် အနိမိတ္တာနုပဿနာ
မည်သော ဝိမောက္ခမုခမည်၏။

(၆၇) ဒုက္ခ ဟု အဖန်ဖန် ရှုတတ်သော ဒုက္ခာနုပဿနာသည် တောင့်တတတ်သောတဏှာကိုလွှတ်၍ရှုနိုင်သောကြောင့်
အပ္ပဏိဟိတာနုပဿနာမည်သော ဝိမောက္ခမုခမည်၏။

---

မည်လေ၏။ ဤသို့ ဆင်ခြင်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို
နာမည်ပေးရလေသည်။

**အဓိပ္ပာယ်** ရှေ့နည်းတူယောဂီပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို
(၆၆) အနိစ္စဟုရှုသော အနိမိတ္တာနုပဿနာဖြင့် ရှုဆင်ခြင်သောအခါ ဖောက်ပြန်စွာ ထင်မှတ်စွဲလမ်းသော
ဝိပလ္လာသနိမိတ်ကင်းပျောက်၍ **ပုံသဏ္ဌာန်** မရှိ မမြဲသော သဘောသာဖြစ်၏ဟုထင်မြင်လျက် ဝိမောက္ခမည်သောမဂ်ဖိုလ်သို့ ပေါက်ရောက်လေ၏။ ထိုပုဂ္ဂိုလ်၏ဝိမောက္ခမုခသည် အနိမိတ္တာနုပဿနာဝိမောက္ခမုခမည်လေ၏။

**အဓိပ္ပာယ်** ယောဂီပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို ဒုက္ခဟု
(၆၇) ရှုသော အပ္ပဏိဟိတာနုပဿနာဖြင့် ရှုဆင်ခြင်သောအခါ တောင့်တတတ်သောတဏှာ ကင်းပျောက်၍
သုခမရှိ ဒုက္ခအတိသာ ဖြစ်ချေ၏ဟု ထင်မြင်လျက် ဝိမောက္ခမည်သောမဂ်ဖိုလ်သို့ပေါက်ရောက်လေ၏။ ထိုပုဂ္ဂိုလ်၏ဝိမောက္ခမုခသည် အပ္ပဏိဟိတာနုပဿနာဝိမောက္ခမုခ မည်လေ၏။

**စာကိုယ်** ထိုကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနတ္တအားဖြင့်

(၆၈) အကယ်၍ရှုအံ့၊ ဤသို့ရှုသည်ရှိသော် မဂ်သည် သုညတ ဝိမောက္ခမည်၏။

(၆၉) ဝုဋ္ဌာနဂါမိနီဝိပဿနာသည်အနိစ္စအားဖြင့်အကယ်၍ရှုအံ့၊ ဤသို့ရှုသည်ရှိသော် မဂ်သည် အနိမိတ္တ ဝိမောက္ခမည်၏။

(၇၀) ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဒုက္ခအားဖြင့်အကယ်၍ရှုအံ့၊ ဤသို့ရှုသည်ရှိသော်မဂ်သည်အပ္ပဏိဟိတဝိမောက္ခမည်၏။

ဤသို့လည်းမဂ်သည်မဂ်၏ဖြစ်ပေါ်လာကြောင်းဖြစ်သောဝိပဿနာနှင့် စပ်သဖြင့် နာမည်သုံးမျိုးတို့ကိုရ၏။ ထို့အတူဖိုလ်သည်လည်းမဂ္ဂဝီထိ၌၊ (ဝါ) မဂ်ပေါ်သော စိတ်အစဉ်၌ ဖိုလ်စိတ်ဖြစ်ပေါ်လာကြောင်းဖြစ်သောမဂ်နှင့်စပ်သဖြင့် နာမည်သုံးမျိုးတို့ကိုရ၏။

(၇၁) ထိုပြင် ဖလသမာပတ္တိဝီထိ၌ကား ဆိုခဲ့ပြီးသော နည်းအတိုင်း ဝိပဿနာရှုသော ယောဂီတို့၏ဖိုလ်သည်(သောတာပတ္တိမဂ်၏ဥစ္စာသည် သောတာပတ္တိဖိုလ်ဖြစ်၍ မဂ်နောက်သို့လိုက်သဖြင့် နာမည်ရသင့်သော်လည်းမရပဲ) ဖိုလ်စိတ်ဖြစ်ပေါ်လာကြောင်းဝိပဿနာနှင့်စပ်၍သာ လျှင်သုညတဝိမောက္ခစသောနာမည်ရသည်ဟု ဆိုအပ်၏။

---

(အဓိပ္ပာယ် ၆၈-၇၀-လွယ်၏။)

**အဓိပ္ပာယ်** မဂ္ဂဝီထိ(မဂ်စိတ်အစဉ်) တွင်ပါသော ဖိုလ်များ၏

(၇၁) သုညတ, အနိမိတ္တ,အပ္ပဏိဟိတ နာမည်များသည် မိမိရှေ့က မဂ်စိတ်၏ နာမည်အတိုင်း ဖြစ်၍ ဖလသမာပတ္တိဝီထိ၌ကား မဂ်စိတ်မပါ၍ အဘယ်သို့ နာမည် ဖြစ်မည်နည်း မေးဖွယ်ရှိ၍ ဤ ၇၁ နံပါတ် စကားကို ဆိုသည်။ မဂ္ဂဝီထိ၌ မဂ်၏ဥစ္စာဖြစ်၍ မဂ်က ပေးသောနာမည်၊ မဂ်၏ နာမည်အတိုင်း ဖြစ်သော်လည်း ဖလသမာပတ္တိ ဝီထိ၌ကား မဂ်မပါသဖြင့် ရှေ့ကနှလုံးသွင်းအားထုတ်ရသော ဝိပဿနာ၏

**စာကိုယ်** ထိုပြင် တနည်းအားဖြင့် နိဗ္ဗာန်အာရုံနှင့် စပ်သဖြင့်
**၇၂** လည်းကောင်း၊ မိမိတို့၏ သဘောနှင့် စပ်သဖြင့် လည်းကောင်း၊ သုညတ, အနိမိတ္တ, အပ္ပဏိဟိတနာမည် သုံးပါးအပေါင်းသည် မဂ္ဂဝီထိ, ဖလဝီထိအားလုံးတို့၌ သန္တန်လည်း တူတူမျှသည်သာလျှင်တည်း။

---

နာမည်အတိုင်း ဖိုလ်စိတ်တို့သည် သုညတ, အနိမိတ္တ, အပ္ပဏိဟိတ အမည်ရလေသည်။ ဆိုလိုရင်းမှာ ဖိုလ်စိတ်သည် မဂ်၏အကျိုးတရားရင်းပင်ဖြစ်သော်လည်း မဂ်နောက်လိုက်၍ အမည်မရပဲ ဝိပဿနာနောက်လိုက်၍ အမည်ပေးရလေသည်မှတ်။

**အဓိပ္ပာယ်** ထိုပြင် တနည်းအားဖြင့် နာမည်ရပုံမှာ မဂ် ဖိုလ်
**(၇၂)** တို့၏ အာရုံသည် နိဗ္ဗာန်ဖြစ်၏။ ထိုနိဗ္ဗာန်၏ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ နာမည်အတိုင်း အာရမ္မဏိက မဂ်ဖိုလ်တို့သည်လည်း နာမည်သုံးမျိုးကို တပြိုင်နက်ရကြကုန်၏။

မဂ် ဖိုလ် တရားတို့သည် ကိလေသာတို့မှ လည်းကောင်း၊ အတ္တမှလည်းကောင်း ကင်းဆိတ်သော "သုညတ" သဘော ပုံဟန်သဏ္ဌာန်မရှိသော "အနိမိတ္တ" သဘော တောင့်တတတ်သောတဏှာ မရှိသော "အပ္ပဏိဟိတ" သဘော ဤသို့ပင်ကို သဘောအားဖြင့်လည်းနာမည်သုံးမျိုးကိုတပြိုင်နက်ရကြကုန်၏။

ဝိမောက္ခကထာ ပြီး၏။

## ပုဂ္ဂလဘေဒ

ဇာကိုယ် မဂ်လေးပါးတို့တွင်—

(၇၃) သောတာပတ္တိမဂ်ကိုဖြစ်စေ (ပွားများ) သည်ရှိသော်ဒိဋ္ဌိ, ဝိစိကိစ္ဆာကိုပယ်ခြင်းဖြင့် အပါယ်လားကြောင်းတရားကို ပယ်ပြီးသည်ဖြစ်၍ သတ္တက္ခတ္တုပရမသောတာပန် ဖြစ်၏။

အဓိပ္ပာယ် သောတာပတ္တိမဂ်ကိုရလျှင် ကိလေသာ ၁၀ ပါး

(၇၃) အနက် သက္ကာယဒိဋ္ဌိ (အတ္တဒိဋ္ဌိ)နှင့် ဝိစိကိစ္ဆာကို အကြွင်းမရှိပယ်၍ အပါယ်လေးပါးသို့ ကျရောက်နိုင်စွမ်းရှိသော ကျန်ကိလေသာတို့ကို ပတ်သတ်လေသည်။ မဂ်ရပြီးနောက် ဖိုလ်သို့ရောက်သောသူကို သောတာပန္န-သောတာပန်ဟု ခေါ်၏။ ၎င်းသောတာပန်သည်—

(၁) ကောလံကောလသောတာပန်

(၂) ကောလံကောလသောတာပန်

(၃) သတ္တက္ခတ္တုပရမသောတာပန် ဟူ၍ သုံးမျိုး ရှိသည်။ ထိုတွင်—

ကာမဘုံ၌ တကြိမ်သာ ပဋိသန္ဓေနေ၍ ရဟန္တာ ဖြစ်မည့်သူသည် ဧကဗီဇီသောတာပန် မည်၏။

ကာမဘုံ၌ အမျိုးတခုမှ အမျိုးတခုသို့ ၂ ဘဝမှ ၆ ဘဝတိုင်အောင် ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်မည့်သူသည် ကောလံကောလသောတာပန်မည်၏။

ကာမဘုံ၌ ၇ ဘဝ ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်မည့်သူသည် သတ္တက္ခတ္တုပရမသောတာပန်မည်၏။ ဗြဟ္မာဘုံတို့ကား ၇-ကြိမ်ထက်ပို၍ ဖြစ်နိုင်သေး၏။

## တတိယအကြိမ်

**စာကိုယ်** (၇၄) သကဒါဂါမိမဂ်ကိုဖြစ်စေ (ပွားများ) သည့်ရှိသော် ရာဂ, ဒေါသ, မောဟတို့ကို နည်းပါးအောင် ပြုတတ်သည်ဖြစ်၍ သကဒါဂါမိဖြစ်၏။ (တကြိမ်သာလျှင် ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် လာရောက်၍ဖြစ်တတ်သောကြောင့် သကဒါဂါမိ မည်၏။)

**စာကိုယ်** (၇၅) အနာဂါမိမဂ်ကို ဖြစ်စေသည့်ရှိသော် ကာမရာဂ ဗျာပါဒ တို့ကို အကြွင်းမရှိပယ်သဖြင့် ဤကာမဘုံသို့ ပဋိသန္ဓေမနေ လာခြင်းကြောင့် အနာဂါမိမည်၏။

(၇၆) အရဟတ္တမဂ်ကို ဖြစ်စေသည့်ရှိသော် ကိလေသာတို့ကို အကြွင်းမရှိ ပယ်ခြင်းကြောင့် အာသဝေါ ကုန်ခန်း၍ လောက၌ မြတ်သောအလှူခံ ပုဂ္ဂိုလ်ဖြစ်သော ရဟန္တာမည်၏။

---

**အဓိပ္ပာယ်** (၇၄) သကဒါဂါမိမဂ်ကိုရလျှင် ရာဂ* ဒေါသ* မောဟ တရားတို့ကို ခေါင်းပါးအောင်သာ ပြုတတ်သည်။ အကြွင်းမဲ့မပယ်ပေ။ ထိုနောက် သကဒါဂါမိ ဖြစ် လေသည်။ ၎င်းသကဒါဂါမိပုဂ္ဂိုလ်သည် ဤကာမဘုံ၌ တကြိမ် သာ ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်လေသည်။

**အဓိပ္ပာယ်** (၇၅) အနာဂါမိမဂ်ကိုရလျှင် ကာမဂုဏ်တို့၌ လိုလား တပ်နှစ်သက်သော တဏှာရာဂနှင့် ဒေါသဗျာပါဒ တို့ကို အကြွင်းမရှိ ပယ်သတ်လေသည်။ ထို့ကြောင့် ဤကာမဘုံ၌ ပဋိသန္ဓေမနေတော့ပေ။ အထက် ရူပ အရူပဘုံတို့ ၌ကား တဏှာရာဂကို မပယ်သေးသောကြောင့် ပဋိသန္ဓေ နေရ သေး၏။

**အဓိပ္ပာယ်** (၇၆) အရဟတ္တမဂ်ကိုရလျှင် အောက်မဂ်များက မပယ် နိုင်၍ ကြွင်းကျန်နေသေးသော ကိလေသာအားလုံး ကို အကြွင်းမရှိ ပယ်သတ်လေသည်။ ကိလေသာ ၁၀ ပါးတွင်မပယ်ရသေးကြွင်းကျန်သောကိလေသာများမှာ—

## သမာပတ္တိဘေဒ

**စာကိုယ်** (၇၇) အထက်၌ ပြခဲ့ပြီးသော ပုဂ္ဂလဘေဒ၌ ဖလသမာပတ္တိဝီထိတို့သည်၊ (ဝါ) ဖလသမာပတ်ဝင်စားခြင်းတို့သည် အားလုံးသော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့နှင့်လည်း မိမိဥစ္စာဖြစ်သော ဖိုလ်၏အစွမ်းဖြင့် ဆက်ဆံကုန်သည်သာတည်း။

(၇၈) နိရောဓသမာပတ် ဝင်စားခြင်းကိုကား အနာဂါမ်ရဟန္တာ ပုဂ္ဂိုလ်တို့၏သန္တာန်၌သာ ရအပ်၏။

---

(၁) ရူပရာဂ, အရူပရာဂ ဟူသော လောဘစိတ်တပိုင်း၊ (၂) ဒိဋ္ဌိဝိပ္ပယုတ်စိတ် နှင့် ဥဒ္ဓစ္စစိတ်၌ယှဉ်သော မောဟစိတ်တပိုင်း၊ (၃) မာန၊ (၄) ထိန၊ (၅) ဥဒ္ဓစ္စ၊ (၆) အဟိရိက၊ (၇) အနောတ္တပ္ပတို့ဖြစ်သည်။ ထိုသို့ကိလေသာအညစ်အကြေးတို့မှအားလုံးစင်ကြယ်သန့်ရှင်းသောကြောင့်လောက၌မြတ်သော အလှူခံ (အဂ္ဂဒက္ခိဏေယျ) ပုဂ္ဂိုလ်ဖြစ်၍ ရဟန္တာ ဟု ခေါ်ရလေသည်။

ပုဂ္ဂလဘေဒ ပြီး၏။

**အဓိပ္ပာယ်** (၇၇) မဂ်ရပြီးနောက် ထိုမဂ်၏ အကျိုးဖြစ်သော ဖိုလ်ဖြစ်၍ ထိုဖိုလ်ကို ပြန်၍ဝင်စားခြင်း ကို "ဖလသမာပတ်" ဟု ခေါ်သည်၊ ထိုဖလသမာပတ်ကို ဝင်စားသည့်အခါ မည်သည့်အရိယာပုဂ္ဂိုလ်မဆို မိမိဆိုင်ရာဖိုလ်နှင့် ဆက်ဆံသည်။ မိမိဖိုလ်ကိုသာ ဝင်စားနိုင်သည်။ ဆိုလိုရင်းမှာ— သောတာပန်သည် သောတာပတ္တိဖိုလ်ကိုဝင်စားနိုင်သည်၊ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်ကို၊ အနာဂါမ်သည် အနာဂါမိဖိုလ်ကို၊ ရဟန္တာသည် အရဟတ္တဖိုလ်ကို ဝင်စားနိုင်၏။ ထိုကြောင့် သမာပတ်သည် အရိယာအားလုံးနှင့် သက်ဆိုင်၏၊ ဆက်ဆံ၏။

**အဓိပ္ပာယ်** (၇၈) နိရောဓသမာပတ်သည်ကား အရိယာအားလုံးနှင့် မဆိုင်၊ အနာဂါမ်, ရဟန္တာ ၂ ယောက်သာဆိုင်၏၊

**စာကိုယ်** ထိုနိရောဓသမာပတ် ဝင်စားရာ၌ (သိဖွယ်ကား) အစဉ်
(၇၉) အတိုင်း ပထမဈာန်စသော မဟဂ္ဂုတ်သမာပတ်ကို ဝင်စား၍ ထိုသမာပတ်မှ ထပြီးလျှင် ထိုသမာပတ်၌ ဖြစ်ကုန်သော သင်္ခါရတရားတို့ကို ထိုထိုသမာပတ်မှထပြီးသောခဏ၌ပင်လျှင် ဝိပဿနာရှုလျက် အာကိဉ္စညာယတနတိုင်အောင်စိတ်အစဉ်အားဖြင့် သွား၍ ထိုနောက် အဓိဋ္ဌာန်ခြင်းစသော ပုဗ္ဗကိစ္စလေးပါးကိုပြု၍နေဝသညာနာသညာယတနဈာန်ကို ဝင်စားသ ။

(၈၀) ထိုနေဝသညာနာသညာယတနဈာန်၏နှစ်ပါးစဉ်ပြတ်၏။ ထိုစိတ်အစဉ်ပြတ်ခြင်းကြောင့် နိရောဓသမာပတ် ဝင်စားသည် မည်လေတော့၏။

(၈၁) သမာပတ်မှ ထသောအခါ၌ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်စိတ်, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တ ဖိုလ်စိတ်တကြိမ်ဖြစ်၍ ဘဝင်ကျ၏။ ထိုနောက် ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏။

ဤကား သမာပတ္တိဘေဒတည်း။

---

၂ ယောက်သာဝင်စားနိုင်၏။ ထို ၂ ယောက်သည်လည်း သုက္ခဝိပဿကမဟုတ်၊ သမာပတ်ရှစ်ပါးရပြီးသောအနာဂါမ်, ရဟန္တာ တို့သာလျှင် နိရောဓသမာပတ်ဝင်စားနိုင်၏မှတ်။

ထိုအနာဂါမ်, ရဟန္တာတို့၏ ဈာန်သမာဓိသည်ကား အလွန်အားကောင်း၍ ပြည့်စုံပြီးဖြစ်သောကြောင့် ဝင်စားနိုင်သည်။ သောတာပန်, သကဒါဂါမ်တို့၏ သမာဓိကား မပြည့်စုံ၍ မဝင်စားနိုင်ဟုမှတ်။

## နိရောဓသမာပတ်ဝင်စားပုံ

**အဓိပ္ပာယ်** ဘာရဟာဝေ ပဉ္စက္ခန္ဓာ "ခန္ဓာငါးပါးတို့သည်
(၇၉-၈၁) ဝန်လေးလှကုန်၏" ဟုငြီးငွေ့သဖြင့်မျက်မှောက်သောကိုယ်၏အဖြစ်၌ နိဗ္ဗာန်၏အရသာ၊ (ဝါ) ချုပ်ငြိမ်းခြင်း၏အရသာကိုခံစားလိုသော အနာဂါမ်, ရဟန္တာ

သို့သည်ဆွမ်းစားပြီး၍လက်ခြေကိုဆေးကြောပြီးကာဆိတ်ငြိမ်ရာ အရပ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် နိုရောဓသမာပတ်ကို ရှေ့ရှုသတိကိုဖြစ်စေ၍ ပထမစျာန်ကိုဝင်စားရ၏၊ ပထမစျာန်မှထပြီးကာ ပထမစျာန်၌ဖြစ်သော စိတ်, စေတသိက်, သင်္ခါရတရားတို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု မယုတ်မလွန်သောဝိပဿနာဉာဏ်ဖြင့် ရှုအပ်ကုန်၏။ ထိုအတူ ဒုတိယ,တတိယ,စတုတ္ထစျာန် (ပဥ္စကနည်းဖြင့်) ပဥ္စမစျာန်၊ အာကာသစျာန်၊ ဝိညာဏစျာန်တို့ကို ဝင်စား၍ ၎င်းစျာန် ထပြီးသောအခါ သင်္ခါရတရားတို့ကို ရှုအပ်ကုန်၏။

ထိုနောက် အာကိဉ္စညာယတနစျာန်ကိုဝင်စားပြီး၍ထသောအခါ ဝိပဿနာမရှုတော့ပဲ—

(၁) နာနာဗဒ္ဓအဝိကောပန–ကိုယ်နှင့်မစပ် သီးခြားထားအပ်သော သင်္ကန်း စသော ပရိက္ခရာ, ကျောင်းစသည်တို့ကို မပျက်စီးပါစေလင့် ဟု အဓိဋ္ဌာန်ခြင်း။

(၂) သံဃပဋိမာနန သံဃာက တောင့်တသောအခါ ထနိုင်စေရန် အဓိဋ္ဌာန်ခြင်း။

(၃) သတ္ထုပက္ကောသန ဘုရား ခေါ် တော်မူသောအခါ ထနိုင်စေရန် အဓိဋ္ဌာန်ခြင်း။

(၄) အဒ္ဓါနပရိစ္ဆေဒ ကာလအပိုင်းအခြားကို အဓိဋ္ဌာန်ခြင်း။

(လူ့ပြည်,နတ်ပြည်၌ ၇ ရက်၊ ဗြဟ္မာပြည်၌ အလိုရှိသလောက် အချိန်အပိုင်းအခြားသည် အသက်တည်နိုင်သည်။)

ဤပုဗ္ဗကိစ္စ ၄ ပါးတို့ကိုပြုပြီးနောက် နေဝသညာနာသညာ ယတနစျာန်ကိုဝင်စားရ၏၊ ၎င်းစျာန်စိတ် ၂ ကြိမ်ဖြစ်ပြီးနောက် စိတ်,စေတသိက်,စိတ္တဇရုပ် (သင်္ခါရ ၃ ပါး) တို့ ချုပ်ကုန်၏။ ဤသို့ သင်္ခါရ ၃ ပါးတို့၏ချုပ်ခြင်းကို "နိရောဓသမာပတ် ဝင်စားသည်" ဟု ခေါ်ဆို၏။

နိရောဓသမာပတ်မှထသောအခါ၌ကား ပိုင်းခြားထားသော အချိန်၊ (ဥပမာ ဤလူ့ပြည်၌ ထမင်းအသက် ၇ ရက်ဖြစ်၍၊ ၇ ရက်ဝင်စားမည်ဟု ပိုင်းခြားထားအံ့၊ ထို ၇ ရက်အချိန်( လွန်လျှင် အနာဂါမ်ဖြစ်အံ့, အနာဂါမိဖိုလ်ဇော၊ ရဟန္တာ ဖြစ်အံ့, အရဟတ္တဖိုလ်ဇော တကြိမ်ဖြစ်၍ဘဝင်ကျ၏။ ထိုနောက် ပစ္စဝေက္ခဏာဉာဏ်ဖြစ်လေသည်။ ဤကား နိရောဓသမာပတ် ဝင်စားပုံနှင့် ထိုနိရောဓသမာပတ်မှထပုံတည်း။

သမာပတ္တိဘေဒပြီး၏။

## တိုက်တွန်းနှိုးဆော်ခြင်း

• ဦးယျောဇဉ်

ဘုရားရှင်၏သာသနာတော်၌ ပဋိပတ်၏အရသာ
သာယာဖွယ် ချန်မင်ဖိုလ်ချမ်းသာကို လိုလား
တောင့်တသောအမျိုးကောင်းသားသည်ဤပြခဲ့
ပြီးကျင့်စဉ်ဖြင့် မှန်မြတ်သော သမထဘာဝနာ,
ဝိပဿနာဘာဝနာ ၂ ပါးကိုပွားများအားထုတ်
အပ်ပါသတည်း။

## ကမ္မဋ္ဌာန်းပိုင်းအဆုံးသတ်ပြီးပြီ။

◈◈

သုခိ အတ္တာနံ ပရိဟရန္တု။
၁၃၁၈ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်၊
(၁–၆–၅၆)နေ့တွင် ပြီးပါသည်။

ရှေးဦးသင်အဘိဓမ္မာနှင့် တွဲဖက်လေ့လာရန်
အဘိဓမ္မာ ကျမ်းစာ များ

၀၀၀

၁။ နှစ်ဖက်လှ သင်္ဂြိုဟ်မြန်မာပြန်

၂။ အဘိဓမ္မာသင်္ဂြိုဟ်အဖွင့် (ပထမတွဲ)
မဟာဝိဇ္ဇာ ဦးမြင့်ဆွေ

၃။ အဘိဓမ္မာသင်္ဂြိုဟ်အဖွင့် (ဒုတိယတွဲ)
မဟာဝိဇ္ဇာ ဦးမြင့်ဆွေ

၄။ လယ်တီပရမတ္ထဒီပနီမည်သော
သင်္ဂြိုဟ်မဟာဋီကာမြန်မာပြန် (ပထမတွဲ)
ပါဠိဆရာ ဦးအောင်တင် ပြုစုသည်။

တဦးချင်း မှာပီပီ ပို့ပါသည်၊ ကိုယ်စားလှယ်များ မှာပါ။

ပညာအလင်းပြစာဖြန့်၊
၁၃၀၊ ဗိုလ်ချုပ်လမ်း၊ ၄၈ လမ်းထိပ်၊ ရန်ကုန်မြို့။
(ပုဇွန်တောင်စာတိုက်)